# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက် | ၂၀၁၉ ခုနှစ်၊ မတ် ၂၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၈)၊ အမှတ် (၁၈၂)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အဖွဲ့ ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် ဖျော်ဖြေတင်ဆက်သည့် ယဉ်ကျေးမှုသရုပ်ပြဝန်ထမ်းများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၊ ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ထားရှိမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၂၀**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် နေပြည်တော်မှထွက်ခွာခဲ့ပြီး ရန်ကုန်မြို့သို့ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတသည် ရွှေတိဂုံစေတီတော်သို့ရောက်ရှိပြီး ပတ္တမြားမျက်ရှင်ဘုရားအား ရွှေကြာသင်္ကန်းကပ်လှူကာ စေတီတော်အထွတ်ရှိ စိန်ဖူးတော်အား တက်ရောက်ဖူးမြော်ကြည်ညိုသည်။

နိုင်ငံတော်သမ္မတသည် သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ဖွဲ့စည်းတည်ရှိမှုနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❑

**ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ၊ အများပြည်သူများ ယခုထက် ပိုမိုလာရောက်စေရန် သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ထားရမည်ဖြစ်၊ သန့်ရှင်းသာယာလှပလာပါက ဧည့်သည်များ ပိုမိုလာရောက်ကြမည်ဖြစ်သည့်အတွက် ဝင်ငွေပိုမိုတိုးတက်လာမည်ဖြစ်**




မြန်မာ့အလင်း

# စည်ပင်ရွေးကောက်ပွဲ မဲပေးကြရေးနှင့် ဒီမိုကရေစီအလေ့

သည်နေ့ ရန်ကုန်မြို့၏ စည်ပင်သာယာရွေးကောက်ပွဲများ မဲပေးရမည်ဖြစ်၏။ ရန်ကုန်မြို့သူ မြို့သားများအတွက် အရေးပါသော ရွေးချယ်ပွဲတစ်ခု ဖြစ်ပါသည်။ ရန်ကုန်မြို့ စည်ပင်သာယာသည် မြို့သူမြို့သားများအကြားတွင် နာမည်ကောင်းမရ ဖြစ်နေသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ ခေတ်အဆက်ဆက် မြို့တော်ဝန်အသီးသီး၏ လက်အောက်တွင် မြို့တွင်းလမ်းမများသည်ပင် ချိုင့်ခွက်ကင်းအောင် တစ်ရံတစ်ဆစ်မျှ မပြင်ဆင်နိုင်ခဲ့ဘူးဟု ဆိုလျှင်မမှားပါ။ သည်လိုအနေအထားမှာ ယနေ့ပြည်သူ့အစိုးရလက်ထက်ရောက်မှ အတော်အသင့် ပြုပြင်ပြောင်းလဲမှုများ စတင်တွေ့မြင်လာကြသည်ကို ဝန်ခံရပါမည်။

ယင်းအပြောင်းအလဲများဆိုသည်ပင် မြို့လူထုအတွက် မလုံလောက်သေးဘူးဆိုသည်ကို ပြည်သူ့ဝေဖန်မှုအသံများကို နားထောင်လျှင် သိနိုင်ပါသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာ၏ အခြေခံပြဿနာများစွာထဲက တစ်ခုမှာ ပြည်သူလူထုရွေးချယ်သည့် ပြည်သူ့ကိုယ်စားလှယ်များ လိုအပ်နေခြင်းဖြစ်ပါသည်။

ယနေ့ ထို ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်ခွင့်စတင်ရရှိလာပြီ။ စတင်ပြောင်းလဲခြင်းဖြစ်သည့်အတွက် ပြည်သူလူထုမျှော်မှန်းသည့် ထိပ်တန်းပြုပြင်မှုများ ရုတ်ချည်းပေါ်ပေါက်လာဖို့ မလွယ်လှသော်လည်း အစကောင်းတစ်ရပ် ပေါ်ပေါက်နိုင်ရေးအတွက် ပြည်သူလူထုက အားကိုးရမည့် ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်ပေးကြရန် လိုသည်ကားအမှန်ပင်ဖြစ်ပါ၏။

ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်ခွင့်၊ မိမိ ရွေးချယ်ထားသူများကို မိမိ၏ သဘောဆန္ဒအတိုင်း ဖြစ် မဖြစ် ဝေဖန်ထောက်ပြနိုင်ခြင်းဆိုသည်က ဒီမိုကရေစီ အလေ့အကျင့်ဖြစ်ပါသည်။

မြန်မာပြည်သူလူထုသည် ၁၉၆၂ တော်လှန်ရေးကောင်စီက အာဏာသိမ်းလိုက်ချိန်ကစပြီး ဒီမိုကရေစီနှင့် ဝေးကွာခဲ့ရ၏။ ဒီမိုကရေစီ တဖြည်းဖြည်းချင်း ဆိတ်သုဉ်းသွားခဲ့ရသည့် ရလဒ်အဖြစ် နိုင်ငံတိုးတက်ဖွံ့ဖြိုးမှု ရပ်တန့်သွားခဲ့၏။

ဒီမိုကရေစီ ညှိုးချုံးလာသည့်အခါ အထက်အောက် ဝေဖန်ပြောဆိုခြင်း၊ တည့်မတ်ထောက်ပြခြင်း အလေ့အထတို့ တစ်စ တစ်စ ပျောက်ကွယ်သွားခဲ့ရသည်။ အာဏာရှင်တစ်ဦး၏ လမ်းညွှန်မှုနှင့် အဆုံးအဖြတ်အောက်တွင် မှားမှားမှန်မှန် လျှောက်ပေရော့၊ ပြေးပေရော့ ဆိုသည့်အခါ ကြာလေအမှန်ဆိုသည်နှင့် ကင်းဝေးလာလေ ဖြစ်တော့သည်။ အမှားတွင်းထဲသို့ ဆင်းရင်း မှားပြီးရင်းမှားရင်း ဖြစ်လာခဲ့ရာမှသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသည့် နယ်ပယ်အားလုံးလိုလိုတွင် တိုးတက်မှုတုံ့ဆိုင်းသွားခဲ့ရ၏။ နိုင်ငံတကာရင်ပြင်တွင် အောက်တန်းနောက်တန်းသို့ ရောက်သွားခဲ့ရ၏။ ရှေ့တန်းက ပြေးနေခဲ့သော မြန်မာ့ပညာရေးစနစ်မှာ နောက်တန်းသို့ ရောက်သွားခဲ့ရ၏။ အာရှနိုင်ငံများကြားမှာ ရင်ပေါင်တန်းခဲ့ရုံမက ထိပ်တန်းမှာနေခဲ့သည့် အားကစားကဏ္ဍကအစ ကြုံလှီသွားခဲ့ရ၏။

ဤသည်တို့က ထင်ရှားမြင်သာသော ဥပမာအနည်းငယ်မျှကို အမှန်အတိုင်း ရှုမြင်သုံးသပ်ကြည့်ခြင်းမျှသာ။ ထိုအတိတ်ကာလများက လက်တွေ့ဘဝများကိုကြည့်လျှင် များပြားလှသော အမှားအယွင်းများ၊ ဆုံးရှုံးမှုများ၊ အရာရာ ဘိတ်ဆုံးဖြစ်ခဲ့ရမှုများကို မလွဲမသွေ တွေ့ရမည်ဖြစ်ပါ၏။

ယနေ့ ဒီမိုကရေစီအပြောင်းအလဲများ စတင်လာနေပြီ။ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်လာကာ လျှောက်လှမ်းနေကြပြီ။ ဒီမိုကရေစီ အုတ်မြစ်ခိုင်မာရေး ဆက်လက်တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် အားစိုက်ရုန်းကန်ကြရပေဦးမည်။

ဒီမိုကရေစီသည် စနစ်နှင့် အလေ့အကျင့်ဖြစ်၏။ ပြည်သူလူထုအင်အားဖြင့် ဒီမိုကရေစီအလေ့အကျင့်ကို အသားကျအောင် ဆောင်ရွက်ကြရန်လိုပါမည်။ ဒီမိုကရေစီအလေ့အကျင့်ကို ခိုင်မာအောင် ဆောင်ရွက်ခြင်းက ဒီမိုကရေစီအုတ်မြစ်ကို ခိုင်မာအောင်လုပ်ခြင်းဖြစ်၏။

ဒီမိုကရေစီအလေ့အကျင့်များစွာထဲက အရေးပါသော အားသာသောကျင့်စဉ်တစ်ခုမှာ ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်ခွင့် ဖြစ်ပါသည်။ ရန်ကုန်မြို့တော် အမှန်တကယ် စည်ပင်သာယာရေးနှင့် မြို့သူမြို့သားများ၏ အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်သူများကို တာဝန်ပေးအပ်နိုင်ရေးသာမက ဒီမိုကရေစီ အုတ်မြစ်ခိုင်မာရေးကို တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းထောက်ပံ့ပေးသည့်စိတ်ဓာတ်ဖြင့် မဲရုံများဆီသို့ မပျက်မကွက်သွားရောက် မဲပေးကြပါရန် တိုက်တွန်းနှိုးဆော်ရပါကြောင်း . . .။ ။

သင့်ကြောင့် ယာဉ်အန္တရာယ်မဖြစ်ပါစေနှင့်၊

SAT

ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးရက်သတ္တပတ်လှုပ်ရှားမှု

၂၀၁၉ခုနှစ် ဧပြီလ(၂)ရက်နေ့မှ (၆)ရက်နေ့အထိ

မြန်မာနိုင်ငံယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့(MORS)

## ကလေးမြို့အခြေစိုက် အဝေးပြေးယာဉ်လိုင်းများကို ယာဉ်မထွက်ခွာမီ နေ့စဉ်စစ်ဆေးကြပ်မတ်

**ကလေး မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့အခြေစိုက် အဝေးပြေးမော်တော်ယာဉ်အသင်းများက ယာဉ်များ အန္တရာယ်မဖြစ်ပွားစေရေးအတွက် အဝေးပြေးယာဉ်လိုင်းများအားလုံးကို မြို့နယ်မော်တော်ယာဉ်များစနစ်တကျပြေးဆွဲရေးကော်မတီနှင့် သက်ဆိုင်ရာ မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ယာဉ်မထွက်ခွာမီ နေ့စဉ်စစ်ဆေး ကြပ်မတ်မှုများကို မတ် ၂၀ ရက်မှ စတင်ပြုလုပ်နေပြီး မလိုက်နာမှုများတွေ့ရှိပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ကလေးမြို့နယ် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးကော်မတီမှ သိရသည်။

“ပြီးခဲ့တဲ့ မတ် ၅ ရက်က ကလေးမြို့အခြေစိုက် ကလေး-ရန်ကုန် အဝေးပြေးယာဉ်လိုင်းမှ Express ယာဉ်တိမ်းမှောက်မှုဖြစ်ပွားပြီး သေဆုံးသူနဲ့ ဒဏ်ရာရရှိသူ အများအပြားရှိခဲ့တဲ့နောက်ပိုင်း အဲဒီလိုဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေဖို့၊ ခရီးသွားပြည်သူတွေ အန္တရာယ်ကင်းရှင်းဖို့၊ ယာဉ်လိုင်းတွေ စည်းကမ်းရှိဖို့နဲ့ အဝေးပြေးယာဉ်လိုင်းတွေကို ယာဉ်မထွက်ခွာမီ စစ်ဆေးကြပ်မတ်ဖို့ တိုင်းဒေသကြီးကနေ ညွှန်ကြားချက်လာပါတယ်၊ ဒီလို စစ်ဆေးတဲ့နေရာမှာ အဓိကက ကလေး-ရန်ကုန် အဝေးပြေးယာဉ်လိုင်းအားလုံးမှာ သတ်မှတ်တဲ့ ယာဉ်မောင်းလိုင်စင်နဲ့ လုပ်ငန်းလိုင်စင် ရှိ မရှိ၊ ယာဉ်မောင်းသူနှစ်ဦးထားရှိခြင်း ရှိ မရှိ၊ ခရီးသည်တွေ အလွယ်တကူ ပတ်နိုင်တဲ့ ထိုင်ခုံခါးပတ် ရှိ မရှိနဲ့ ခါးပတ်ပတ်ထားမှုရှိ မရှိ၊ ယာဉ်မောင်း အရက်သေစာသောက်စားမှု ရှိ မရှိ စတာတွေကို စစ်ဆေးပါတယ်။ ဒါ့အပြင် ကားတစ်စီးရဲ့ကြံ့ခိုင်မှု၊ မီးသတ်ဆေးဘူးပါရှိမှု၊ ကားရဲ့ တာယာကောင်းမကောင်းတွေကအစ အသေးစိတ် စစ်ဆေးပါတယ်၊ ပြစ်ချက်တွေ့ရင် ယာဉ်မထွက်ခွာမီ ဆောင်ရွက်ခိုင်းပြီး သတိပေးတာတွေ၊ အရေးယူတာတွေ လုပ်ဆောင်သွားပါမယ်”ဟု ကလေးမြို့နယ် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောသည်။

လက်ရှိတွင် ကလေးမြို့မှ ရန်ကုန်မြို့သို့ ပြေးဆွဲနေသော အဝေးပြေးယာဉ်အသင်း ခြောက်သင်းရှိပြီး တစ်နေ့လျှင် ခုနစ်စီး ပြေးဆွဲလျက်ရှိကြောင်းနှင့် လက်ရှိ အချိန်တွင် ခရီးသွားပြည်သူများ အန္တရာယ်ကင်းစေရန် ယာဉ်မထွက်ခွာမီ ကြပ်မတ်စစ်ဆေးခြင်းကို နေ့စဉ်လုပ်ဆောင်နေကြောင်း သိရသည်။ **ချင်းတွင်းသား**

## ကျိုက်မရောအတွင်း ရေကြီးနစ်မြုပ်၍ ပျက်စီးသွားသောလယ်ဧက ၄၅၆၅ အတွက် ထောက်ပံ့



ပျက်စီးသွားသော လယ်ဧကများအတွက် ထောက်ပံ့ကြေးပေးအပ်စဉ်။

**ကျိုက်မရော မတ် ၃၀**

၂၀၁၈-၂၀၁၉ ခုနှစ် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော မိုးစပါး ၄၅၆၅ ဧကနှင့် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ရော်ဘာ ၁၁ ဧကကို ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ငွေပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင်က အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦးက ကျိုက်မရောမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော မိုးစပါး ၄၅၆၅ ဧကနှင့် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ရော်ဘာ ၁၁ ဧကကို ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေမှ ကျပ်သိန်း ၁၅၀ ကို သက်ဆိုင်ရာတောင်သူများထံ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ထောက်ပံ့ငွေများ တစ်ဦးချင်း ပေးအပ်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ကိုမင်းထံမှ သိရသည်။ **ချိုမြတ်မြတ်ထွေး (ကျိုက်မရော)**

## စားသုံးသူအခွင့်အရေးနှင့် နစ်နာဆုံးရှုံးမှုများ တိုင်ကြားနိုင်ရန် ကန့်ဘလူခရိုင်အတွင်း စာတိုက်ပုံးများထားရှိ

**ကန့်ဘလူ မတ် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူပြည်သူများ ဝယ်ယူအသုံးပြုသော စားသောက်ကုန်များ၊ အလှကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ နစ်နာဆုံးရှုံးမှုများနှင့် စားသုံးသူအခွင့်အရေးများ နစ်နာဆုံးရှုံးလာပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (Consumer Information and Complaint Centre -CICC) သို့ တိုင်ကြားရန် တိုင်ကြားစာများ၊ အကြံပြုစာများ ထည့်သွင်းနိုင်ရန် စာတိုက်ပုံးကို မတ် ၂၈ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ထားရှိရန်ပေးအပ်သည်။

စားသုံးသူအခွင့်အရေးနှင့် နစ်နာဆုံးရှုံးမှုများကို တိုင်ကြားနိုင်ပြီး တိုင်ကြားစာများတွင် မိမိတိုင်ကြားလိုသော လုပ်ငန်းနှင့် လုပ်ငန်းရှင်အမည်၊ နေရပ်လိပ်စာများ ထည့်သွင်းရေးသားဖော်ပြရန် လိုအပ်ကြောင်း၊ တိုင်ကြားသူ၏ အမည်၊ နေရပ်လိပ်စာများကို ထည့်သွင်းရေးသားနိုင်သလို မထည့်လိုလျှင်လည်း တာဝန်သိပြည်သူတစ်ဦးဟု ရေးသားဖော်ပြ၍ တိုင်ကြားနိုင်ကြောင်း၊ စားသုံးသူရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အကြံပြုစာများ ထည့်နိုင်ကြောင်းနှင့် တိုင်ကြားစာများကို တစ်ပတ်တစ်ခါ ဖွင့်ဖောက်စိစစ်၍ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဖြင့် ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးသန်းပိုက ပြောသည်။

အဆိုပါ တိုင်ကြားစာများ၊ အကြံပြုစာများ ထည့်နိုင်ရန် ကန့်ဘလူမြို့နယ်တွင် သုံးခု(ခရိုင်စုပေါင်းရုံး၊ ခရိုင်ပြန်/ဆက်ရုံး၊ အမှတ်(၅) ရပ်ကွက်တို့တွင်လည်းကောင်း၊ ကျွန်းလှမြို့နယ်တွင် ကျေးရွာများ၊ မြို့ပေါ်ရပ်ကွက်များနှင့် စည်ပင်ဈေးများတွင် စုစုပေါင်း ၁၀ခုထားရှိကြောင်း သိရသည်။




ကန့်ဘလူခရိုင်ရုံး၌ ထားရှိသည့် တိုင်ကြားနိုင်သော စာတိုက်ပုံး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ လုံခြုံစိတ်ချ ရမှုရှိစေရန်၊ စားသုံးသူအခွင့်အရေးနှင့်စားသုံးသူ အကျိုးစီးပွားကာကွယ်ရေး ဆောင်ရွက်ရန်၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးဆောင်ရွက်ရန် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အရည်အသွေး၊ စီမံခန့်ခွဲရေးနှင့် သုတေသနဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းချက်တာဝန်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

## မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး မတ် ၃၀**

အပူချိန်ပိုမိုမြင့်တက်လာမည့် ယခုနှစ်တွင် မီးသတိမူရေးသည် အရေးကြီးလာပြီဖြစ်၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်း၊ သတိပေးပိုစတာကပ်ခြင်းများကို ယမန်နေ့က မန္တလေး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက် အိမ်တော်ရာအရန်မီးသတ်စခန်းက ဆောင်ရွက်ကြသည်။

ထို့နောက် တပ်ခွဲမှူးအေးကို ဦးဆောင်၍ ဒုတပ်ခွဲမှူး မြင့်အောင်နှင့် တပ်ဖွဲ့ဝင်များသည် ရပ်ကွက်အတွင်း စားသောက်ဆိုင် မီးသုံးစွဲမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ မီးသတိပေးကြော်ငြာပိုစတာများကို ရပ်ကွက်အတွင်း ထင်သာ၊ မြင်သာသောနေရာများ၌ ကပ်ခြင်း၊ မီးဘေး စိုးရိမ်ရသောအကွက် ၂၄၇ ဝင်းကြားလမ်းများ၊ အရေးပေါ် မီးသတ်ကား ဝင်ထွက်နိုင်မှု၊ ရေအလွယ်တကူ ရရှိနိုင်မှုများ ကြည့်ရှုစစ်ဆေးခြင်း၊ တစ်အိမ်တက်ဆင်းမီးစစ်ဆေးခြင်း၊ ပညာပေးဟောပြောခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **ထွဏ်းလှအောင် (မန္တလေး)**

## ပြုပြင်ပြောင်းလဲရေးဟာ ရန်သူမဟုတ်၊ မိတ်ဆွေကောင်းတစ်ဦးသာဖြစ်

**မိမိတို့နိုင်ငံဟာ ခေတ်ဟောင်းစနစ်ဟောင်းကနေ ခေတ်သစ်စနစ်သစ် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလကို စတင်ပြီး ခြေလှမ်းနေကြတာဖြစ်ပါတယ်။ တချို့က ပြုပြင်ပြောင်းလဲရေးအတွက် စိုးရိမ်တာတွေ ရှိပါတယ်။ ပြုပြင်ပြောင်းလဲရေးဟာ ရန်သူမဟုတ်ပါဘူး။ မိတ်ဆွေကောင်းတစ်ဦး ဖြစ်ပါတယ်။ မိမိတို့နိုင်ငံနဲ့ နိုင်ငံသူနိုင်ငံသားများအတွက် အခွင့်အခါကောင်း၊ အခွင့်အလမ်းကောင်းဖြစ်တာကို ဌာနဆိုင်ရာအသီးသီးက သိရှိစေလိုပါတယ်။**

(၂၁-၂-၂၀၁၉ ရက်နေ့တွင် ဟားခါးမြို့၌ပြုလုပ်သည့် ချင်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## တစ်ယောက်နဲ့တစ်ယောက် နားလည်ဖို့၊ လေးစားဖို့ အရေးကြီး

**ကျွန်မတို့အစိုးရဟာ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုကြီးကို ထူထောင်ချင်ပါတယ်လို့ ကျွန်မတို့ပြောပါတယ်။ ကျွန်မတို့နိုင်ငံနဲ့ အသင့်တော်ဆုံးဖြစ်မယ်လို့ ယူဆလို့ပဲဖြစ်ပါတယ်။ ဒီနိုင်ငံလို တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့၊ မတူကွဲပြားမှုတွေအပေါ်မှာ ညီညွတ်မှုကို တည်ဆောက်ရမယ့်နိုင်ငံအတွက်ဆိုရင် ကျွန်မတို့ဟာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိဖို့လိုတယ်။ တစ်ယောက်နဲ့တစ်ယောက် လေးစားဖို့ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။**

(၅-၂-၂၀၁၉ ရက်နေ့တွင် ရှမ်းပြည်နယ် တာချီလိတ်မြို့၌ပြုလုပ်သည့် တာချီလိတ်နှင့် မိုင်းယောင်းမြို့နယ်တို့မှ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

❑ *ရှေ့ဖုံးမှ*

လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့်အစီအမံများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

**တိုင်းရင်းသားများ၏ ဂုဏ်သိက္ခာဖြစ်**

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံသည် ပြည်ထောင်စုသမ္မတနိုင်ငံဖြစ်ပါကြောင်း၊ ပြည်ထောင်စုဆိုသည်မှာ တိုင်းရင်းသားလူမျိုးများအားလုံး စုပေါင်းပါဝင်မှသာ ပြည်ထောင်စုနိုင်ငံဖြစ်မည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ လာရောက်ကြသည့် ပြည်တွင်း၊ ပြည်ပဧည့်သည်များ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ အပန်းဖြေလေ့လာရာတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ တိုင်းရင်းသားအားလုံး၏ ရိုးရာယဉ်ကျေးမှု၊ အသုံးအဆောင်၊ ဓလေ့၊ ထုံးတမ်းအစဉ်အလာများကို ပကတိအနေအထားအတိုင်း တစ်စုတစ်စည်းတည်းလေ့လာနိုင်အောင် စနစ်တကျ ထိန်းသိမ်းပြသထားရန်လိုကြောင်း၊ ယင်းသို့ စနစ်တကျစုစည်းပြသထားခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို ပေါ်လွင်စေပါကြောင်း၊ မိမိတို့ တိုင်းရင်းသားများမှာ သမိုင်းအစဉ်အဆက်တွင် အေးအတူပူအမျှ အတူတကွနေထိုင်ခဲ့ကြသူများ ဖြစ်ပါကြောင်း၊ မိမိတို့ခံယူထားသည်မှာ တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှု၊ အသုံးအဆောင်၊ ဓလေ့၊ ထုံးတမ်းအစဉ်အလာများကို ဖွံ့ဖြိုးတိုးတက်အောင်၊ မပျောက်ပျက်အောင် ဆောင်ရွက်ပေးရန် မူဝါဒများရှိပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတွင် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ အသုံးအဆောင်၊ ဓလေ့၊ ထုံးတမ်းအစဉ်အလာများ စနစ်တကျရှိစေရန် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းပေးစေလိုကြောင်း၊ ယင်းမှာ မိမိနိုင်ငံ၊ မိမိတို့ တိုင်းရင်းသားများ၏ ဂုဏ်သိက္ခာဖြစ်ပါကြောင်း၊



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အဖွဲ့ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။ သတင်းစဉ်

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ ပြည်တွင်း၊ ပြည်ပဧည့်သည်များ၊ အများပြည်သူများ ယခုထက် ပိုမိုလာရောက်စေရန် သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ သန့်ရှင်းသာယာလှပလာပါက ဧည့်သည်များ ပိုမိုလာရောက်ကြမည်ဖြစ်သည့်အတွက် ဝင်ငွေပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် မိမိတို့နိုင်ငံ၏ ပြယုဂ်ဖြစ်ပါကြောင်း၊ အလားတူ မိမိတို့ ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အတူတကွ ချစ်ခင်စွာနေထိုင်ကြသည့် သင်္ကေတလည်း ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အလေးထားဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

**ဂုဏ်ပြုဆုငွေများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားကျေးရွာ ကပွဲခန်းမတွင် ယဉ်ကျေးမှုသရုပ်ပြ ဝန်ထမ်းများက ဖျော်ဖြေတင်ဆက်သည့် ရိုးရာယဉ်ကျေးမှု အကများအား ကြည့်ရှုကာ ဖျော်ဖြေတင်ဆက်ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများကိုပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် စက်မှုဝန်ကြီးဌာန ဆေးဝါးစက်ရုံ (အင်းစိန်)သို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က ဆေးဝါးစက်ရုံ(အင်းစိန်)နှင့် မြန်မာ့ဆေးဝါးလုပ်ငန်း ဆေးဝါးစက်ရုံများမှ ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဈေးကွက်တိုးတက်အောင် ဆောင်ရွက်**

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ဆေးဝါးထုတ်လုပ်မှုနှင့် အမြတ်ငွေတိုးတက်ရရှိမှုမှာ သုံးစွဲသူနှင့် ဈေးကွက်တိုးတက်လာသည့်အတွက် ဖြစ်ပါကြောင်း၊ သုံးစွဲသူများပြားလာသည်နှင့်အမျှ သုံးစွဲသူများ၏ အန္တရာယ်ကင်းရှင်းရေးအတွက် အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထုတ်လုပ်မှု၊ ထုပ်ပိုးမှုစနစ်ကောင်းမွန်စေရန်နှင့် ဆေးဝါးများ အရည်အသွေးမီပြီး ခေတ်မီရန်လိုအပ်ပါကြောင်း၊ အတုအပ မထုတ်လုပ်နိုင်အောင်လည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆေးဝါးထုတ်လုပ်မှုများနှင့် စပ်လျဉ်း၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင်ဆောင်ရွက်ပြီး ဈေးကွက်တိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြွေဆိပ်ဖြေဆေးကို ပြည်တွင်းလိုအပ်ချက်ပြည့်မီရုံသာမက ပြည်ပတင်ပို့မှုကိုလည်း ပိုမိုအောင်မြင်စေရန် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တိုင်းရင်းသားကျေးရွာ ကပွဲခန်းမတွင် ဖျော်ဖြေတင်ဆက်ကြသည့် ယဉ်ကျေးမှုသရုပ်ပြဝန်ထမ်းများအား ဂုဏ်ပြုဆုငွေ ပေးအပ်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

**စက်ရုံအတွင်းကြည့်ရှု**

ထို့နောက် နိုင်ငံတော်သမ္မတသည် မြွေဆိပ်ဖြေဆေး ထုတ်လုပ်မှု၊ ဆေးဝါးစက်ရုံ (အင်းစိန်)မှ အသစ်ထုတ်လုပ်ထားသည့် ဆေးဝါးများ၊ စက်မှုဝန်ကြီးဌာနမှထုတ်လုပ်သည့် လူနာတင်ယာဉ်၊ Snake Farm ၌ မြွေဆိပ်ထုတ်ယူမှု၊ ဆေးဝါးပစ္စည်း သိုလှောင်ရုံနှင့် စက်ရုံအတွင်း လိုက်လံကြည့်ရှုသည်။

**ရထားလမ်းအဆင့်မြှင့်တင်ခြင်း ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် အင်းစိန်ဘူတာသို့ရောက်ရှိပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့နှင့်အတူ RBE ရထားဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ခြင်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရန်ကုန်ဘူတာကြီးသို့ရောက်ရှိရာ ရန်ကုန်ဘူတာကြီး အစည်းအဝေးခန်းမ၌ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်က ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ရထားလမ်းနှင့်မလွတ်ကင်းသည့် ပျံကျဈေးသည်များအား စနစ်တကျနေရာချထားပေးမှုနှင့် ရန်ကုန်မြို့ပြ လူထုရထားပို့ဆောင်ရေးစီမံကိန်း (YUMRT) လေ့လာဆန်းစစ်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ဝင်ငွေတိုးတက်လာမည်**

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက မိမိတို့အနေဖြင့် ပြည်သူများ၏ သွားလာရေးအဆင်ပြေပြီး သက်သောင့်သက်သာဖြစ်စေလိုပါကြောင်း၊ သို့ဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့ပတ်ရထားလမ်းများဆောင်ရွက်ရာတွင် အချက်ပြစနစ်ကောင်းမွန်ရန်လိုအပ်ပါကြောင်း၊ ပြည်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းကူးတံတားများ ဆောင်ရွက်ရန်လိုပါကြောင်း၊ ရထားလမ်းနှင့် ကားလမ်းဆုံရာနေရာများတွင် ပြည်သူများ အန္တရာယ်ကင်းစေရေး၊ မြို့ပတ်ရထားလမ်းပတ်ဝန်းကျင်နှင့် လမ်းတစ်လျှောက် ဘူတာများ သန့်ရှင်းသပ်ရပ်ရေးအတွက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားစီးခရီးသည်များ တိုးတက်လာသည်နှင့်အမျှ ယာဉ်ကြောပိတ်ဆို့မှုကို လျှော့ချနိုင်ပြီး ဌာနအတွက်လည်း ဝင်ငွေတိုးတက်လာမည်ဖြစ်ပါကြောင်း မှာကြားသည်။

အဆိုပါ စီမံကိန်းကို ခရီးသည်များ သက်သောင့်သက်သာဖြင့် ရထားစီးနင်းနိုင်စေရန်၊ မြန်နှုန်းမြှင့်ပြေးဆွဲနိုင်စေရန်၊ ပြေးဆွဲချိန်လျော့နည်းစေရန်၊ ရထားအသုံးပြုသည့် ခရီးသွားသူများ ပိုမိုတိုးတက်လာစေရန်နှင့် ရန်ကုန်မြို့တွင် ယာဉ်ကြောကျပ်တည်းမှုကို တစ်ထောင့်တစ်နေရာမှ ဖြေရှင်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ ဆေးဝါးပစ္စည်း သိုလှောင်ရုံအတွင်း ကြည့်ရှုစဉ်။ သတင်းစဉ်

- **ဆေးဝါးထုတ်လုပ်မှုများနှင့် စပ်လျဉ်း၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင်ဆောင်ရွက်ပြီး ဈေးကွက်တိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်၊ မြွေဆိပ်ဖြေဆေးကို ပြည်တွင်းလိုအပ်ချက်ပြည့်မီရုံသာမက ပြည်ပတင်ပို့မှုကိုလည်း ပိုမိုအောင်မြင်စေရန် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်**
- **မြို့ပတ်ရထားလမ်းများဆောင်ရွက်ရာတွင် အချက်ပြစနစ်ကောင်းမွန်ရန်လိုအပ်၊ ပြည်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းကူးတံတားများ ဆောင်ရွက်ရန်လို၊ ရထားလမ်းနှင့် ကားလမ်းဆုံရာနေရာများတွင် ပြည်သူများ အန္တရာယ်ကင်းစေရေး၊ မြို့ပတ်ရထားလမ်းပတ်ဝန်းကျင်နှင့် လမ်းတစ်လျှောက် ဘူတာများ သန့်ရှင်းသပ်ရပ်ရေးအတွက် ဆောင်ရွက်သွားရန်လို၊ ရထားစီးခရီးသည်များ တိုးတက်လာသည်နှင့်အမျှ ယာဉ်ကြောပိတ်ဆို့မှုကို လျှော့ချနိုင်ပြီး ဌာနအတွက်လည်း ဝင်ငွေတိုးတက်လာမည်ဖြစ်**

# ကမာရွတ်မြို့နယ်အတွင်း၌ မော်တော်ယာဉ်များရပ်နားရန် အဆင့်မြင့်ကားပါကင်တစ်ခု တည်ဆောက်သွားမည်

**ရန်ကုန် မတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အတွင်း၌ မော်တော်ယာဉ်များ ရပ်နားရန် အဆင့်မြင့် ကားပါကင်တစ်ခု တည်ဆောက်သွားမည် ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။



အဆင့်မြင့်ကားပါကင်တည်ဆောက်မည့် မြေနေရာကို တွေ့ရစဉ်။

အဆိုပါ အဆင့်မြင့်ကားပါကင် တည်ဆောက်ရန်အတွက် ကမာရွတ်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးနေရာကို ရွေးချယ်ထားပြီး အထပ်ရှစ်ထပ် ပါဝင်သော ရုံးခန်းများအပြင် မြို့နယ်အတွင်း အများပြည်သူနှင့် သက်ဆိုင်သောကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးပွဲခန်း၊ ဟောပြောပွဲခန်းမ စသည့်ဘက်စုံသုံး အခန်းများ ပါဝင်မည်ဖြစ်သည်။

ထိုသို့ ဆောက်လုပ်မည့် အထပ်ရှစ်ထပ်ပါဝင်သော အဆောက်အအုံတစ်လုံးအပြင် မော်တော်ယာဉ် ရာနှင့်ချီရပ်နားနိုင်သော အထပ်မြင့် နိုင်ငံတကာအဆင့်မီ ကားပါကင်ကိုလည်း ထည့်သွင်းတည်ဆောက်မည်ဖြစ်သည်။ အဆိုပါ ရှစ်ထပ်အဆောက်အအုံနှင့် ကားပါကင် အဆောက်အအုံတို့၏ အပေါ်ဆုံးထပ်တွင် ပြည်သူများ အပန်းဖြေအနားယူနိုင်ရေးအတွက် ပန်းခြံတစ်ခုကိုလည်း ထည့်သွင်း တည်ဆောက်သွားမည်ဖြစ်သည်။

မြို့နယ်နေပြည်သူများ အသုံးပြုနိုင်ရေးအတွက် အဆင့်မြင့်ပန်းခြံနှင့် Mechanical Car Parking တည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို မတ် ၂၄ ရက်က အဆိုပါနေရာတွင် ကျင်းပခဲ့ကြောင်း သိရသည်။ ယခုအခါ အဆိုပါနေရာတွင် မြေပြင်တိုင်းတာခြင်းများ၊ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းတည်ဆောက်ရေး လုပ်ငန်းများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အဦ)မှ တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**လင်းညွန့်၊ ဓာတ်ပုံ - ပေါ်ဦး**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် မတ် ၃၀**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဧလ**

# ကမ်းလွန်ပင်လယ်ပြင်အခြေစိုက် ရေကြောင်းပြအဆောက်အအုံ ဖွင့်လှစ်ခြင်းနှင့် လွှဲပြောင်းလက်ခံခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၃၀**

ရန်ကုန်မြစ်ဝမှ ရေမိုင် ၂၀ ခန့် ကွာဝေးသည့်နေရာတွင် တည်ဆောက်ခဲ့သည့် ကမ်းလွန်ပင်လယ်ပြင်အခြေစိုက် ရေကြောင်းပြအဆောက်အအုံ ဖွင့်လှစ်ခြင်းနှင့် လွှဲပြောင်းလက်ခံခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာ ဟိုတယ်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က စီးပွားရေးပြုပြင်ပြောင်းလဲမှု ဖော်ဆောင်နေသည့် နိုင်ငံတိုင်းတွင် အခြေခံအဆောက်အအုံ လိုအပ်ချက်များရှိကြောင်း၊ အဆိုပါအခြေခံအဆောက်အအုံများအနက် လမ်း/တံတားများနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍများတွင် အမာထည်အဆောက်အအုံများ ပိုမိုကောင်းမွန်အောင် တည်ဆောက်အကောင်အထည်ဖော်ပေးရန် လိုအပ်ကြောင်း၊ ယခုတည်ဆောက်ပြီးစီးသည့် ရေကြောင်းပြအဆောက်အအုံသည်လည်း နိုင်ငံတော်အဆင့် အမာထည်အခြေခံအဆောက်အအုံများတွင်ပါဝင်ပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပင်လယ်ပြင်အခြေစိုက် ရေကြောင်းပြအဆောက်အအုံ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းအရည်အသွေးပြည့်ပြည့်ဝဝဖြင့် ပြီးမြောက်အောင်မြင်အောင် တည်ဆောက်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်အနေဖြင့် ဂုဏ်ယူပါကြောင်းနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် China Harbour Engineering Co., Ltd. တို့အားလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန် က ရန်ကုန်ရေကြောင်းပြအဆောက်အအုံစီမံကိန်းသည် မြန်မာနှင့် တရုတ်နှစ်နိုင်ငံအကြား တစ်ဇုန်တစ်လမ်းပူးပေါင်းဆောင်ရွက်မှု၏ စံပြလုပ်ဆောင်မှု တစ်ခုလည်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံပြည်သူတို့အတူ ဝီရိယနှင့် ကြိုးစားအားထုတ်မှုဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများမှာ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာ့ရေကြောင်းကဏ္ဍတွင် တိုးတက်ပြောင်းလဲမှု တစ်ခုဖြစ်သည့် ကမ်းလွန်ပင်လယ်ပြင် အခြေစိုက်ရေကြောင်းပြအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံတကာမှ တင်ဒါခေါ်ယူခဲ့ပြီး တင်ဒါအောင်မြင်ခဲ့သည့် China Harbour Engineering Co., Ltd က ၂၀၁၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် စီမံကိန်းလုပ်ငန်းများ ပြီးစီးခဲ့ကြောင်း သိရသည်။



ကမ်းလွန်ပင်လယ်ပြင်အခြေစိုက် ရေကြောင်းပြ အဆောက်အအုံကို တွေ့ရစဉ်။

အဆိုပါတည်ဆောက်ရေးစီမံကိန်းတွင် အလျား ၃၃ ဒသမ ၂ မီတာနှင့် အန် ၃၀ ဒသမ ၄ မီတာ အရွယ်အစားရှိ သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံတစ်ခု၊ ရေယာဉ်အရွယ်အစား ဂျီအာတီ ၁၅၀၀ အထိ ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတားတစ်စင်း၊ မီးစက်၊ ရေသန့်စင်စက်၊ ရေဆိုးသန့်စင်စက်၊ ရေကြောင်းဆက်သွယ်ရေးဆိုင်ရာ ကိရိယာများ၊ ရေဒါနှင့် ပိုင်းလော့ဘုတ်သုံးစင်းတို့ ပါဝင်ပြီး စီမံကိန်းစုစုပေါင်းမှာ အမေရိကန် ဒေါ်လာ ၂၀ ဒသမ ၉ သန်းဖြစ်ကြောင်း သိရသည်။ သုံးထပ်အဆောက်အအုံတွင် ရေယာဉ်မှူးများ၊ ရေကြောင်းပြမှူးကြီးများနှင့် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ နေထိုင်ရန် အိပ်ခန်းများ၊ ဘုရားခန်း၊ မီးဖိုခန်း၊ ထမင်းစားခန်း၊ အားကစားခန်း၊ စတိုခန်း၊ ရေချိုးခန်း၊ သန့်စင်ခန်းများ အစရှိသည်တို့ အပြည့်အစုံပါဝင်ပြီး ဝန်ထမ်း ၃၆ ဦး နေထိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြစ်အတွင်းသို့ လက်ရှိတစ်လလျှင် သင်္ဘောအစင်းရေ ၆၀၀ ခန့် အဝင်အထွက်ရှိပြီး တစ်နေ့လျှင် သင်္ဘောအစင်းရေ ပျမ်းမျှအစင်း ၂၀ ခန့်ရှိကြောင်း သိရသည်။ ရေယာဉ်များ ဝင်ထွက်မောင်းနှင်နိုင်ရေးအတွက် ပိုင်းလော့စတေရှင်တွင် ရေကြောင်းပြမှူးကြီးများ တာဝန်ချထားမှုနှင့် ပတ်သက်၍ ပိုင်းလော့စတေရှင်ကွန်မန်ဒါဖြစ်သူ ကပ္ပတိန် ညွန့်ဝင်းက "ပထမသင်္ဘောတွေမှာတော့ ပိုင်းလော့က ၁၁ ယောက်လောက်ပဲနေလို့ ရတယ်။ အခုဒီပိုင်းလော့စတေရှင်မှာတော့ အနိမ့်ဆုံး ၁၈ ယောက်ရတယ်။ ၁၈ ယောက်ကို လိုအပ်ရင် လိုအပ်သလိုဆိုတော့ ကျွန်တော်တို့ အယောက် ၄၀ ကျော်လောက်နေနိုင်အောင် စီမံထားပါတယ်" ဟု ပြောကြားသည်။

ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ထွက်ဆိုက်ကပ်လျက်ရှိသော ပင်လယ်ကူး သင်္ဘောများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရေကြောင်းပြလုပ်ငန်းများ နေ့စဉ်ဝန်ဆောင်မှုပေးလျက်ရှိရာ ယခုအခါ ပင်လယ်ပြင်အခြေစိုက် ရေကြောင်းပြ အဆောက်အအုံကို အသုံးပြုကာ ဆောင်ရွက်ပေးနိုင်ပြီဖြစ်သဖြင့် ရေကြောင်းပြမှူးကြီးများအနေဖြင့် ယခင်ကထက် ပိုမိုပြီး ဘေးကင်းလုံခြုံစွာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**



ရောဝတီမြစ်လယ်ကျွန်း သဲသောင်အပန်းဖြေစခန်းသာတွင် လာရောက်အပန်းဖြေကြသူများကို တွေ့ရစဉ်။

# ရောဝတီမြစ်လယ်ကျွန်းသဲသောင်တွင် အပန်းဖြေစခန်းသာ စတင်ဖွင့်လှစ်

**ညောင်ဦး မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုလင်းကျေးရွာအနီး ဖွင့်လှစ်ထားရှိသော ပလင်းကမ်းသာယာဆင်စခန်းနှင့်အတူ ရောဝတီမြစ်လယ်သဲသောင်တွင် မတ်လကုန်မှစတင်ပြီး မြစ်လယ်ကျွန်းအပန်းဖြေစခန်းသာ စတင်ဖွင့်လှစ်ပြီဖြစ်ကြောင်း ပလင်းကမ်းသာယာဆင်စခန်း တာဝန်ခံ လက်ထောက်မန်နေဂျာ ဦးမျိုးမင်းကိုထံမှ သိရသည်။

ဆင်စခန်းနှင့်အတူ တွဲဖက်ဖွင့်လှစ်ထားရှိမည့် ရောဝတီမြစ်လယ်ကျွန်း သဲသောင်ပြင် အပန်းဖြေစခန်းသာတွင် ရေတိမ်ပိုင်းမြစ်ကမ်းခြေ ရွေးချယ်ထားကာ ကျယ်ပြန့်သော ကွင်းပြင်သဲသောင်တွင် ဘောလုံးကစားနိုင်ရန် စီစဉ်ထားခြင်း၊ ရေတိမ်ပိုင်းရေချိုးလို့ရသည့်နေရာများ လုံခြုံရေးဖော့ဘောလုံးတန်းပေးထားခြင်းနှင့် ရေကျွမ်းကျင်လုပ်သားများဖြင့် အပန်းဖြေစခန်းလာရောက်လည်ပတ်သူများအား လုံခြုံရေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြစ်လယ်ကျွန်း ပလင်းကမ်းသာယာ အပန်းဖြေစခန်းသာသို့ ဆင်စခန်းမှ မော်တော်နှစ်စင်းဖြင့် အကြိုအပို့လုပ်မည်ဖြစ်ကာ မော်တော်အသွားအပြန် လူတစ်ယောက် ၅၀၀ သတ်မှတ်ထားကြောင်း၊ ပလင်းကမ်းသာယာမြစ်လယ်ကျွန်း အပန်းဖြေစခန်းသာတွင် လုံခြုံစိတ်ချစွာ ရေကူးနိုင်ခြင်း၊ အစားအစာများ မှာယူသုံးဆောင်နိုင်အောင် စီစဉ်ထားခြင်း၊ နေဝင်ဆည်းဆာအလှအား သဲသောင်ပြင်ပေါ်မှ ခံစားကြည့်ရှုနိုင်ခြင်း၊ ဆင်စခန်းဝင်းဘက်တွင် သဘာဝတောလမ်းများအတိုင်း ဆင်စီးနိုင်ခြင်း၊ ခြေတံရှည်နားနေဆောင်များ အပေါ် မိသားစုလိုက် အနားယူနိုင်ခြင်း၊ အပေါင်းအသင်းမိတ်ဆွေများနှင့် အနားယူနိုင်ကာ မြစ်ကြောင်းဘေးမှ ဆင်စီး၍ မြစ်အလှနှင့် နေဝင်ဆည်းဆာအလှ ကြည့်နိုင်ပြီး မြစ်လယ်ကျွန်း သဲသောင်ပြင်ရှိ နားခိုသည့်တဲများမှလည်း လေညင်းခံ အနားယူနိုင်ကာ ထန်းလက်ကုလားထိုင်များ၊ ဝါးလက်ကုလားထိုင်ဖြင့် စီစဉ်ပေးထားကြောင်း သိရသည်။

ပုပြင်းခြောက်သွေ့သည့် အညာဒေသ၏ ပထမဆုံးဖွင့်လှစ်သည့် ပလင်းကမ်းသာယာ ရောဝတီကျွန်းလယ် သဲသောင်ပြင်နှင့် ရေတိမ်ပိုင်းပလင်းကမ်းသာယာ ဆင်စခန်းသို့ လာရောက်ကာ ဆင်စီးခြင်း၊ ရေကစားခြင်းများဖြင့် လာရောက် အပန်းဖြေနိုင်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ဘုရား၊ ပုထိုး၊ သာသနိက အဆောက်အဦများ လေ့လာဖူးမြော်ပြီးလျှင် ခရီးတစ်ထောက် အပန်းဖြေနားနေရာအဖြစ် ပလင်းကမ်းသာယာသဲသောင်ကျွန်းအား မတ်လ ၃၀ ရက်နေ့မှ စတင်အပန်းဖြေနိုင်ပြီဖြစ်ကြောင်း ရေးသားလိုက်ရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်း ရိုးမဖြတ်ကျော်လမ်းအား ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၃၀**

ပဲခူးတိုင်းဒေသကြီးရှိ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း - ကျွန်းကုန်းလမ်း (မြို့ချောင်း-ကျွန်းကုန်းအပိုင်း) လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယမန်နေ့ နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ လမ်းရှင်းလင်းဆောင်ဌ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်ထွန်းက မူလလမ်း အကျယ် ၁၂ ပေမှ ၁၈ ပေအကျယ်အထိ လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီးနှင့် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးကို ဆက်သွယ်သော လမ်းအပိုင်းဖြစ်သည့်အတွက် ယာဉ်သွားလာမှု များပြားသည့်အပေါ်မူတည်ပြီး လမ်းချဲ့ခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရိုးမဖြတ်ကျော်လမ်း (မင်းလှ - စိန်ကန့်လန့် - မြို့ချောင်းအပိုင်း) ပြုပြင်ထိန်းသိမ်းထားရှိမှုကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် ၁၈ မိုင် ၂ ဖာလုံတွင် ကတ္တရာဖျန်းစက်ဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ တောင်ပေါ်လမ်းအပိုင်းဖြစ်သည့်အတွက် ကတ္တရာခင်းရာတွင် သတ်မှတ်လမ်းအင်္ဂါရပ်နှင့်အညီ စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

မင်းလှ - စိန်ကန့်လန့် - မြို့ချောင်း - ကျွန်းကုန်းလမ်းသည် အရှည် ၆၄ မိုင် ၇ ဖာလုံ ရှိ၍ ရိုးမဖြတ်ကျော်လမ်း ခုနစ်လမ်းတွင် တစ်လမ်းအပါအဝင်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး အရှေ့ဘက်ခြမ်း ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးနှင့် ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်း ရန်ကုန် - ပြည် လမ်းမကြီးတို့ကိုဆက်သွယ်သွားလာနိုင်သည့်အပြင် ရောဝတီတိုင်းဒေသကြီးကိုလည်း အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်သည့် လမ်းတစ်လမ်းဖြစ်သည်။

အဆိုပါလမ်းကို ကတ္တရာတစ်ဆက်တစ်စပ်တည်းခင်းပြီးပါက ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းမှ ခရီးသွားပြည်သူများအပြင် ရောဝတီတိုင်းဒေသကြီးမှ ခရီးသွား ပြည်သူများကလည်း မြန်မာပြည်အထက်ပိုင်း နေပြည်တော်၊ မန္တလေးနှင့် အခြားမြို့ကြီးများသို့ ယခုလမ်းကိုအသုံးပြုပြီး အချိန်တိုအတွင်း အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေစကြိုမြို့နယ်၌ သက်ကြီးလူမှုရေးပင်စင်များ ထောက်ပံ့ပေးအပ်

**နေပြည်တော် မတ် ၃၀**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ရေယှားကျေးရွာ၌ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား နိုင်ငံတော်က ပေးအပ်သည့် လူမှုရေးပင်စင် သုံးလစာကို မတ် ၂၉ ရက်က ပေးအပ်ခဲ့သည်။

အဆိုပါထောက်ပံ့ပေးအပ်ခြင်းကို ရေယှားကျေးရွာ အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ဦးနှင့်အဖွဲ့က ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ် သုံးလစာကိုပေါင်း၍ တစ်ဦးလျှင် ငွေကျပ် သုံးသောင်းဖြင့် သက်ကြီးဘိုးဘွား ခုနစ်ဦးအား စုစုပေါင်း ငွေကျပ် ၂၁၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရ သည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

## နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်

**နေပြည်တော် မတ် ၃၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ကလေးစာပေပွဲတော်(ပဲခူး)မှ ရင်တွင်းစကားသံများ

ပဲခူး မတ် ၃၀

**ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ပဲခူး)ကို ပဲခူးတိုင်းဒေသကြီး ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မတ် ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပလျက်ရှိရာ ယနေ့ပွဲတော်နောက်ဆုံးနေ့တွင်လည်း ကျောင်းသား ကျောင်းသူများ၊ မိဘ ဆရာများ၊ ပွဲတော်လာသူများ၊ စတုဒိသာအလှူရှင်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။**


ဦးမိုးဝင်း


ဒေါ်နန်းခင်မွှေး


ဒေါ်မေသက်နွယ်


ဒေါ်သက်သက်ဦး



နွယ်နီလှိုင်


မိုင်ခိုင်သဥ္ဇာထွေး


နန်းစိန်ချယ်ရီ

အဆိုပါ ကလေးစာပေပွဲတော်သို့ လာရောက်ကြသူများ၏ ရင်တွင်းစကားသံများကို စုစည်းဖော်ပြအပ်ပါသည်။

**ဦးမိုးဝင်း (ဇာတ်သဘင်)**

ကလေးစာပေပွဲတော်ကျင်းပတာ အင်မတန်မှ ဝမ်းသာစရာပါ။ ဒါမျိုးတွေက လုပ်ဖို့ကောင်းတာကြာပြီ။ ဒီနေ့ ဟောပြောခဲ့တဲ့ ပညာရှာသူ တို့ဝိုင်းကူဆိုသလို ကလေးတွေရဲ့ ဘဝကို ကျွန်တော်တို့က စတင်ပြီးတော့ ပထမ ကူညီရမှာ။ ကလေးတစ်ယောက်ဟာ လမ်းလျှောက်တတ်ဖို့တောင်မှ ဝိုင်းဝန်းတွဲပြီးတော့ ကူကြရသေးတာပဲ။ အဲဒီတော့ ဒီကလေးတွေ သွားဖို့လာဖို့ ပညာတတ်ဖို့ဆိုတာကလည်း လူကြီးတွေ၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်းတွေ၊ နိုင်ငံတော်တွေက မစောင့်ရှောက်ရင် ဘယ်ရမလဲ။ အခု အင်မတန်မှ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဒီစကားဝိုင်းမှာ ကလေးတွေ စိတ်ဝင်တစား နားထောင်တာ တွေ့ရပါတယ်။ ပြန်ပြီးတော့ မေးခွန်းမေးတာပေါ့နော်။ ကလေးတွေဆိုတော့ လူကြီးတွေကိုမေးရမှာ အခက်အခဲတွေရှိတာပေါ့နော်။ တချို့မေးခွန်းတွေဆို ကိုယ်တွေတောင်မှ ပြန်ဖြေဖို့ ခက်ခက်ခဲခဲဖြစ်သွားတာကို တွေ့လိုက်ရတယ်။ ဒါဟာလည်း မေးခွန်းကောင်းတစ်ခု ရလဒ်ကောင်းတစ်ခုပေါ့။

ဒီလို အစွမ်းအစရှိတဲ့ လူငယ်တွေဟာ ခက်ခက်ခဲခဲ မေးခွန်းတွေကို မေးတတ်တယ်ဆိုတာကို တွေ့လိုက်ရတာဟာ ဝမ်းသာစရာကောင်းပါတယ်။ အကြံပြုချင်တာကတော့ စာဖတ်ဖို့ပါပဲ။ ဟောပြောဆွေးနွေးပွဲ ပြုလုပ်တဲ့အခါကျတော့လည်း စာက အရေးကြီးဆုံးပဲ။ စာကနေ သွေဖည်သွားမယ်ဆိုရင် ဆိုးကျိုးတွေ အများကြီးဖြစ်နိုင်တာပေါ့နော်။ အလိမ္မာစာမှာရှိဆိုတဲ့အတိုင်း တကယ်ကို လိမ္မာရေးခြားရှိစွာနဲ့ ပညာရှာဖွေမယ်ဆိုရင်တော့ ဘဝဟာ ပြောမပြနိုင်လောက်တဲ့ ပျော်စရာဘဝကြီး ရရှိမယ်လို့ ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါ်နန်းခင်မွှေး (ဇာတ်သဘင်)**

ကလေးတွေအတွက် အလွန်ပဲပီတိဖြစ်ပါတယ်။ ကလေးတွေရဲ့အသိပညာ အတတ်ပညာ နောက်ကျနေတာမျိုးလည်း မဖြစ်စေချင်ပါဘူး။ အစ်မတို့ ငယ်ငယ်ကတော့ စာဖတ်ရတာ သိပ်ကြိုက်ခဲ့တာ။ အဖေကလည်း စာကို အဆိပ်မဖြစ်စေရဘူးဆိုပြီး ငယ်ငယ်လေးကတည်းက စာဖတ်ခိုင်းတယ်။ စာဖတ်ဖြစ်အောင်လည်း လေ့ကျင့်ပျိုးထောင်ပေးတယ်။ အခုလိုမျိုး လူကြီးတွေက ကလေးတွေ စာဖတ်ဖြစ်အောင် ပွဲတော်တွေစီစဉ်ပေးတယ် ပတ်ဝန်းကျင်ကောင်းတွေ ဖန်တီးပေးတယ်။ ဒါကြောင့် ကလေးစာပေပွဲတော်ကို စီစဉ်ပေးတဲ့ လူကြီးတွေအားလုံးကိုလည်း ကျေးဇူးလည်းတင်တယ်၊ ဂုဏ်လည်းယူပါတယ်။ စာပေဟောပြောပွဲတွေမှာ ကလေးတွေ ငြီးငွေ့မသွားရအောင် စာပေပညာရှင်တွေ၊ အနုပညာရှင်တွေ၊ အဆိုတော်တွေ၊ ဆရာဝန်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ပါ စုံစုံလင်လင်နဲ့ စီစဉ်ပေးထားတာ ကလေးတွေအတွက် တော်တော်လေး အဆင်ပြေပါတယ်။ ကောင်းလည်းကောင်းပါတယ်။

တက္ကသိုလ်ရဲ့ ဘွဲ့နှင်းသဘင်ခန်းမထဲမှာတင်မဟုတ်ဘဲ အခြားနေရာတွေမှာလည်း ပြပွဲတွေ၊ ပြိုင်ပွဲတွေ စီစဉ်ပေးထားတော့ ကလေးတွေ ပျော်နေတာ မြင်ရတာ တကယ်ကြည်နူးစရာကောင်းပါတယ်။ ကလေးတွေကို ပြောရဲဆိုရဲရှိအောင် မိဘတွေရော ဆရာ ဆရာမတွေကပါ လေ့ကျင့်ပျိုးထောင်ဖို့ လိုပါတယ်။ အခုဟောပြောပွဲမှာ ကလေးတွေကို သိချင် မေးချင်တာရှိရင် ဂါရဝတရားမပျက်ဘဲ ရိုရိုသေသေနဲ့ ဆရာ ဆရာမတွေ မိဘတွေနဲ့ လူကြီးတွေဆီမှာမေးဖို့ တိုက်တွန်းခဲ့ပါတယ်။ ဒါမှလည်း ဂါရဝမပျက်ဘဲ ကလေးတွေရဲ့ နှုတ်မှုစွမ်းရည် တိုးတက်လာမှာပါ။ ကလေးစာပေပွဲတော်ကနေတစ်ဆင့် ကလေးတွေရဲ့နှုတ်မှုစွမ်းရည်တိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုကလေးစာပေပွဲတော်မျိုးကို နှစ်စဉ်နှစ်တိုင်း လုပ်ပေးနိုင်ဖို့ ဆုတောင်းပေးပါတယ်။

**ဒေါ်မေသက်နွယ်**

**ဒုတိယညွှန်ကြားရေးမှူး (စီမံ)**

**ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံး**

ပွဲတော် သုံးရက်စလုံးမှာ ကျောင်းသား ကျောင်းသူလေးများက ပြပွဲတွေ၊ ပြိုင်ပွဲတွေမှာ ပါဝင်ခွင့်ရတယ်။ ဂိမ်းမျိုးစုံကစားနည်းတွေမှာလည်း ပါဝင်ရတယ်။ စာဖတ်စွမ်းရည်ပြိုင်ပွဲကလည်း နောက်ထပ် ထပ်တိုးလိုက်တဲ့ ပြိုင်ပွဲအသစ်တစ်ခုပါ။ ဖျော်ဖြေရေးမှာလည်း ပါဝင်ရတယ်။ စာပေဟောပြောပွဲတွေမှာလည်း တက်ရောက်ပြီးတော့ နားထောင်ရတယ်။ ကလေးတွေအတွက် အများကြီးအကျိုးရှိတာပေါ့။ သူတို့လေးတွေအနေနဲ့ အနုပညာရှင်တွေနဲ့လည်း တွေ့ရတယ်။ စာပေပညာရှင်တွေနဲ့လည်း တွေ့ရတော့ သူတို့ရဲ့ စိတ်အာဟာရ ပြည့်စုံသွားတာပေါ့။ ကလေးတွေက ရသဆိုတာ သိပ်မသိကြဘူး။ ကာယလုပ်မယ်ဆို ကာယသိတယ်။ ကာယစွမ်းရည် သူတို့သိတယ်။ ဉာဏစွမ်းရည်ဆို ဉာဏ်ကောင်းမှုလို့ထင်တယ်။ တကယ်တော့ စာဖတ်ခြင်း၊ စာပေဟောပြောပွဲ နားထောင်ခြင်း တွေကနေလည်း သူတို့အတွက် ရသကိုရတယ်။ ရသတွေကို ပေးစွမ်းနိုင်တယ်ဆိုတာကို သူတို့သိလာပြီ။ နောက်တစ်ခုက သူတို့ရဲ့ စွမ်းရည်တွေလည်း ထုတ်ပြနိုင်တယ်။ အခုခေတ်က စာဖတ်မှ ဖြစ်မယ်ဆိုတာသိတော့ ဒီစာပေဟောပြောပွဲတွေဟာလည်း သူတို့ကို စာဖတ်ဖို့ တွန်းအားပေးသလိုဖြစ်တယ်။ ဖျော်ဖြေရေးတွေကတော့ နှစ်တိုင်း၊ အချိန်တိုင်း ကျောင်းပွဲတွေ၊ မြို့နယ်ပွဲတွေ၊ သူတို့ရပ်ရွာပွဲတွေမှာ လုပ်နေကြပါ။ ဒီပွဲမှာလည်း ပါဝင်ခွင့်ရတော့ စွမ်းရည်တွေ ထုတ်ပြနိုင်တာပေါ့။ ဖျော်ဖြေတဲ့ စွမ်းရည်တွေ ထုတ်ပြနိုင်တယ်။ ပညာရေးပြခန်းလည်း ရှိပါတယ်။ တိုင်းဒေသကြီးအနေနဲ့ တာဝန်ယူဆောင်ရွက်ရတဲ့ ပြခန်းနှစ်ခန်း ရှိပါတယ်။ တစ်ခန်းက တီထွင်မှုတွေကို ပြတယ်။ နောက်တစ်ခန်းက ပညာရေးမျှော်မှန်းချက်တွေ၊ ကျွန်မတို့ ကျောင်းတွေက တီထွင်ထားတာတွေ ပါတယ်။ နောက်တစ်ခါ အခြေခံပညာဦးစီးဌာနက လာရောက်ပြသတဲ့ ပြခန်းလည်း ရှိတယ်။ ကလေးစာပေပွဲတော်ဆိုတာ ကောင်းပါတယ်။ ကဏ္ဍတွေ စုံစုံလင်လင် ပြပေးထားတယ်။ ပညာရေးဌာနကလည်း ကိုယ့်ရဲ့စွမ်းရည်တွေ ထုတ်ပြနိုင်သလို ကလေးတွေအတွက်လည်း ကာယစွမ်းရည်၊ ဉာဏစွမ်းရည်အပြင် ရသဆိုတာကိုလည်း သိသွားတယ်။ ပျော်ရွှင်ရတယ်။ ကြည်နူးရတယ်။ ဗဟုသုတတွေ အများကြီးရတယ်။ စီစဉ်ပေးတဲ့ လူကြီးတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။

**ဒေါ်သက်သက်ဦး**

**ခရိုင်မိခင်နှင့်ကလေး အတွင်းရေးမှူး**

ခရိုင်မိခင်နှင့် ကလေးရယ်၊ အမျိုးသမီးရယ် ပေါင်းပြီး ကလေးတွေအတွက် အာဟာရအနေနဲ့ မြန်မာ့ရိုးရာအစားအစာ ကိုးမျိုး စတုဒိသာ လာကျွေးတာပါ။ ကလေးတွေအကြိုက် ရိုးရာမုန့်လက်ဆောင်း၊ လက်လိပ်ပြာ၊ ရွှေကြည်၊ ကောက်ညှင်းထုပ်၊ မုန့်ဖက်ထုပ်၊ ဆန္ဒွင်းမကင်း၊ မုန့်ပေါက်စီ စတာတွေစီစဉ်ထားပါတယ်။ အခုလို နိုင်ငံတော်အဆင့် ပွဲတော်ကျင်းပပေးတဲ့အတွက် ဝမ်းသာပါတယ်။ ပွဲတော်လာတဲ့ ပရိသတ်ကလည်း တစ်နေ့ထက်တစ်နေ့ ပိုများပါတယ်။ အခုလို စုပေါင်းပြီး စတုဒိသာကျွေးရတဲ့အတွက် ကြည်နူးပီတိဖြစ်မိပါတယ်။ ပွဲတော်လာတဲ့ ကျောင်းသား ကျောင်းသူလေးတွေ၊ ဆရာ ဆရာမတွေ၊ မိဘတွေနဲ့ ဧည့်သည်တွေက ကျွန်မတို့ စတုဒိသာကို လာအားပေးတော့ ဝမ်းလည်းဝမ်းသာပါတယ်။

**နွယ်နီလှိုင်**

**ရူပဗေဒ၊ တတိယနှစ်ကျောင်းသူ၊ ပဲခူးတက္ကသိုလ်**

အခုလို ခမ်းခမ်းနားနား ပြခန်းမျိုးစုံ ပြိုင်ပွဲမျိုးစုံပါတဲ့ ကလေးစာပေပွဲတော် ကျင်းပပေးတာ ကောင်းပါတယ်။ ကလေးတွေဆိုတာ နိုင်ငံရဲ့ အနာဂတ်မျိုးဆက်သစ်ပါ။ ဒါကြောင့် နိုင်ငံရေးပဲ ဖြစ်ဖြစ်၊ စီးပွားရေးပဲဖြစ်ဖြစ်၊ လူမှုရေးပဲဖြစ်ဖြစ် အခုကတည်းက အခုလို အစဉ်လာကောင်းတွေ အလေ့အကျင့်ကောင်းတွေ လုပ်ပေးထားတာ ကောင်းတယ်လို့ မြင်ပါတယ်။ ညီမတို့တုန်းက ဒီလိုပွဲမျိုးမကြုံခဲ့ရဖူးပါဘူး။ ကျွန်မတို့နဲ့ ယှဉ်ရင် ဒီခေတ်ကလေးတွေက အလွန်ကံကောင်းပါတယ်။ ညီမတို့လို တက္ကသိုလ်အဆင့်တွေအတွက် ဒီဘိတ်လုပ်တာတို့၊ စကားရည်လုပြိုင်ပွဲတို့၊ စာစီစာကုံးတို့၊ အင်္ဂလိပ်စာနဲ့ ပတ်သက်တာတွေကို နောက်ပွဲတွေမှာ ထည့်ပေးပါလို့ အကြံပြုချင်ပါတယ်။ နောက်ထပ် ပဲခူးတိုင်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒီလိုပွဲတော်မျိုး အများကြီးလုပ်ပေးစေချင်ပါတယ်။ ကလေးများရဲ့စာပေပွဲတော်ဆိုပေမယ့် လူကြီးတွေနဲ့လည်း အများကြီးသက်ဆိုင်ပါတယ်။ စာဖတ်တာ ဝါသနာပါတာကြောင့် အဓိက က စာအုပ်ဝယ်ဖို့ လာခဲ့တာပါ။

**မိုင်ခိုင်သဥ္ဇာထွေး (ကျောင်းသူ)**

**စိုင်မြင်းကျေးရွာ**

သမီးက အရှိုချင်းတိုင်းရင်းသူပါ။ ဒီပွဲမှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းမြောက်ပျော်ရွှင်မိပါတယ်။ အဆိုတော်တွေရော၊ မင်းသား၊ မင်းသမီးတွေရော တွေ့ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ ကျောင်းသား လူငယ်လေးတွေ ကလေးတွေရဲ့ စာပေပွဲတော်မှာ ကိုယ်ကိုယ်တိုင် လာရောက်ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ ချင်းရိုးရာပြခန်းနဲ့ အခြားပြခန်းတွေ၊ ပြိုင်ပွဲတွေ၊ ပန်းချီပြခန်းတွေလည်း လေ့လာခဲ့ပါတယ်။ အကုန်လုံးကိုလည်း အားကျမိပါတယ်။

**နန်းစိန်ချယ်ရီ (ကျောင်းသူ)**

**တောင်ငူမြို့**

အခုလို ကြီးကျယ်ခမ်းနားတဲ့စာပေပွဲတော်မှာ ပါဝင်ခွင့်ရတဲ့အတွက် အလွန်ပျော်ပါတယ်။ ရှမ်းလူမျိုးတွေရဲ့ ယဉ်ကျေးမှုတွေ ပြန်ဖော်ထုတ်ပြသခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ ကလေးစာပေပွဲတော်မှာ ရှမ်းတိုင်းရင်းသားအနေနဲ့ တစ်ထောင့်တစ်နေရာကနေ ကိုယ့်ရဲ့ ရိုးရာအက၊ အလှတွေကို ကပြခွင့်ရတာ၊ ဖျော်ဖြေခွင့်ရတာကို အများကြီးဂုဏ်ယူမိပါတယ်။ ဒီအခမ်းအနားကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေ၊ အကြီးအကဲတွေကိုလည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်။ တိုင်းရင်းသားရိုးရာ ပြခန်းလည်း လေ့လာပြီးပါပြီ။ နည်းပညာပြခန်းကို အလွန်သဘောကျပါတယ်။

**တွေ့ဆုံမေးမြန်း- ရူပါ**

**သတင်းဓာတ်ပုံ- ဝေလျှံ၊ ရဲမိုး**

## သုဝဏ္ဏဝတီမြို့၌ ကရင်စာပေနှင့်ယဉ်ကျေးမှု ဆရာဖြစ်သင်တန်း၌ စာပေဟောပြောပွဲ ကျင်းပ

**သုဝဏ္ဏဝတီမြို့ မတ် ၃၀**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက်ကော်ရပ်ကွက် ဓမ္မဒူတသုခိတာရုံကျောင်းတိုက်၌ ပဋ္ဌမအကြိမ်မြောက်(ဗုဒ္ဓ)စကောကရင်စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(ဗဟို)မှ ကြီးမှူး၍ မတ် ၂၂ ရက်မှ စတင်ကျင်းပသော စာပေနှင့်ယဉ်ကျေးမှုဆရာဖြစ်သင်တန်း သင်တန်းသား သင်တန်းသူများအား မတ် ၂၈ ရက် ည ၇ နာရီတွင် အမျိုးသားစာပေဆုရှင် ဇော်လွင်ဦး(ဟသ်ာတ)က "နိုင်ငံတော်ကို တည်ဆောက်ရာတွင်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မတ် ၂၉ ရက် ညပိုင်းတွင် စာရေးဆရာ အမတ်ဒိန်က "ညီညာမှ ပြည်သာမယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း စာပေဟောပြောပွဲ ကျင်းပခဲ့သည်။

သင်တန်းနှင့် ပတ်သက်၍ "သင်တန်းမှာ စကောကရင်စာပေနဲ့ယဉ်ကျေးမှုတွေကို သင်ကြားပေးပြီး ရိုးရာအကကို မပပျောက်အောင် ကရင်သီချင်းနဲ့ အဖွဲ့လိုက် ပေါင်းစုဖလှယ်ပြီး ခေတ်နဲ့အညီ လိုအပ်နေတဲ့ ဗဟုသုတတွေ၊ သင်တန်းတွေကိုလည်း သင်ကြားပေးနေပါတယ်"ဟု ကြာအင်းဆိပ်ကြီးမြို့နယ် အောင်စူခီးကျေးရွာမှ သင်တန်းဆရာတစ်ဦးဖြစ်သူ စောမောင်အေးက ပြောသည်။

အဆိုပါသင်တန်းကို မတ် ၂၃ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်အတွင်းရှိ ဒေသများမှ သင်တန်းသား သင်တန်းသူ ရှစ်ရာကျော်ခန့် တက်ရောက်ကြကာ စာပေနှင့်ယဉ်ကျေးမှုဆရာဖြစ်သင်တန်း၊ ခေါင်းဆောင်မှု စီမံခန့်ခွဲမှုလုပ်ငန်းကျွမ်းကျင်ရေး သင်တန်းများအား သင်တန်းဆရာ၊ ဆရာမ ၅၂ ဦးက ဦးဆောင်သင်ကြားပေးနေပြီး မတ် ၃၁ ရက်တွင် သင်တန်းဆင်းပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**


သုဝဏ္ဏဝတီမြို့၌ ကရင်စာပေနှင့်ယဉ်ကျေးမှု ဆရာဖြစ်သင်တန်း၌ စာပေဟောပြောပွဲ ကျင်းပစဉ်။

## ဓမ္မာစရိယစာမေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၃၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၁၉ ခုနှစ် ဓမ္မာစရိယစာမေးပွဲ သီလက္ခန္ဓဝဂ္ဂပါဠိ အဋ္ဌကထာ (ပထမနေ့)ကို နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာနများတွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၉,၂၈၅ ပါးအနက် ၁၅၁၁၆ ပါး ဖြေဆိုကြသဖြင့် ၇၈ ဒသမ ၃၈ ရာခိုင်နှုန်း ဖြေဆိုခဲ့ကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်ကို ပြည်သူ့ရင်ပြင်၌ ငါးရက်တိုင်ကျင်းပမည်

**နေပြည်တော် မတ် ၃၀**

ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်ကို ရွှေတိဂုံစေတီတော်ခြေရင်း ပြည်သူ့ရင်ပြင်၌ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်မှ ၅ ရက်အထိ(၁၃၈၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၁၂ ရက်မှ တန်ခူးလဆန်း ၁ ရက်အထိ) ငါးရက်တိုင် ကျင်းပမည်ဖြစ်ပြီး ဓမ္မသဘင်ကျင်းပသည့် ရက်များအတွင်း နေ့စဉ် ည ၇ နာရီ၌ ဆရာတော်ကြီးများက တရားအလှူ ပေးသွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်တွင် အရှင်ဇနကာဘိဝံသ(ချမ်းမြေ့ဆရာတော်)၊ ဧပြီ ၂ ရက်တွင် အရှင်သိရိန္ဒာဘိဝံသ(ယောဆရာတော်)၊ ဧပြီ ၃ ရက်တွင် ဓမ္မဒေသကီ အရှင်ဝီရိယ(တောင်စွန်းဆရာတော်)၊ ဧပြီ ၄ ရက်တွင် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရဆရာတော်)နှင့် ဧပြီ ၅ ရက်တွင် ဒေါက်တာအရှင်ဓမ္မသာမိ (အောက်စဖို့ဒ်ဆရာတော်)တို့က တရားအလှူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကလေးစာပေပွဲတော်(ပဲခူး)တွင် ကလေးများ၏ ပုံပြင်၊ ကဗျာရွတ်ဆိုသံများ၊ တေးသီချင်းသီဆို ကခုန်သံများ၊ ပြေးလွှားဆော့ကစားသံများဖြင့် အထူးစည်ကား

**ပဲခူး မတ် ၃၀**

ကလေးစာပေပွဲတော်(ပဲခူး)ကို ၂၀၁၉ မတ် ၂၈ ရက်မှ ၃၀ ရက်အထိ ပဲခူးတက္ကသိုလ်အတွင်း ကျင်းပခဲ့ရာ ကလေးများ၏ ပုံပြင်၊ ကဗျာရွတ်ဆိုသံများ၊ တေးသီချင်းသီဆိုကခုန်သံများ၊ ပြေးလွှားဆော့ကစားသံများဖြင့် သုံးရက်တိုင်တိုင် အထူးစည်ကားကြောင်း သိရသည်။

**ပါဝင်ယှဉ်ပြိုင်**

ကလေးစာပေပွဲတော် (ပဲခူး) တွင် ကဗျာရွတ်ဆိုပြိုင်ပွဲ၌ ၇၃ ဦး၊ ပုံပြောပြိုင်ပွဲ၌ ၁၀၉ ဦး၊ ကျပန်းစကားပြောပြိုင်ပွဲ၌ ၄၃ ဦး၊ ပန်းချီပြိုင်ပွဲ၌ ၂၂၀၊ စက္ကူခေါက်ပြိုင်ပွဲ၌ ၁၅၁၄ ဦး၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၌ ၁၂၅ ဦး၊ စက္ကူပြဇာတ်ပြိုင်ပွဲ၌ ၄၄ ဦး၊ ရုပ်ပုံပါစာအုပ် ပုံပြင်ပြောပြိုင်ပွဲ၌ ၆၁ ဦး၊ ဘုတ်ပြားပြဇာတ်ပြိုင်ပွဲ၌ ၃၆ ဦး၊ အရုပ်ဆက်ပြိုင်ပွဲ၌ ၂၄၉၈ ဦး၊ စကားပုံဆက်ပြိုင်ပွဲ၌ ၁၅၄၃ ဦး၊ အိမ်ဆောက်လုပ်ကစားပြိုင်ပွဲ၌ ၁၆၅၄ ဦး၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၌ ၂၆၇၇ ဦး၊ Team Building Games ပြိုင်ပွဲများ၌ ၂၅၄၄၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့ပြင် တိုင်းရင်းသားများ၏ ကိုယ်ပိုင်ဘာသာစကားဖြင့် ကဗျာရွတ်ဆိုခြင်း၊ ပုံပြင်ပြောခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့ရာ ကယား၊ ကရင်၊ အရှိုချင်း၊ မွန်၊ ပအိုဝ်း၊ ရှမ်း တိုင်းရင်းသားများက တိုင်းရင်းသားကဗျာရွတ်ဆိုသူ ၁၂ ဦး၊ တိုင်းရင်းသားပုံပြင်ပြောသူ ၁၂ ဦးတို့က ပါဝင်ခဲ့ကြသည်။



ကလေးစာပေပွဲတော်(ပဲခူး)သို့ ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ လာရောက်လေ့လာကြစဉ်။

ကလေးစာပေပွဲတော် (ပဲခူး)တွင် ကျင်းပသည့် စာပေဟောပြောပွဲများတွင် ဆရာ မောင်ခြိမ့်၊ ဆရာ ခိုင်ချစ်အောင် (ပဲခူး)၊ ဆရာမ မေသကြ်န်ဟိန် (မြစ်မခ)၊ ဆရာမ ဝတ်ရည်ခင်(ပဲခူး)၊ ဆရာမ ပုညခင်နှင့် ဆရာ ကံမြင့်မော်တို့က ဟောပြောခဲ့ကြပြီး စာပေဆွေးနွေးပွဲများတွင် သဘင်ပညာရှင် နန်းခင်မွှေး၊ ဟံသာစိုးဝင်း၊ သရုပ်ဆောင် မင်းညီ၊ ထက်အံ့လင်း၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ အကယ်ဒမီ ငြိမ်းမင်း၊ ဆရာမ ဝတ်ရည်ခင် (ပဲခူး)၊ သဘင်ပညာရှင်ဖိုးချစ်၊ အဆိုတော် သြရသ၊ အဆိုတော် ပြည့်ဖြိုး၊ ဒေါက်တာ မြင့်သန်း(ညောင်လေးပင်)နှင့် သဘင်ပညာရှင် ဦးမိုးဝင်းတို့က စာပေလေ့လာဖတ်ရှုရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

**ဖျော်ဖြေတင်ဆက်**

ထို့ပြင် ဖျော်ဖြေရေးအစီအစဉ်များတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ ၁၁၃၁ ဦးက တေးသီချင်း၊ အကများဖြင့် နေ့အလိုက် ဖျော်ဖြေတင်ဆက်ကြပြီး နိုင်ငံကျော်အဆိုတော် စိန်ဝင်းထွန်း၊ ရွှေဖြူ၊ ဂျေမောင်မောင်၊ ရှင်ဖုန်း၊ ခင်မောင်ထူး၊ ဟေမာနေဝင်း၊ မိစန္ဒီ၊ ဖိုးပြည့်၊ ပြည့်ဖြိုး၊ မေမဒီ၊ စွမ်းပြည့်အောင်တို့က လည်းကောင်း၊ ငြိမ်းချမ်းရေး ဂီတပွဲတော်ဆုရအဆိုရှင်များက လည်းကောင်း မြန်မာ့အသံခေတ်ပေါ်တီးဝိုင်းနှင့်အတူ ပါဝင်ဖျော်ဖြေတင်ဆက်ပေးခဲ့ကြသည်။

**စိတ်ပါဝင်စားစွာ လေ့လာ**

အလားတူ ကလေးစာပေပွဲတော် (ပဲခူး)သို့ လာရောက်သည့် ကျောင်းသားကျောင်းသူများ ဗဟုသုတရရှိစေရန် တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများနှင့် အဖွဲ့အစည်းအသီးသီးမှ ပြခန်း စုစုပေါင်း ၄၉ ခန်း ခင်းကျင်းပြသထားပြီး ကျောင်းသားကျောင်းသူများ စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

ထို့ပြင် ပွဲတော်တွင် စာအုပ်အရောင်းဆိုင် ၆၉ ဆိုင် ခင်းကျင်းရောင်းချခဲ့ပြီး စာအုပ်စုစုပေါင်း ၁၈၇၇၅ အုပ်ခန့်၊ တန်ဖိုးငွေကျပ် ၁၅၀၂၀၀၀၀ခန့် ရောင်းချခဲ့ရသည်။

ကလေးစာပေပွဲတော် (ပဲခူး)သို့ ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ လာရောက်လေ့လာမှုအနေဖြင့် မတ် ၂၈ ရက်တွင် ၅၉၉၂၀၊ မတ် ၂၉ ရက်တွင် ၆၁၄၄၄ ဦး၊ မတ် ၃၀ ရက်တွင် ၈၄၂၆၇ ဦး၊ စုစုပေါင်း ၂၀၄၆၃၁ ဦး ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကလေးစာပေပွဲတော်(ပဲခူး)သို့ စာပေပညာရှင်များနှင့် အနုပညာရှင်များ ပါဝင်ဆင်နွှဲ

**ပဲခူး မတ် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော် စာအုပ်စာပေပြပွဲနှင့်စာအုပ်ဈေးရောင်းပွဲတော်ကို မတ် ၂၈ ရက်မှ ၃၀ ရက်အထိ ပဲခူးတက္ကသိုလ်အတွင်း ကျင်းပလျက်ရှိရာ တတိယနေ့တွင် ပွဲတော်လာသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

အဆိုပါ ကလေးစာပေပွဲတော်(ပဲခူး)တွင် ရုပ်ရှင်သရုပ်ဆောင်များဖြစ်သည့် မေကဗျာ၊ နေမင်း၊ မင်းညီ၊ ဖိုးချစ်တို့က လည်းကောင်း၊ စာပေပညာရှင်များဖြစ်သည့် စာရေးဆရာမောင်ခြိမ့်၊ အကယ်ဒမီငြိမ်းမင်း၊ ဆရာမပုညခင်၊ ဆရာမမေသကြ်န်ဟိန် (မြစ်မခ)၊ စာရေးဆရာ ခိုင်ချစ်အောင် (ပဲခူး)၊ စာရေးဆရာမဝတ်ရည်ခင် (ပဲခူး)၊ စာရေးဆရာကံမြင့်မော်တို့က လည်းကောင်း၊ အဆိုတော်များဖြစ်သည့် မိစန္ဒီ၊ သြရသ၊ ပြည့်ဖြိုး၊ စွမ်းပြည့်အောင်၊ မေမဒီ၊ ဖိုးပြည့်(မင်းသားကြီး)နှင့် နန်းခင်မွှေးတို့ကလည်းကောင်း၊ သဘင်အနုပညာရှင်များဖြစ်သည့် မိုးဝင်း၊ နန်းခင်မွှေးတို့က ကလေးစာပေပွဲတော်အတွင်း လှည့်လည်ကြည့်ရှုအားပေးကာ စာပေဟောပြောဆွေးနွေးခြင်း၊ တေးသီချင်းများ သီဆိုခြင်းတို့ဖြင့် ပါဝင်ဆင်နွှဲခဲ့ကြောင်း သတင်းရရှိသည်။

**ဝေလျှံ**




စာပေပညာရှင်များနှင့် အနုပညာရှင်များ စာပေဟောပြောဆွေးနွေးစဉ်။

## မလှိုင်မြို့နယ်တွင် စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**မလှိုင် မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မတ် ၂၈ ရက်က စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပသည်။

အဆိုပါ စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်များနှင့် စာအောင်သံဃာများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနားတွင် မလှိုင်မြို့နယ် သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ ဆရာတော် ဦးကစ္စနထံမှ ငါးပါးသီလခံယူပြီး မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားကာ စာအောင်သံဃာတော် ၃၁ ပါးနှင့် သီလရှင်တစ်ပါးတို့အား လှူဖွယ်ဝတ္ထုများ၊ စာအောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုနှင့် စာအောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာသူများက ဆရာတော်ကြီးများထံမှ မေတ္တာသုတ်တရားတော်များ နာယူခဲ့ကြသည်။ ယင်းနောက် မြို့နယ်သံဃနာယကအဖွဲ့(သုဓမ္မာ)ဥက္ကဋ္ဌ ဆရာတော် ဦးဝိစာရမှ အနုမောဒနာတရားချီးမြှင့်၍ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်က လှူဖွယ်ဝတ္ထုများအား ရေစက်ချလှူဒါန်းခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

## ပုဗ္ဗသီရိမြို့နယ်တွင် စာပေချစ်မြတ်နိုးသူများကော်မတီမှ ဒုတိယအကြိမ် စာပေဟောပြောပွဲကျင်းပ

**နေပြည်တော် မတ် ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဒက္ခိဏခရိုင်တရားရုံးအနီးရှိ အောင်သုခကျေးရွာ စာပေချစ်မြတ်နိုးသူများကော်မတီမှ ဦးစီးကျင်းပသော ဒုတိယအကြိမ်မြောက် စာပေဟောပြောပွဲကို မတ် ၂၈ ရက် ညနှင့် မတ် ၂၉ ရက်ညက အောင်သုခကျေးရွာ ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီးအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

မတ် ၂၈ ရက် ညနေ ၆ နာရီတွင် စာရေးဆရာ ဇော်ခိုင်ဦးက စာဖတ်သူတိုင်း စာဖတ်ကြပါ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရုပ်ရှင်သရုပ်ဆောင် စာရေးဆရာ ဗေလုဝက နိုင်ငံတော်သစ်နိဒါန်း ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောရာ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခကျေးရွာအနီးတစ်ဝိုက်တို့မှ စာပေချစ်မြတ်နိုးသူ ၁၂၀၀ ခန့် တက်ရောက်ခဲ့ပြီး ဒုတိယညဖြစ်သည့် မတ် ၂၉ ရက်ညတွင် စာရေးဆရာ လင်းသိုက်ညွန့်(မြန်မာ့မြေ)မှ နဝရတ်ကိုးပါးခေါင်းစဉ်ဖြင့် ဟောပြောရာ စာပေချစ်သူမြတ်နိုးသူ ၁၀၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# အနာဂတ်နေ့ရက်များဆီ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ရှေ့ဆက်ချီ

ခင်ရတနာ

**မောင်ရင်မောင် မမယ်မ ဆိုသည်မှာ တစ်ခေတ်တစ်ခါက အလွန်ကျော်ကြားလှသည့် မြန်မာနိုင်ငံ၏ ပထမဆုံးဝတ္ထုရှည်တစ်ပုဒ်ဖြစ်ကြောင်း ယနေ့လူငယ်အများစု သိရှိနိုင်ဖို့ အလှမ်းဝေးပါသည်။ မြန်မာစာပေသည် မြန်မာတို့၏ ခေတ်ကြေးမုံသမိုင်းကြောင်း၊ ယဉ်ကျေးမှုအဆင့်အတန်းနှင့် နိုင်ငံ၏ ဖြတ်သန်းရပ်တည်မှု ဇာတ်ခုံတို့ကို ခေတ်အလိုက်၊ ရတုအလိုက် ဖော်ပြလျက်ရှိသည်။ အထူးသဖြင့် ဂန္ထဝင်စာပေများသည် ယနေ့လူငယ်တို့အတွက် သမိုင်းအချက်အလက်များကို ပေးစွမ်းသည့်အပြင် မျိုးဆက်သစ်များအတွက် ဆောင်ရန်၊ ရှောင်ရန်၊ လေးစားလိုက်နာရန်တို့အပြင် စိတ်နှလုံးနူးညံ့သိမ်မွေ့ခြင်းနှင့် နိုင်ငံချစ်စိတ်၊ နိုင်ငံသားပီသလိုစိတ်တို့ကိုပါ ဖြည့်စွမ်းပေးသည့် ထာဝရအားဆေးတစ်ခွက်ပင်ဖြစ်သည်။**

ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် မြန်မာစာပေလောကတွင် ထင်ရှားကျော်ကြားခဲ့ပြီးသော စာအုပ်များအနက်မှ ကောင်းနိုးရာရာများ၊ မြန်မာပြည်သူလူထု အထူးသဖြင့် မြန်မာလူငယ်များ မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်အားလုံးကို ဖတ်ရှုရုံဖြင့် မြန်မာစာပေလောက၏ ခရီးလမ်း၊ စာပေဖွံ့ဖြိုးတိုးတက်မှု၊ စာပေနိမ့်ကျယိုယွင်းမှုများကို တစ်ထိုင်တည်းနှင့် သိရှိသွားစေရန် ရည်ရွယ်ပြီး မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ်များကို ထုတ်ဝေလျက်ရှိပါသည်။ အတွဲ ၁၀၀ ၏ပထမဆုံး ခြေလှမ်းအဖြစ်မူ ဝတ္ထုရှည်ဘာသာရပ်ဖြင့် စတင်ခဲ့ပြီး မြန်မာ့ပထမဆုံးဝတ္ထုရှည်ဖြစ်သော ဂျိမ်းစ်လှကျော် ရေးသားသည့် မောင်ရင်မောင် မမယ်မ၊ ဝန်စာရေးဦးကြီး၏ ချဉ်ပေါင်ရွက်သည် မောင်မိုင်းနှင့် မအေးခင်၏ ချစ်ရိုးအမှန်ဝတ္ထုရှည်စသည်တို့ကို အစိုးရသစ်လက်ထက်တွင် ပြန်လည်အားသစ်လောင်းကာ ထုတ်ဝေနိုင်ခဲ့ပါသည်။










ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသည် အမည်နာမပါ စကားလုံးများအတိုင်း ပုံနှိပ်ရေး၊ ထုတ်ဝေဖြန့်ချိရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ရသည်။ ပုံနှိပ်ဟုဆိုရာတွင် နိုင်ငံတော်၏ အရေးကြီးစာရွက်စာတမ်းများ၊ မြန်မာနိုင်ငံပြန်တမ်းများကို ယခင်အစဉ်အလာအတိုင်း ရိုက်နှိပ်ရသကဲ့သို့ ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းစာအုပ်များကိုလည်း ပုံနှိပ်စက်ရုံများစွာ၊ ပုံနှိပ်ဝန်ထမ်းများစွာဖြင့် ပုံနှိပ်ပေးလျက်ရှိသည်။

**စာပေဗိမာန် သို့မဟုတ် စာအုပ်များနှင့် ကမ္ဘာ**

စာပေဗိမာန်သည် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအောက်တွင်ရှိသည့် မြန်မာစာပေဖွံ့ဖြိုးရေးများ စဉ်ဆက်မပြတ်လုပ်ဆောင်ရာဌာနဖြစ်သည်။ ၁၉၄၈ ခုနှစ်ကတည်းက စတင်မွေးဖွားခဲ့ပြီး ယခုအစိုးရ၏ တတိယ(၁)နှစ်တာအတွင်း စာပေဖွံ့ဖြိုးတိုးတက်မှု၊ စာပေသိက္ခာ ခိုင်ခံ့မှုတို့ကို လက်ကိုင်ထားကာ အမျိုးသားစာပေ တစ်သက် တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေ ဗိမာန်စာမူဆုများကို ရွေးချယ်ချီးမြှင့်ပေးနိုင်ခဲ့ သည်။ စာပေဗိမာန်မှ ပြည်သူလူထုစာပေ အသိအမြင် တိုးတက်စေရေး၊ လူမှုဘဝ ဖွံ့ဖြိုးရှင်သန်စေ ရေး စသည့်လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကို အခြေခံကာ ဆောင်ရွက်လျက်ရှိသည်။

**မြန်မာဂန္ထဝင်အတွဲ ၁၀၀ စတင်ထုတ်ဝေနိုင်ခဲ့ပြီ**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသည် စာပေဗိမာန်ရုံးကို အခြေတည်လျက် စာအုပ်များစွာ ထုတ်ဝေခဲ့ရာတွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်းက မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ် အတွဲ-၁၊ အတွဲ-၂ နှင့် အတွဲ-၃ တို့ကို စတင်ထုတ်ဝေနိုင်ခဲ့သည်။ အတွဲ ၁၀၀ စာစဉ်ထုတ်ဝေခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ် နှစ်ဦးပိုင်းကတည်းက စတင်အခြေတည်ခဲ့ပြီး ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် အကောင်အထည်ဖော်ကာ ထုတ်ဝေနိုင်ခဲ့ခြင်းဖြစ်သည်။

ပထမတွဲတွင် မြန်မာ့ဂန္ထဝင်ဝတ္ထုရှည်များ ထုတ်ဝေခဲ့သည့်နည်းတူ ဒုတိယတွဲတွင်လည်း ဦးလတ်၏ ရွှေပြည်စိုး၊ ရွှေဥဒေါင်း၏ ရတနာပုံနှင့် ဘီအေမောင်ဘသန်း၏ ထာဝရမေတ္တာ (သို့မဟုတ်) ဘီအေမောင်ဘလွင် စသည့်ဝတ္ထုများကို စုစည်းထုတ်ဝေနိုင်ခဲ့သည့်အပြင် တတိယတွဲတွင် ပီမိုးနင်း၏ နေရီရီ၊ ဦးလတ်၏ တနန်းပျော်ရင်သွေးတော်နှင့် သခင်ကိုယ်တော်မှိုင်း၏ မှာတော်ပုံဝတ္ထုများကို နှစ်ရှည်ထိန်းသိမ်းခံအဖြစ် အရည်အသွေးမြင့်မားစွာ ထုတ်ဝေနိုင်ခဲ့ပြီဖြစ်သည်။ ယင်းသို့ မြန်မာဂန္ထဝင်အတွဲ ၁၀၀ ၏ စာစဉ် ရှေးဦးအတွဲ သုံးတွဲထုတ်ဝေခြင်းကို ၂၀၁၈ ဒီဇင်ဘာ ၃ ရက်က အောင်မြင်စွာ ဖြန့်ချိထုတ်ဝေနိုင်ခဲ့သည်။

**စာပေဆုများကို ရွေးချယ်ချီးမြှင့်ပေး**

စာပေဗိမာန်သည် ၂၀၁၆ ခုနှစ် စာပေဗိမာန်စာမူဆုအတွက် ဘာသာရပ် (၁၃) မျိုး၌ ၁၃ မျိုးလုံး ချီးမြှင့်နိုင်ပြီး ဆုပေါင်း ၂၆ ဆုကို ရွေးချယ်နိုင်ခဲ့ပါသည်။ စာပေပညာရှင်နှင့် ကျွမ်းကျင်ပညာရှင် ၂၈ ဦးမှ စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့မှ ပဏာမ၊ ဆန်ခါတင်နှင့် အတည်ပြုဟူ၍ အဆင့်သုံးဆင့်ဖြင့် ရောက်ရှိစာမူပေါင်း ၂၉၂ စောင်အနက်မှ ရွေးချယ်ပေးခဲ့ခြင်းဖြစ်ပြီး ဆုကြေးမှာ ပထမဆုအတွက် ကျပ်ခုနစ်သိန်း၊ ဒုတိယဆုအတွက် ကျပ်ငါးသိန်း၊ တတိယဆုအတွက် ကျပ်သုံးသိန်း သတ်မှတ်ခဲ့သည်။

၂၀၁၇ ခုနှစ် စာပေဗိမာန်စာမူဆုများတွင် နိုင်ငံရေးစာပေနှင့် အင်္ဂလိပ်စာမူ ဘာသာရပ်မှလွဲ၍ ဘာသာရပ် ၁၁ မျိုးအတွက် ဆုပေါင်း ၂၅ ဆုကို ရွေးချယ်ပေးခဲ့ပြီး စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် ၂ နှစ်သက်တမ်းအဖွဲ့ဖြစ်သဖြင့် စာပေပညာရှင်နှင့် ပညာရပ်ကျွမ်းကျင်ပညာရှင် ၂၈ ဦးတို့ကပင် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဆုကြေးများမှာ ပထမဆုအတွက် ငွေကျပ်ဆယ်သိန်း၊ ဒုတိယဆုအတွက် ငွေကျပ်ခုနစ်သိန်းနှင့် တတိယဆုအတွက် ငွေကျပ်ငါးသိန်းဟူ၍ အသီးသီးတိုး၍ ချီးမြှင့်ခဲ့သည်ကို မြင်တွေ့ရသည်။

စာပေဗိမာန်သည် ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့်အဖွဲ့ငယ်များကို ၂၀၁၆ ခုနှစ်အတွင်း မှစ၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ရာ အဖွဲ့ဝင် ၇၇ ဦးပါဝင်သော အမျိုးသားစာပေဆု စိစစ် ရွေးချယ်ရေး ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ၁၂ ဦး နုတ်ထွက်ခဲ့ရာ ကော်မတီဝင် ၆၅ ဦးဖြင့် ရွေးချယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

၂၀၁၆ ခုနှစ်အတွက် စာအုပ်ပေါင်း ၉၆၆ အုပ်ကို ဘာသာရပ် ၁၆ မျိုးခွဲကာ အမျိုးသား စာပေဆု မူဝါဒစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွေးချယ်ခဲ့ရာတွင် ဘာသာရပ် ၁၀ မျိုးကို ဆုရွေးချယ်နိုင်ခဲ့ပြီး အမျိုးသားစာပေ တစ်သက်တာစာပေဆုကို ပညာရှင်သုံးဦးအား ရွေးချယ်နိုင်ခဲ့ပါသည်။ ဆုကြေးငွေကို အမျိုးသားစာပေ တစ်သက်တာဆုအတွက် ငွေကျပ် ၂၅ သိန်း၊ အမျိုးသား စာပေဆုအတွက် ငွေကျပ် ၁၅ သိန်း ချီးမြှင့်နိုင်ခဲ့သည်ကို မြင်တွေ့ရသည်။

စာပေဗိမာန်သည် ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို အဖွဲ့ဝင် ၆၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ထိုတွင် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်သူ နှစ်ဦး ရှိလာသောကြောင့် အဖွဲ့ဝင် ၆၃ ဦးဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ထိုတွင် ကဗျာဆုအတွက် အစဉ်အလာ ကဗျာနှင့်အတူ ခေတ်ပေါ်ကဗျာကို စိစစ်ခွင့်ပြုခြင်း၊ ကဗျာဆုကို အစဉ်အလာနှင့် ခေတ်ပေါ်မခွဲခြားဘဲ ကဗျာဆုတစ်ဆုတည်း သတ်မှတ်ခြင်းကို ထပ်မံအတည်ပြုပေးသည့်အပြင် ရသစာတမ်း (အက်ဆေး) ဆုနှင့် ရည်ညွှန်းစာပေဆုဟူ၍ ဆုနှစ်ဆုကိုလည်း တိုးချဲ့ခဲ့ခြင်းကြောင့် ဘာသာရပ် ၁၈ မျိုးဖြင့် တိုးမြှင့်ချီးမြှင့်ရန်အတွက် အတည်ပြုနိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုကို စာအုပ်ပေါင်း ၉၉၁ အုပ်အား ဘာသာရပ် ၁၈ မျိုးခွဲ၍ စိစစ်ရာ ၁၁ မျိုးအား ချီးမြှင့်နိုင်ခဲ့ပါသည်။ အမျိုးသား စာပေ တစ်သက်တာဆုကိုမူ ယခင်နှစ်များကဲ့သို့ ပညာရှင်သုံးဦးအား ရွေးချယ်ချီးမြှင့်နိုင်ခဲ့သည်။ ဆုကြေးငွေကို အမျိုးသားစာပေတစ်သက်တာဆုအတွက် ငွေကျပ်သိန်း ၅၀၊ အမျိုးသားစာပေဆုအတွက် ငွေကျပ် ၂၅ သိန်းချီးမြှင့်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

**မြန်မာ့စွယ်စုံကျမ်းအား ပြန်လည်ဆန်းသစ်**

၁၉၅၄ ခုနှစ်၊ ဘာသာပြန်စာပေအသင်း အနေဖြင့် တည်ရှိစဉ်က ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်း ၁၅ တွဲကို ခေတ်နှင့်အညီ ပြန်လည်ထုတ်ဝေရန်အတွက် ပြင်ပအဖွဲ့အစည်းဖြစ်သည့် ထွန်းဖောင်ဒေးရှင်းနှင့် လက်တွဲကာ ၂၀၁၇ ခုနှစ် နှစ်စပိုင်းမှစ၍ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရေးလုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။ ယခုအခါ မြန်မာ့စွယ်စုံကျမ်း အတွဲ-၁ သည် အချောသပ် လုပ်ငန်းဆောင်ရွက်ပြီးစီးနေပြီး နောင်ဆက်လက် ထုတ်ဝေမည့် စွယ်စုံကျမ်းအတွဲများနှင့် ညီညွတ်မှုရှိစေရန် အတွက် အချို့တည်ပုဒ်များ၊ စာမျက်နှာ ဖွဲ့စည်းပုံများကို အသေးစိတ်ပြုပြင်ဆောင်ရွက်လျက်ရှိသည်ဖြစ်ရာ မကြာမီ စွယ်စုံကျမ်းအတွဲ-၁ ကို ပရိသတ်များနှင့် မြန်မာစာပေ ချစ်သူများထံ မှောက်အရောက်ပေးအပ်နိုင်တော့မည် ဖြစ်ကြောင်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာနမှ သိရှိရပါသည်။

စွယ်စုံကျမ်း ပြန်လည်ဆန်းသစ်ဖြည့်စွက်ခြင်းလုပ်ငန်းသည် နှစ်ရှည်လများ လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး ယခင် မြန်မာ့စွယ်စုံကျမ်းများကို အတွဲ-၁ မှ အတွဲ-၁၅ အထိ ပြုစုဆောင်ရွက်ရာ၌ ၂၂ နှစ်ခန့် ကြာမြင့်ခဲ့သည်ကို သိရှိရသည်။ ယခုထုတ်ဝေမည့် စွယ်စုံကျမ်းများကိုမူ အချိန်ကာလတစ်ခုအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်ကြိုးပမ်းသွားမည်ဖြစ်ကာ စာပေဗိမာန်စာတည်းအဖွဲ့ကို ဗဟိုပြုလျက် ထွန်းဖောင်ဒေးရှင်းက တာဝန်ပေးအပ်သော ပညာရှင်များ၊ ကွန်ပျူတာအဖွဲ့များနှင့်အတူ စာပေဗိမာန် ရည်ညွှန်းကျမ်းပညာရှင်များ၏ ဒေါက်တိုင်အင်အားဖြင့် အမြန်ဆုံးပြီးစီးအောင် ကြိုးပမ်းလျက်ရှိပါသည်။

စိန်ရတုစာပေဗိမာန်အတွက် အခြေခံကောင်းများကို မွေးထုတ်ပေးနိုင်ခဲ့သည့် နှစ် ၇၀ ပြည့် စာပေဗိမာန်အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်က စာပေဗိ မာန်တွင် ကျင်းပခဲ့ပြီး အခမ်းအနားနှင့်အတူ အထိမ်းအမှတ်စာအုပ်ကိုလည်း ထုတ်ဝေနိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်မြင်တွေ့ရသည်။

**ပြည်သူများအတွက် ဉာဏ်မျက်စိအလင်းဖွင့်ပေး**

မူလတန်းအကြိုနှင့် မူလတန်းကျောင်းသားများအတွက် ရည်ရွယ်ထုတ်ဝေသော ရွှေသွေးဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်းတွင် ထုတ်ဝေလျက်ရှိသကဲ့သို့ အထူးထုတ် စာအုပ်များအဖြစ် ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ်နှင့် ၂၀၁၈ ခုနှစ်တွင် ရွှေရတုအကြိုအထူးထုတ်အဖြစ် တစ်ကြိမ်၊ ၂၀၁၉ ခုနှစ် ရွှေရတုအထူးထုတ်အဖြစ် တစ်ကြိမ် အောင်မြင်စွာ ထုတ်ဝေပေးနိုင်သည့်အတွက် အနာဂတ်လူငယ်များအတွက် စာပေမှတ်တိုင်တစ်ခုပင်ဖြစ်သည်။

အပတ်စဉ်ထုတ်ဝေလျက်ရှိသော သုတပဒေသာဂျာနယ်သည် လူငယ်များအတွက် ပင်မရည်ရွယ်ချက်ထားရှိပြီး ယင်းကိုဘာသာပြန်စာမူများနှင့် စုပေါင်း၍ တစ်လ တစ်ကြိမ်ခန့် ထုတ်ဝေခဲ့သည့်အပြင် ၂၀၁၇ ခုနှစ်တွင် စာပေဗိမာန် နှစ် ၇၀ ပြည့် အထိမ်းအမှတ်အနေဖြင့်လည်း လက်ရွေးစင်ဆောင်းပါးများကို စုစည်းကာ သုတပဒေသာ ဆောင်းပါး ပေါင်းချုပ်အဖြစ် ထုတ်ဝေခဲ့သည်။ စာပေဗိမာန်က ဘာသာပြန်စာအုပ်များဖြစ်သည့် ဟီလာရီကလင်တန်၏ ခေါင်းဆောင်မှုလျှို့ဝှက်ချက်စာအုပ်နှင့် နိုင်ငံသား ဖြစ်ခြင်း၏ တန်ဖိုး၊ ကြယ်စင်များဆီသို့နှင့် အာရှ လူငယ်များ စာအုပ်တို့ကို ဘာသာပြန်ဆို ထုတ်ဝေနိုင်ခဲ့သည်။

တစ်ဆက်တည်းတွင် ဂျပန်နိုင်ငံ Shanti စေတနာ့ဝန်ထမ်းအဖွဲ့နှင့် ပူးပေါင်း၍ လူငယ်များအတွက် ဘာသာပြန်ပြိုင်ပွဲများ ကျင်းပပြီး ပထမဆုရ စာအုပ်များကို ပုံနှိပ်ထုတ်ဝေခြင်း၊ ကလေးစာပေဘာသာပြန်စာအုပ်ဖြစ်သည့် ကမ္ဘာတစ်လွှားရှိ မိတ်ဆွေများစာအုပ်ကို ပုံနှိပ်ထုတ်










ဝေခြင်းများပြုလုပ်ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနရှိ စာကြည့်တိုက်များသို့ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ပြည်သူ့လက်စွဲစာစဉ်မှအစပြု၍ စာပေဗိမာန်စာမူဆုပြိုင်ပွဲမှ ဆုရစာမူများ၊ ပခုက္ကူစာပေဆုမှ ဆုရစာအုပ်များနှင့် သီးခြားထုတ်ဝေသော စာအုပ်များကို အစိုးရ၏ သုံးနှစ်တာကာလအတွင်း အုပ် ၁၀၀ ခန့် ထုတ်ဝေခဲ့ပြီး စာပေဆုရကလောင်သစ်များစွာကို မွေးထုတ်ပေးနိုင်ခဲ့သည့်အပြင် ခေတ်ပြိုင်အကြောင်းအရာများ ထင်ဟပ်ထားသည့် ရသစာအုပ်များအဖြစ် စာပေဗိမာန် စာမူဆုရ စာအုပ်များ၏ အခင်းအကျင်းအသစ်ကို ဖော်ကျူးနိုင်ခဲ့သည်မှာလည်း သုံးနှစ်တာအတွင်း ဦးစီးဌာန၏ စွမ်းဆောင်ချက်များပင်ဖြစ်သည်။ ***စာမျက်နှာ ၉ သို့***

**“ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသည် အမည်နာမပါ စကားလုံးများအတိုင်း ပုံနှိပ်ရေး၊ ထုတ်ဝေဖြန့်ချိရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ရသည်။ ပုံနှိပ်ဟုဆိုရာတွင် နိုင်ငံတော်၏ အရေးကြီးစာရွက်စာတမ်းများ၊ မြန်မာနိုင်ငံပြန်တမ်းများကို ယခင်အစဉ်အလာအတိုင်း ရိုက်နှိပ်ရသကဲ့သို့ ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းစာအုပ်များကို ပုံနှိပ်စက်ရုံများစွာ၊ ပုံနှိပ်ဝန်ထမ်းများစွာဖြင့် ပုံနှိပ်ပေးလျက်ရှိသည်”**

*စာမျက်နှာ ၈ မှ*

**စာပေဗိမာန်ပြည်သူ့စာကြည့်တိုက် သက်ဝင်လှုပ်ရှား**


စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ကို ၁၉၅၀ ပြည့်နှစ်ကျော်က စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်သော စာများရရှိရေးကို ရည်ရွယ်သည့် အလျောက် အရွယ်မျိုးစုံ စာဖတ်သူများ ဖတ်ရှုလေ့လာနိုင်သော စာအုပ်များဖြင့် ဖွဲ့စည်းထားရှိခဲ့ပါသည်။ ထိုစာကြည့်တိုက်သည် ဝါသနာရှင်အဆင့်မှ လေ့လာသူအဆင့်အထိ အဆင့်ဆင့်သော စာဖတ်သူများအတွက် မိမိအာရုံနှင့်ရာအလိုက် အသုံးပြုနိုင်ရန် စီစဉ်ထားသော စာကြည့်တိုက်ဖြစ်သည်။ ယခုအခါတွင် စာပေဗိမာန်စာကြည့်တိုက်၌ စာတမ်းရေးလိုသူ၊ စာတမ်း ဖတ်လိုသူ၊ ကျမ်းပြုစုလိုသူများအတွက် အထူး ကူညီပေးနိုင်သည့် ဝန်ဆောင်မှုများကို ပေးအပ်ခဲ့သည်။ ရည်ညွှန်းစာကြည့်တိုက်၊ ခေတ်မီစာကြည့်တိုက်၊ ကလေးစာကြည့်တိုက် စသည်ဖြင့်လည်း ခွဲခြားစီစဉ်ထားသောကြောင့် ကလေးများအတွက် စာဖတ်ရုံသာမက ပုံပြောပြိုင်ပွဲများ၊ စကားစွမ်းရည်ပြိုင်ပွဲများကိုပင် အောင်မြင်စွာကျင်းပပေးနိုင်ခဲ့သည်။

**စာပေကဏ္ဍ လမ်းသစ်ဖောက်လုပ်**

စာပေဗိမာန်သည် ပြန်ကြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် စာတမ်းဖတ်ပွဲများ၊ စာအုပ် စျေးရောင်းပွဲတော်များ၊ စာပေဆွေးနွေးပွဲများနှင့် စာအုပ်လမ်းဖောက်ခြင်းလုပ်ငန်းများတွင် တတ်အားသရွေ့ အကူအညီပေးလျက်ရှိသည်ကိုလည်း မြင်တွေ့ရသည်။

၂၀၁၉ ခုနှစ်အတွင်းတွင် စာပေပွဲတော် အစီစဉ်သစ်တစ်ရပ်အနေဖြင့် အမျိုးသား စာပေဆုရရှိသူများပါဝင်သည့် စာပေစကားဝိုင်းဆွေးနွေးပွဲကို ၂၀၁၉ ခုနှစ် နှစ်စပိုင်းတွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (ရုံးချုပ်)၌ ကျင်းပနိုင်ခဲ့သည်။ မိမိတို့စာအုပ်များ အဘယ်ကဲ့သို့ အမျိုးသားစာပေဆု ရရှိခဲ့သည်ကို အကြောင်းပြုကာ စာပေရေးရာ အဝန်းအဝိုင်းတစ်ခုလုံးကို လွှမ်းခြုံနိုင်သော ဆွေးနွေးပွဲအဖြစ် အကျိုးရလဒ်များစွာ ရရှိစေခဲ့သည်။

၂၀၁၆-၂၀၁၇ ခုနှစ် ကာလအတွင်းတွင် နိုင်ငံ ရေးစာတမ်းဖတ်ပွဲ၊ ခေတ်ပြိုင်သမိုင်းဆိုင်ရာ













စာတမ်းဖတ်ပွဲ၊ ဘာသာပြန်ဆိုင်ရာ စာတမ်းဖတ်ပွဲများကို ကျင်းပသည်နှင့် တစ်ပြိုင်နက် ထိုစာတမ်းဖတ်ပွဲများ ဘေးပတ်လည် တစ်လျှောက်တွင် နွေရာသီ၊ မိုးရာသီ၊ ဆောင်းရာသီစာအုပ် စျေးရောင်းပွဲတော်များကို ကျင်းပပေးခဲ့သည်။

ထို့ပြင် စာအုပ်စျေးရောင်းပွဲတော် ယဉ်ကျေးမှု ထွန်းကားလာစေရန်နှင့် ပြည်သူများ စာအုပ်ဝယ်ယူရာတွင် အဆင်ပြေစေရန် အတွက် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား နေရာကို စာအုပ်လမ်းအဖြစ် သတ်မှတ်ပြီး မြန်မာနိုင်ငံ စာအုပ်ထုတ်ဝေသူများနှင့် ဖြန့်ချိသူများအသင်းနှင့်ပူးတွဲလျက် စာအုပ်ဆိုင် များခင်းကျင်းထားရှိရောင်းချခဲ့သည်။ မိုးရာသီကာလတွင်သာ ခေတ္တနားရုံမှလွဲ၍ ကျန်အချိန်များတွင် စာအုပ်လမ်းစျေးရောင်းပွဲတော်ကို ကျင်းပပေးခဲ့သဖြင့် စာချစ်သူများအတွက် လွယ်ကူစွာ တစ်နေရာတည်း စာပေရသမျိုးစုံ တို့ကို တို့ထိခံစားခွင့်ရရှိနိုင်ပြီဖြစ်သည်။

**စာပေဗိမာန် စာအုပ်အရောင်းဆိုင်**

စာပေဗိမာန် စာအုပ်အရောင်းဆိုင်သည် စာပေဗိမာန်မှ ထုတ်ဝေသော စာပေဆုရ စာအုပ်များအပါအဝင် အစိုးရစာပေတိုက် ၁၄ တိုက်နှင့် ပုဂ္ဂလိကစာပေတိုက် ၆၉၇ တိုက်မှ စာအုပ်များကို ရောင်းချပေးလျက်ရှိပါသည်။ စာအုပ်များကို လက်လှမ်းမီသမျှ ထားရှိနိုင်ရေး၊ စာအုပ်ဝယ်သူ ပြည်သူများအတွက် အစုံလင်ဆုံးသော စာအုပ်များ ရရှိနိုင်ရေးနှင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲမှု များစွာကို ဆောင်ရွက်ခဲ့သည်။

၂၀၁၈ ဩဂုတ်တွင် ယခင်နိုင်ငံ့ဂုဏ်ရည် နေရာ၌ စာပေဗိမာန် စာအုပ်အရောင်းဆိုင်သစ် ဆိုင်တစ်ဆိုင်ကို တိုးချဲ့ဖွင့်လှစ်ရောင်းချနိုင်ခဲ့သည်။ စာအုပ်အရောင်းဆိုင်နှင့်အတူ စာပေဗိမာန် စာအုပ်အသင်းကိုလည်း အောင်မြင်စွာထူထောင်ထားပြီးဖြစ်သဖြင့် စာအုပ်ထုတ်ဝေသူနှင့် စာဖတ်သူတို့အကြား အမြဲမပြတ်ထိတွေ့ရင်းနှီးနေစေသော စာပေဆက်ဆံမှုကို တည်ဆောက်ခွင့်ရရှိခဲ့သည့် နည်းတူ စာပေယဉ်ကျေးမှုတစ်ခုကိုလည်း ဖော်ဆောင်စေနိုင်ခြင်းဖြစ်ပါသည်။

စာပေဗိမာန်စာအုပ်အသင်းသည် နှစ်ပေါင်း ၅၈ နှစ်ခန့် သက်တမ်းရှိ လာပြီဖြစ်သည့်အပြင် အစိုးရသစ်လက်ထက် ပြုပြင်ပြောင်းလဲမှုများကြောင့်ပင် အသင်းဝင်ဦးရေ တိုးပွားလာခဲ့ရာ ယခုအချိန်တွင် ရန်ကုန်အသင်းဝင် ၆၇၆ ဦးနှင့် နယ်အသင်းဝင် ၃၆၅ ဦးအထိ ရှိလာခဲ့သည်။

**ကျောင်းသုံး၊ ရုံးသုံးအားလုံးပုံနှိပ်**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် ပညာရေးဝန်ကြီးဌာနက အပ်နှံသောအခြေခံပညာကျောင်းသုံးဖတ်စာအုပ်များ၊ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းကို နှစ်စဉ် အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းသုံး အမှာစောင်ရေ ၁၉ ဒသမ ၂၃၂ သန်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ကျောင်းသုံး စာအုပ် အမှာစောင်ရေ ၁၇ ဒသမ ၁၀၉ သန်းနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းသုံး စာအုပ် အမှာစောင်ရေ ၃၅ ဒသမ ၀၂၅ သန်းအား ဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

မှတ်တမ်းစာအုပ်များအနေဖြင့် ရခိုင်ပြည်နယ်၏ တစ်နှစ်တာကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းစာအုပ်၊ ရခိုင်ပြည်နယ် အကြံပြုချက်ပထမအကြိမ် ပြည်သူသို့ အစီရင်ခံစာ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ (ပထမအကြိမ်) မှတ်တမ်းစာအုပ်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ (ဒုတိယအကြိမ်) မှတ်တမ်းစာအုပ်၊ မြန်မာ့ဒီမိုကရေစီ ကူးပြောင်းမှုဖြစ်စဉ် မှတ်တမ်းစာအုပ်၊ ပြည်သူ့အတွက် ပထမရက်တစ်ရာစာအုပ်၊ ပြည်သူ့အတွက် ပထမတစ်နှစ်တာ မှတ်တမ်းစာအုပ်၊ ပြည်သူ့အတွက် ဒုတိယမှတ်တမ်းစာအုပ်၊ လူငယ်ဘက်စုံ ဖွံ့ဖြိုးရေး ပွဲတော်မှတ်တမ်း စာအုပ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ညီလာခံမှတ်တမ်းစာအုပ်၊ NCA လက်မှတ်ရေးထိုးပွဲမှတ်တမ်းတို့အား ပုံနှိပ်ပေးခြင်းဖြင့် နိုင်ငံ့တာဝန်များကို ကျရာကဏ္ဍမှ ထမ်းဆောင်ပေးလျက်ရှိပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲနှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များအား အချိန်မီ ပုံနှိပ်ပြီးစီးခြင်းဖြင့် တစ်နိုင်ငံလုံးအတွက် ဆန္ဒမဲများကို ရိုက်နှိပ်ပေးနိုင်ခဲ့သည်။



ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီး ဘုရားလမ်းရှိ ဖိုတိုလစ်သို ပုံနှိပ် စက်ရုံတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အတွက် ကျောင်းသုံး စာအုပ်များ ပုံနှိပ်ထုတ်လုပ် နေမှုကို တွေ့ရစဉ်။

> **“စာပေဗိမာန် စာအုပ်အရောင်းဆိုင်သည် စာပေဗိမာန်မှ ထုတ်ဝေသော စာပေဆုရ စာအုပ်များအပါအဝင် အစိုးရစာပေတိုက် ၁၄ တိုက်နှင့် ပုဂ္ဂလိကစာပေတိုက် ၆၉၇ တိုက်မှ စာအုပ်များကို ရောင်းချပေးလျက်ရှိပါသည်။ စာအုပ်များကို လက်လှမ်းမီသမျှ ထားရှိနိုင်ရေး၊ စာအုပ်ဝယ်သူ ပြည်သူများအတွက် အစုံလင်ဆုံးသော စာအုပ်များ ရရှိနိုင်ရေးနှင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲမှုများစွာကို ဆောင်ရွက်ခဲ့”**

**ဆက်လက်ရှေ့ဆက်မည့် စွယ်စုံကျမ်းနှင့် ဂန္ထဝင်စာတွဲများ**

မြန်မာ့စွယ်စုံကျမ်းပြန်လည်ထုတ်ဝေရေး လုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သဖြင့် အက္ခရာစဉ် စနစ်အရ ‘က’ တည်ပုဒ်ပြီးလျှင် ‘ခ’ တည်ပုဒ်၊ ‘ခ’ တည်ပုဒ်ပြီးလျှင် ‘ဂ’ တည်ပုဒ် အစရှိသည်ဖြင့် ‘အ’ အက္ခရာတည်ပုဒ် အထိ ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းများလည်း ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်း အတွဲ-၁ ကို အချောသပ်ဆောင်ရွက်လျက်ရှိပြီး မကြာမီ တင့်တယ်ခမ်းနားသည့် စွယ်စုံကျမ်း၏ ပထမဆုံးအတွဲကို စာဖတ်သူလက်ထဲသို့ အရောက်ပေးပို့နိုင်တော့မည်ဖြစ်ကြောင်း သိရပြီး စာတည်းအဖွဲ့မှလည်း အချိန်မီအမှားအယွင်းမရှိ ပြီးစီးနိုင်စေရန် ကြိုးပမ်းလျက်ရှိနေသည်။

ထို့အတူ မြန်မာဂန္ထဝင်အတွဲ (၁၀၀) စာစဉ် လုပ်ငန်းများကိုလည်း ဘာသာရပ်အလိုက် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ အစရှိသဖြင့် စာစဉ်အတွဲ (၁၀၀) ပြည့်မြောက် အောင်မြင်သည်အထိ ကြိုးစား ဖော်ဆောင်မည်ဖြစ်ပါသည်။

**စာပေကဏ္ဍမြင့်မားတိုးတက်ရေး သန္နိဋ္ဌာန်ထားရှိ**

စာအုပ်တစ်အုပ်ချင်းကို ဖတ်ရှုသည့် အချိန်သည် နေ့စဉ်လူမှုဘဝများအကြား လှုပ်ရှားရုန်းကန်နေကြရသူတို့အတွက် ခက်ခဲကြန့်ကြာနိုင်သဖြင့် ပြည်သူများ၏ အသိဉာဏ်ပညာများ ကြွယ်ဝစေရန်နှင့် စာပေသုတရသများ ပိုမိုသိရှိခံစားစေရန် ရည်ရွယ်၍ စာတမ်းဖတ်ပွဲများနှင့် စာပေဆွေးနွေးပွဲများကိုလည်း အစိုးရသစ်လက်ထက်နောက်ပိုင်းတွင် ပိုမိုတိုးချဲ့ပြုလုပ်လျက်ရှိသည်ကိုမြင်တွေ့ရသည်။ ခေတ်ပြိုင်စာပေအကြောင်းအရာ ပေါ်ပေါက်လာချက်များအရ စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်းလည်း သိရှိရသည်။

**လာမည့်နှစ်အတွက် အစီအမံများ ချမှတ်ဆောင်ရွက်နေ**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်ထုတ် စာအုပ်စာစောင်များ၊ အချိန်နှင့်တစ်ပြေးညီပုံနှိပ်ထုတ်လုပ်ခြင်း၊ အခြားအစိုးရဌာနများနှင့် ပုဂ္ဂလိကတို့က အပ်နှံသောလုပ်ငန်းများကို အရည်အသွေးကောင်းမွန်စွာ ပုံနှိပ်ခြင်း၊ နိုင်ငံတော်မှ ကျင်းပပြုလုပ်သည့် အခမ်းအနားများ၏ မှတ်တမ်းစာအုပ်များကို ပုံနှိပ်ထုတ်လုပ်ခြင်း စသည့်ပုံနှိပ်လုပ်ငန်းများ အပြင် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများအတွက် မဲလက်မှတ်များရိုက်နှိပ်ခြင်း၊ ရန်ကုန်မြို့တော်စည်ပင် ရွေးကောက်ပွဲအတွက် မဲလက်မှတ်များ ရိုက်နှိပ်ခြင်းများကို လုံခြုံမှုရှိစွာဖြင့် အချိန်မီပုံနှိပ်ပေးခြင်း၊ ပညာရေးဝန်ကြီးဌာန၏ ကြိုတင်ညှိနှိုင်းချက်အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၊ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းသုံး ဖတ်စာအုပ် အမှာစောင်ရေသန်း ၄၀ ခန့် ပုံနှိပ်ထုတ်လုပ်ခြင်း တို့ကို လာမည့်နှစ်အတွင်း ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံနှင့် ပြည်သူအတွက် ဝန်ဆောင်မှုများ ပေးအပ်သွားမည်ဖြစ်သည်။

**အပြာရောင်တံဆိပ်ကပ်အဆောက်အအုံကြီး ဆက်လက်ရှင်သန်**

လွန်ခဲ့သည့်နှစ်ပေါင်း ၁၃၀ ခန့်က ရန်ကုန်ဗဟိုအကျဉ်းထောင်အဖြစ် တည်ဆောက်ထားခဲ့ပြီး အစိုးရပုံနှိပ်တိုက်အဖြစ်လည်းကောင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအဖြစ်လည်းကောင်း အဆင့်ဆင့်ပြောင်းလဲတာဝန်ပေးအပ်ခြင်းခံရသည့် သမိုင်းဝင်အဆောက်အအုံကြီးသည် ရန်ကုန်မြို့ပြအမွေအနှစ်တစ်ခုအဖြစ် အပြာရောင်ကမ္ပည်း တပ်ဆင်ခတ်နှိပ်ခြင်းကိုလည်း ဂုဏ်ယူစွာ လက်ခံရရှိထားပြီး ဖြစ်ပါသည်။

တစ်ချိန်က တံခါးအထပ်ထပ်ဖြင့် တိတ်ဆိတ်ခြောက်သွေ့လျက်ရှိသည့် သိမ်ဖြူလမ်းမကြီးကို မေးတင်ထားသည့် ဂန္ထဝင်အဆောက်အအုံကြီးသည် ယခုအခါ စာပေချစ်သူများ၏အသံများ၊ စာပေဆွေးနွေးပွဲများ၊ စာအုပ်အရောင်းပွဲတော်များနှင့် စာတမ်းဖတ်ပွဲများ ကျင်းပလာနိုင်ခြင်းကြောင့် စာပေအိုအေစစ်သဖွယ် ခံ့ညားစွာ ပြန်လည်အသက်ဝင်နိုင်ခဲ့ပြီဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၏ ပင်မဒေါက်တိုင်ကြီးများအနက် တစ်ခုဖြစ်သည့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနသည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် အနာဂတ် လူသားအရင်းအမြစ်များ အတွက် သမိုင်းအချက်အလက်များ စုစည်းပေးရာ၊ စာပေဂုဏ်ကို မြှင့်တင်ပေးရာ၊ အရေးပါသည့် စာရွက်စာတမ်းများအား ပုံနှိပ်ဖြန့်ချိပေးရာ ဌာနကြီးတစ်ခုအဖြစ် ဂုဏ်ယူစွာဖြင့် အနာဂတ် နေ့ရက်များဆီသို့ ဖြတ်သန်းသွားမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးအဆောက်အဦသစ် ဖွင့်လှစ်

**ရန်ကုန် မတ် ၃၀**

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြား ရေးမှူးရုံး အဆောက်အဦသစ်ဖွင့်ပွဲအခမ်းအနားကိုယနေ့ညနေ ၅ နာရီကရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၁၀)ရပ်ကွက်ရှိ အဆိုပါတိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသစ်အဆောက်အဦတွင် ကျင်းပရာ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက်သည်။**




**ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြစဉ်။** သတင်းစဉ်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့်တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ညွှန်ကြားရေးမှူးရုံး ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က အဖွင့်အမှာစကား ပြောကြားရာတွင် ဝန်ကြီးဌာန၏ရုံးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်ပြီး တိုင်းရင်းသားအရေးကို ဆောင်ရွက်လျက်ရှိရာ ယနေ့ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးကို ဝန်ကြီးဌာန၏ သုံးနှစ်ပြည့် မင်္ဂလာအခါသမယနှင့် တိုက်ဆိုင်ပြီး အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါ ကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ကဏ္ဍအလိုက် ရည်မှန်းချက် အသီးသီးကို အကောင်အထည်ဖော်နေသည့် ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၊ အရပ်ဘက် တိုင်းရင်းသားအဖွဲ့အစည်းများနှင့်အတူ လက်တွဲပြီး တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာနက ကြိုးပမ်းထမ်းဆောင်ရာတွင် တည်ငြိမ်မှုကိုလည်း မထိခိုက်စေ၊ အပြောင်းအလဲတွေလည်း ဖြစ်ပေါ်စေဆိုသည့် အခြေခံမူနှင့် အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ညှိနှိုင်းဆောင်ရွက်**

မိမိတို့ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးဆိုရာတွင် ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည်များကို နိုင်ငံ၏ ဘဏ္ဍာငွေ အခြေအနေပေါ် မူတည်ပြီး နိုင်ငံအဝန်း အချိုးညီ တိုးတက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး စသည့်လူမှုစီးပွားဘဝ မြင့်တင်ရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရာတွင် ဘဏ္ဍာငွေလိုအပ်ချက်သည်လည်း ပိုမိုများပြားလာသည် ဖြစ်သည့်အလျောက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အနေနှင့် နိုင်ငံ၏အမျိုးသား ထုတ်ကုန်တိုးတက်ရေးတွင် အထူးကြိုးပမ်းကြရန် တိုက်တွန်းနှိုးဆော်လိုပါကြောင်း၊ နိုင်ငံ ထုတ်ကုန်တိုးမှ အမျိုးသားဝင်ငွေ တိုးတက်မည်ဖြစ်ပြီး ညီနောင်တိုင်းရင်းသားတွေ၏ လူမှုစီးပွားဘဝမြှင့်တင်ရေး ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ဒီနေရာတွင် ပြောကြားလိုသည့် အရေးကြီးကိစ္စတစ်ခုအနေဖြင့် တိုင်းရင်းသား လူငယ်များနှင့် စိတ်ကြွရူးသွပ်ဆေးဝါးအန္တရာယ်ဖြစ်ပါကြောင်း၊ ယနေ့ အချိန်အခါတွင် စိတ်ကြွရူးသွပ်ဆေးပြား များ တိုင်းရင်းသားလူငယ်များအကြား အကြီးအကျယ် ပျံ့နှံ့လျက်ရှိပြီး လူငယ်ထု၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အနာဂတ်အလားအလာ ကောင်းများကို အဓိက ဖျက်ဆီးနေခြင်းဖြစ်ပါကြောင်း။

လူငယ်ထုတင်မက အသက်အရွယ် မရွေး အလွှာအသီးသီးနှင့် ဘာသာရေး နယ်ပယ်ပါမကျန် စိမ့်ဝင်ပြီး နိုင်ငံဖွံ့ဖြိုး တိုးတက်မှုကို ထိခိုက်စေမည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ပါကြောင်း။

အဆိုပါ အန္တရာယ်ကို ရပ်ရွာလူထု၏ ပူးပေါင်းပါဝင်မှုမရှိဘဲ အစိုးရဌာနချည်း သက်သက်က တွန်းလှန်ချေမှုန်းနိုင်မည့် အခြေအနေမရှိပါကြောင်း ဖော်ပြလိုပါကြောင်း။ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးက မိမိတို့ အကျိုးစီးပွားကို တိုက်ရိုက်ထိခိုက်စေမည့် အန္တရာယ်ဖြစ်သည့်အလျောက် ပူးပေါင်းကာကွယ်ကြရန် အထူးတိုက်တွန်းအပ်ပါကြောင်း။

တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ပြည်ထောင်စု စိတ်ဓာတ် တိုးတက်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရန်ဆိုသည့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၏ မျှော်မှန်းချက် ပေါက်မြောက် အောင်မြင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံး တက်ကြွစွာဖြင့် ပါဝင်ကူညီ ဆောင်ရွက်ပေးကြရန် တိုက်တွန်း ပန်ကြားရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးဇော်အေးမောင်က အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ရုံးအဆောက်အဦနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

**စုပေါင်းဓာတ်ပုံရိုက်**

ယင်းနောက် ဒုတိယဝန်ကြီးက တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများသည် စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ **သတင်းစဉ်**




**တောင်ကြီးမြို့၌ အသစ်ဖွင့်လှစ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအရောင်းစင်တာကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။**

# တောင်ကြီးမြို့၌ အာဆီယံဒေသအတွင်း ဒုတိယအကြီးဆုံး ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအရောင်းစင်တာဖွင့်လှစ်

**ရန်ကုန် မတ် ၃၀**

အာဆီယံဒေသအတွင်း ထိုင်းနိုင်ငံပြီးပါက ဒုတိယအကြီးဆုံး လူသုံးကုန်နှင့် ဆောက်လုပ်ရေးပစ္စည်းအရောင်းစင်တာ PRO 1 Global Home Center(Ayetharyar Branch) ဖွင့်ပွဲကို မတ် ၃၀ ရက် နံနက် ၈ နာရီခွဲက ရှမ်းပြည်နယ်တောင်ကြီးမြို့ အေးသာယာ(၅)ရပ်ကွက်ရှိ ပြည်ထောင်စုလမ်းပေါ်ရှိ အဆိုပါ အဆောက်အအုံ၌ ကျင်းပသည်။

"ကျွန်တော်တို့အစိုးရအဖွဲ့ကလည်း စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရ လွယ်ကူလာစေဖို့ ဥပဒေပိုင်းဆိုင်ရာ လုပ်ငန်းပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်ပေးလျက်ရှိပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ တည်ဆောက်ရေး လုပ်ငန်းတွေဟာ အရှိန်အဟုန်နဲ့ တိုးမြှင့်ဆောင်ရွက်လာကြတာ တွေ့ရမှာဖြစ်ပါတယ်။ ဒီလိုတည်ဆောက်ရေးလုပ်ငန်းတွေ အတွက် အရည်အသွေးပြည့်ဝတဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများရောင်းချတဲ့ Pro 1 Global Home Center ဟာ အာဆီယံမှာ ထိုင်းနိုင်ငံပြီးရင် ဒုတိယအကြီးဆုံးစင်တာကြီးအဖြစ် သတ်မှတ်ခြင်းခံရတာကို သိရတာကလည်း မြန်မာနိုင်ငံသား တစ်ဦးအနေနဲ့ရော ရှမ်းပြည်နယ်သားတစ်ဦးအနေနဲ့ရော အထူးပဲ ဂုဏ်ယူမိပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က ပြောကြားသည်။

အဆိုပါ အရောင်းစင်တာဖွင့်ပွဲနှင့်အတူ ဈေးဝယ်ပရိသတ်အား အထူးလျှော့ဈေးများ၊ ကံစမ်းမဲများပေးအပ်သည့်အပြင် သင်္ကြန်ကာလအထူး လျှော့ဈေးအနေဖြင့် ဧပြီ ၁၂ ရက်တွင်း ဝယ်ယူပါက နာမည်ကြီးအမှတ်တံဆိပ်များ၏ ကုန်ပစ္စည်းများအား ၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအရောင်းစင်တာမှာ ဒေသခံ ၂၅၀ ကျော်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ပြီး ပြည်တွင်းဖြစ် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများသာမက ဂျပန်၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ တရုတ်နှင့်ဥရောပနိုင်ငံများမှဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား တစ်ပြိုင်နက်တည်းရရှိနိုင်မည်ဖြစ်သည်။

ထိုစင်တာတွင် အိမ်သုံးအီလက်ထရွန်နစ်ပစ္စည်းများ၊ အမိုးနှင့် မျက်နှာကြက်အလှဆင်ပစ္စည်းများ၊ ဘိလပ်မြေနှင့် သံချောင်းများ၊ မီးဖိုခန်းသုံးပစ္စည်းများ၊ ရေချိုးခန်းသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ နံရံနှင့် အခင်းကြွေပြားများ၊ လျှပ်စစ်မီးနှင့် ဆက်စပ်ပစ္စည်းများ၊ အိမ်သုတ်ဆေးများနှင့် ဓာတုပစ္စည်းများ၊ တံခါးနှင့် ပြတင်းပေါက်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ရေပိုက်နှင့်ဆက်စပ်ပစ္စည်းများ၊ အိပ်ခန်းအသုံးအဆောင်နှင့် ပရိဘောဂပစ္စည်းများကို တစ်နေရာတည်းတွင် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း- မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ- မျိုးကြီး**

# လာမည့် ဧပြီ ၁ ရက်တွင် ကျပ် ၁၀၀၀ တန်နှင့် ကျပ် ၅၀၀ တန် ထီဖွင့်ပွဲ ဖွင့်လှစ်ပေးမည်

**နေပြည်တော် မတ် ၃၀**

အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ဧပြီ ၁ ရက်တွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈ နာရီတွင် စတင် ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း သိရသည်။

(၂)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် ထီ ဖွင့်ပွဲတွင် "က" အက္ခရာမှ "အ" အက္ခရာအထိနှင့် "ကက" အက္ခရာမှ "ကဆ"အက္ခရာအထိ စုစုပေါင်းအက္ခရာ လုံးရေ အလုံး ၄၀၊ ထီစာအုပ် ၃၂၇၂၇၂၀ အုပ်ဖြစ်ပြီး ၄၃၅၅၇၇ ထီစာအုပ်သည် ရောင်းမကုန် ထီလက်မှတ်များ ဖြစ်ပေါ်ခဲ့သည်။ ရောင်းချရသည့် အက္ခရာပေါင်း ၃၄ ဒသမ ၆၈ လုံး၊ ထီစာအုပ် ၂၈၃၇၁၄၃ အုပ်၊ ထီလက်မှတ်စောင်ရေ ၃၁၂၀၅၇၃ စောင်ဖြစ်ရာ ရောင်းရငွေမှာ ကျပ်သန်း ၂၈၃၇၁ ဒသမ ၄၃၀ ဖြစ်သည်။ ယင်းရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းဖြစ်သည့် ကျပ်သန်းပေါင်း ၁၇၀၂၂ ဒသမ ၅၈ ကို ထီဆုငွေအဖြစ် ခွဲဝေချီးမြှင့်ပေးမည် ဖြစ်သည်။

အဆိုပါ ထီဖွင့်ပွဲတွင် အထူးဆုကြီး စနစ်မှ ကျပ်သိန်းတစ်သောင်းငါးထောင် (၁)ဆု၊ ကျပ်သိန်းငါးထောင်(၂)ဆု၊ ကျပ်သိန်းနှစ်ထောင်(၃)ဆု၊ ကျပ်သိန်း တစ်ထောင်(၅)ဆုဖြစ်ပြီး ဆုတစ်ဆုချင်း စနစ်မှ ကျပ်သိန်းငါးရာ၊ ကျပ်သိန်းနှစ်ရာ၊ ကျပ်သိန်းတစ်ရာ၊ ကျပ်သိန်းငါးဆယ်၊ ကျပ်သိန်းနှစ်ဆယ်၊ ကျပ်ဆယ်သိန်း၊ ငါးသိန်းနှင့် ဝေဝေဆာဆာ ပဒေသာဆုမဲများဖြစ်သည့် ကျပ်သုံးသိန်း၊ ကျပ်နှစ်သိန်း၊ ကျပ်တစ်သိန်းနှင့် ကျပ်ငါးသောင်း ဆုမဲများကို ဖွင့်လှစ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

(၂၅)ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီဖွင့်ပွဲတွင် "က" အက္ခရာမှ "ဌ" အက္ခရာအထိ စုစုပေါင်းအက္ခရာလုံးရေ ၁၂ လုံး၊ ထီစာအုပ် ၉၈၁၈၁၆ အုပ်ဖြစ်ပြီး ၂၀၃၄၄၈ ထီစာအုပ်သည် ရောင်းမကုန် ထီလက်မှတ်များ ဖြစ်ပေါ်ခဲ့သည်။ရောင်းချရသည့် အက္ခရာပေါင်း ၉ ဒသမ ၅လုံး၊ ထီစာအုပ် ၇၇၈၃၆၈ အုပ်၊ ထီလက်မှတ် စောင်ရေ ၈၅၆၂၀၄၈ စောင်ဖြစ်ရာ ရောင်းရငွေမှာ ကျပ်သန်း ၃၈၉၁ ဒသမ ၈၄၀ ဖြစ်သည်။ ယင်းရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းဖြစ်သည့် ကျပ်သန်းပေါင်း ၂၃၃၅ ဒသမ ၁၀၄ ကို ထီဆုငွေအဖြစ် ခွဲဝေချီးမြှင့်ပေးမည် ဖြစ်သည်။ ရောင်းမကုန် ထီလက်မှတ်များစာရင်းအား မတ် ၂၉ရက်တွင် www.irdmyanmar.gov.mm သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သတင်းရရှိသည်။

အဆိုပါ ထီဖွင့်ပွဲတွင် အထူးဆုကြီး စနစ်မှ ကျပ်သိန်းတစ်သောင်း (၁) ဆု၊ ကျပ်သိန်းတစ်ထောင် (၁)ဆုဖြစ်ပြီး ဆုတစ်ဆုချင်းစနစ်မှ ကျပ်သိန်းငါးရာ၊ ကျပ်သိန်းသုံးရာ၊ ကျပ်သိန်းတစ်ရာ၊ ကျပ်သိန်းငါးဆယ်၊ ကျပ်သိန်းသုံးဆယ်၊ ကျပ်ဆယ်သိန်းနှင့် ဝေဝေဆာဆာ ပဒေသာဆုမဲများဖြစ်သည့် ကျပ်သုံးသိန်း၊ ကျပ်နှစ်သိန်း၊ ကျပ်တစ်သိန်းနှင့် ကျပ်ငါးသောင်းဆုမဲများကို ဖွင့်လှစ်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဆုကြီးစနစ်နှင့်ဆုတစ်ဆုချင်းစနစ်မှ ရောင်းမကုန်ထီလက်မှတ်နံပါတ်ပေါ်ထွက်လာပါက ပြန်လည်ဖွင့်ပေးမည်ဖြစ်ပြီး ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်တွင် ရောင်းမကုန်ထီလက်မှတ်နံပါတ်မှ ဆုမဲပေါ်ထွက်လာပါက ဆုတန်ဖိုးများ စုပေါင်းပြီး အခြားသင့်လျော်သော ဆုမဲများဖြင့် အစားထိုးပြန်လည်ဖွင့်လှစ်ပေးမည် ဖြစ်သည်။

သို့ဖြစ်ပါ၍ (၂)ကြိမ်မြောက် ကျပ် ၁၀၀၀ တန်နှင့် (၂၅)ကြိမ်မြောက် ကျပ် ၅၀၀ တန် ထီပေါက်သည့် ကံထူးရှင်များအနက် ကျပ် ၁၀ သိန်းနှင့်အထက် ကံထူးရှင်များအား ဧပြီ ၂ ရက်တွင် စတင်၍ထီဆုငွေ ထုတ်ပေးမည်ဖြစ်ပြီး ကျန်ကံထူးရှင်များအား ဧပြီ ၁၁ ရက်တွင် စတင်လက်ခံဆောင်ရွက်ပေးမည် ဖြစ်သည့်အတွက် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲပြောင်းစာဖြင့်ဖြစ်စေ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများတွင် ထုတ်ယူနိုင်ပြီး ကျပ် ၁၀ သိန်းနှင့် အောက်ဆုငွေများကို ယင်းမြို့တို့ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲရုံးများအပြင် ရန်ကုန်တိုင်းဒေသကြီး ပြင်ပရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ယူနိုင်ပါကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။ **မောင်လူမော်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၃၀**

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် မကွေးမြို့၊ အောင်လံမြို့၊ ဆင်ဖြူကျွန်းမြို့၊ တောင်ငူမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# တိုင်းရင်းသားရေးရာ (Ethnics Affairs) ဂျာနယ် အမှတ်-၃ စတင်ဖြန့်ချိ

**ရန်ကုန် မတ် ၃၀**

မြန်မာရေးရာလေ့လာရေးအဖွဲ့ (Center for Myanmar Affairs Studies) က စီစဉ်ထုတ်ဝေသော တိုင်းရင်းသားရေးရာ (Ethnics Affairs) ဂျာနယ် အမှတ်-၃ (မတ် ၂၀၁၉) ထွက်ရှိလာသည်။

အမှတ်-၃ စာစောင်တွင် ပင်လုံ၏ ကျေးဇူး၊ မြန်မာတိုင်းရင်းသားများစာရင်း မှန်ကန်စွာဖော်ထုတ်ရေး၊ ချို တိုင်းရင်းသားများ၊ လားဟူရိုးရာစကားထာ၊ လော်ဝေါ်စကားထာ လော်ဝေါ်စကားဝှက်၊ ရခိုင်ရိုးရာတေးသီချင်းများ၊ မာန်အောင်ကျွန်းက ပျောက်ကွယ်လုဆဲ ဓလေ့ထုံးစံများ၊ ထားဝယ်တေးဟောင်းများ၊ ဒေသန္တရသုံးဗမာစကား၊ လူရှေးခေါ် မီဇိုတိုင်းရင်းသားများ၊ ကယားတိုင်းရင်းသားတို့၏ လူမှုရေး၊ စီးပွားရေးနှင့် ရိုးရာယုံကြည်မှုတို့ အပြန်အလှန်ဆက်နွှယ်ပုံ၊ သျှာမ်၊ မြန်မာဒေသိယစကားများ လေ့လာမှုဆောင်းပါးနှင့် စာတမ်းများ၊ မိုင်းပွန်စော်ဘွားနှင့် ကရင်အမျိုးသားခေါင်းဆောင် မန်းဘခိုင်တို့၏ ရုပ်ပုံလွှာ၊ သိန္နီရာဇဝင်မှတ်တမ်းများ ပါဝင်သည်။

စာရေးသူများအဖြစ် ဇော်ဂျီ၊ တင်ဇေ (ရှမ်းပြည်)၊ ဒေါက်တာကျော်လတ်၊ ဒေါက်တာသန်းထွန်း၊ မောင်မောင်သိုက်၊ မာန်အောင်ပီယ၊ မြန်ဂုဏ်ဆောင်၊ ထွဋ်ခေါင်၊ မောင်ဟေမာ၊ အိုနိုးတိုးရု (မဟာဝိဇ္ဇာ)၊ ဦးလျံနာ၊ ဒေါ်ခင်ခင်ဦး၊ ညိုနှင့် မောင်ဇေယျာတို့ ပါဝင်ရေးသားထားကြသည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့က တိုင်းရင်းသားရေးရာ (Ethnics Affairs) ဂျာနယ်ကို အမှတ်-၁မှစ၍ လေးလတစ်ကြိမ် ပုံမှန်ထုတ်ဝေလျက်ရှိပြီး နယ်ကိုယ်စားလှယ်များ၊ စာအုပ်ဆိုင်များနှင့် တစ်ဦးချင်းမှာယူလိုသူများအတွက် တိုင်းရင်းသားရေးရာ (Ethnics Affairs) ဂျာနယ် အမှတ်-၃ကို ဓူဝံစာပေ၊ အမှတ် ၂၁၂၊ ၃၁ လမ်း(အထက်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်သို့ မှာယူနိုင်သည်။ နယ်မှ တစ်ဦးချင်းမှာယူလိုသူများအတွက် စာတိုက်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် နေ့ချင်းအရောက် ပေးပို့သွားမည်ဖြစ်ပြီး မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း-၀၁ ၃၈၇၅၆၈ ဓူဝံစာပေ-




၀၁ ၃၈၅၅၉၇၊ ၀၉ ၇၃၂၀၃၀၃၂၊ Email, duwunsarpay 31 apperst @ gmail.com တို့ကို ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## သတင်းထုတ်ပြန်ချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲကို ၂၀၁၉ ခုနှစ် မတ် ၃၁ ရက် (တနင်္ဂနွေ) တွင် ကျင်းပမည်ဖြစ်သည်။

၂။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့မြို့နယ်တွင် တာဝန်ယူဆောင်ရွက်မည့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အဖွဲ့ဝင်(၁)နှင့် မြို့နယ်အဖွဲ့ဝင် (၂) တို့အားလည်းကောင်း၊ မဲဆန္ဒနယ်အလိုက် မြို့တော်ကော်မတီဝင်အဖြစ် ဝင်ရောက်အရွေးခံမည့် ကိုယ်စားလှယ်လောင်းအား လည်းကောင်း၊ ဆန္ဒမဲပေးရမည်ဖြစ်ရာ မဲရုံတစ်ရုံလျှင် အများဆုံး မဲပုံး (၄)ပုံးထားရှိမည်ဖြစ်၍ ဆန္ဒမဲလက်မှတ်(၄)စောင်ထုတ်ယူပြီး မဲဆန္ဒပေးရမည်ဖြစ်သည်။

၃။ မဲရုံများကို ၂၀၁၉ ခုနှစ်၊ မတ် ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီမှ စတင်ဖွင့်လှစ်ထားမည်ဖြစ်ပြီး ညနေ ၄ နာရီတွင် မဲရုံပိတ်သိမ်း၍ ရလဒ်စာရင်းများ တွက်ချက်ရေတွက်မည်ဖြစ်သည်။

၄။ သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ် ၃၃ မြို့နယ်တွင် နေထိုင်သူ မဲဆန္ဒရှင်များအနေဖြင့် ၂၀၁၉ ခုနှစ်၊ မတ် ၃၁ ရက် နံနက် ၆ နာရီမှ ညနေ ၄ ရီအတွင်း သက်ဆိုင်ရာမဲရုံများသို့ သွားရောက်ဆန္ဒမဲပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကောက်ပွဲကော်မရှင်**

# စတီးပစ္စည်းထုတ်လုပ်သည့်စက်ရုံများ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံ

**ရန်ကုန် မတ် ၃၀**

မြန်မာနိုင်ငံ၌ အဆောက်အအုံများ ဆောက်လုပ်ရာတွင် ရေရှည်အကြမ်းခံ၍ ခိုင်မာတောင့်တင်းသော စတီးပစ္စည်းများကို အစားထိုးဆောက်လုပ်လာကြရာ ပြည်ပရင်းနှီးမြှုပ်နှံသူများကလည်း စတီးပစ္စည်းထုတ်လုပ်သည့် စက်ရုံများ လာရောက်ရင်းနှီးမြှုပ်နှံကြလျက်ရှိကြောင်း သိရသည်။

ထိုသို့ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသူအနက် PEB Steel Myanmar သည် မြန်မာနိုင်ငံ၌ ပထမဆုံး စတီးစက်ရုံကို ရန်ကုန်တိုင်းဒေသကြီး သီလဝါအထူးစီးပွားရေးဇုန်တွင် ယမန်နေ့က စတင်ဖွင့်လှစ်ခဲ့သည်။ စက်ရုံကို လွန်ခဲ့သော တစ်နှစ်ခန့်မှ စတင်စမ်းသပ်လည်ပတ်ခဲ့ပြီးနောက် ယင်းနေ့တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါစက်ရုံမှာ သီလဝါအထူးစီးပွားရေးဇုန်အတွင်း စတုရန်းမီတာ ၃ သောင်းခန့် မြေအကျယ်ပေါ်တွင် အမေရိကန်ဒေါ်လာ ၂၅ သန်းခန့် ရင်းနှီးမြှုပ်နှံထားပြီး နောက်ဆုံးပေါ်နည်းပညာများကို အသုံးပြုကာ တစ်လလျှင် စတီးတန်ချိန် ၃၀၀၀ မက်ထရစ်တန်အထိ ထုတ်လုပ်နိုင်အောင် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

"အလွန်ရှုပ်ထွေးတဲ့ ဖွဲ့စည်းတည်ဆောက်မှုတွေကို ဒီမှာထုတ်ပြီး အာရှဒေသကို ပို့ကြည့်တော့ ဝယ်တဲ့သူတွေက မြန်မာမှာ ဒီလိုထုတ်နိုင်တယ်ဆိုတာကို သူတို့လက်ခံတယ်။ နောက်တစ်ခုက တခြားနိုင်ငံတွေမှာ ပြည်တွင်းထုတ်ကုန်ကို ကာကွယ်ပေးတဲ့ ဥပဒေရှိတယ်။ ဒီမှာကတော့ အဲဒါအားနည်းနေသေးတယ်" ဟု မြန်မာနိုင်ငံတွင် Steel Structure ထုတ်လုပ်မှုနှင့်ပတ်သက်၍ PEB Steel Myanmar မှ မန်နေဂျင်းဒါရိုက်တာ Mr. Adib Kouteili က ပြောသည်။

အရည်အသွေးမြင့် စတီးထုတ်ကုန်များကို အကြီးအင်ဂျင်နီယာ စတီးအဆောက်အအုံများ၊ စက်ရုံများ၊ ကုန်လှောင်ရုံများ၊ ကားပါကင်များ၊ အားကစားရုံများနှင့် Steel Structure နှင့် တည်ဆောက်ထားသော ရုံးခန်းများတွင် ပိုမိုအသုံးပြုလာကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးလုပ်ငန်းများ အရည်အသွေးမြင့်မားလာစေရန်အတွက် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးလျက်ရှိသော PEB Steel Myanmar သည် ၁၉၉၈ ခုနှစ်တွင် ရန်ကုန်မြို့၌ ပထမဆုံးကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ခဲ့ပြီး နှစ်ပေါင်း ၂၀ ကျော်ကာလအတွင်း စီမံကိန်းပေါင်း ၁၆၀ ကျော်အတွက် လိုအပ်သော အရည်အသွေးမြင့်ထုတ်ကုန်များကို ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ သီလဝါ အထူးစီးပွားရေးဇုန်ရှိ PEB Steel Myanmar မှ ထုတ်လုပ်သော စတီးထုတ်ကုန်များကို ပြည်တွင်းဖြန့်ဖြူးရုံသာမက ဖိလစ်ပိုင်နိုင်ငံသို့ပါ တင်ပို့လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**



**သောက်သုံးရေသန့် ဖူလုံစွာရရှိစေရေးနှင့် ယင်းသောက်သုံးရေသန့်များ လေလွင့်ပြုန်းတီးမှုများပပျောက်စေရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သဃ်္ဃန်းကျွန်းမြို့နယ်စည်ပင်သာယာ ရေသန့်ဌာနမှ မတ် ၂၈ ရက်က သဃ်္ဃန်းကျွန်းမြို့နယ် (က) ရပ်ကွက် နှင်းဆီကုန်းလမ်းမပေါ်ရှိ ယခင်မူလပျက်စီးနေသော PVC သောက်သုံးရေပိုက်ဟောင်းများ နေရာများ၌ အဆင့်မြင့် ကြာရှည်ခံ HDPE ရေပိုက်အသစ်များ အစားထိုးလဲလှယ် သွယ်တန်းတပ်ဆင်ခြင်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။**

တင်ကြည် (သဃ်္ဃန်းကျွန်း)

# စလင်းမြို့နယ် ကျေးရွာငါးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**စလင်း မတ် ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

စလင်းမြို့နယ် ပန်းဘဲစုကျေးရွာ၌ အရှည်ပေ ၆၃၀၀ အကျယ် ၁၂ ပေ ရှိ ကျေးရွာအဝင်လမ်း၊ မကျီးပင်ပုကျေးရွာ၌ ကျပ် ၁၀ သန်းဖြင့် အရှည်ပေ ၅၀၀၀၊ အကျယ် ၁၂ ပေရှိ ရွာတွင်းလမ်း၊ ကဒါန်းကျေးရွာ၌ ကျပ် ၁၀ သန်းဖြင့် အရှည်ပေ ၅၆၅၀၊ အကျယ် ၁၂ ပေရှိ ရွာတွင်းလမ်း၊ ပေါင်းဆည်ကျေးရွာ၌ ကျပ် ၁၀ သန်းဖြင့် အရှည်ပေ ၅၂၀၀ အကျယ် ၁၂ ပေရှိ ရွာတွင်းလမ်း၊ ကြူဝန်းကျေးရွာ၌ ကျပ် ၁၀ သန်းဖြင့် အရှည်ပေ ၅၄၅၀၊ အကျယ် ၁၂ ပေရှိ ရွာတွင်းလမ်းတို့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေ ကျပ် ၁၀ သန်းစီဖြင့် ကျေးရွာနေပြည်သူများကိုယ်တိုင် အကောင်အထည်ဖော်၍ မြေနီကျောက်စရစ်လမ်းများ ခင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဒေါ်ဝေဇင်ဝင်း (အငယ်တန်းအင်ဂျင်နီယာ-၃) နှင့် ဝန်ထမ်းများက မတ် ၂၈ ရက်က ကွင်းဆင်း၍ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခဲ့သည်။

ယခုလို လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခြင်းကြောင့် ကျေးရွာ ငါးရွာရှိ အိမ်ခြေ ၉၇၇ အိမ်မှ လူဦးရေ ၄၄၈၂ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများတွင် ပို၍ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း ကြူဝန်းကျေးရွာ လမ်းကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးသူက ပြောသည်။

**ငြိမ်းသူ (စလင်း)**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော မတ်လ ၂၂ ရက်မှ ၂၈ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၂၁။ | ငါးဖမ်းသမား | မိုးကျော်ဇင် | ကံ့ကော်ဝတ်ရည် | ၂၆၀၀ |
| ၂၂။ | ဖွဲ့စည်းပုံအခြေခံဥပဒေ အနှစ်သာရ ပြောင်းလဲရေး ပယ်ဖျက်ပြင်ဆင် ပြန်လည်စဉ်းစားဖြည့်စွက် | | ဆိပ်ကမ်းသာ | ၁၅၀၀ |
| ၂၃။ | လူငယ်တို့၏ ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးတည်ဆောက်မှုများ | အောင်ကြွေတင့် | ဆိပ်ကမ်းသာ | ၁၅၀၀ |
| ၂၄။ | သူ့နေခြည်ကြောင့် နွေးပါသည် | သျှင်မ၊ ကကြိုးသျှင် | ပတ္တမြားသိုက် | ၄၀၀၀ |
| ၂၅။ | ဘူမိဗေဒ အဘိဓာန် (English-Myanmar) | ဦးလှမြင့် (ကထိက-ငြိမ်း) | ပဥ္စဂံ | ၉၀၀၀ |
| ၂၆။ | မြန်မာမှုဗိသုကာဝေါဟာရ မှတ်စုအဘိဓာန် | မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်) | ဆုပြည့်စုံထွန်းစာပေ | ၄၀၀၀ |
| ၂၇။ | ကြယ်တွေကြွေသောည Sequel | အကြင်နာမွန် | ငါတို့စာပေ | ၅၀၀၀ |
| ၂၈။ | ဆောင်းပါးပေါင်းချုပ် | သိန်းထွန်း (IR) | ကြယ်စင်စာပေ | ၂၅၀၀ |
| ၂၉။ | စစ်ကိုင်းသာသနာ့ဝင် မထေရ်အရှင်များ | ဦးစန္ဒိမာ (စလင်း) | ယဉ်မျိုး | ၂၅၀၀ |
| ၃၀။ | နံနက်ခင်းစကား နံနက်ခင်းတရား | ဟိန်းလတ် | မဇ္ဈိမစာပေ | ၁၅၀၀ |
| ၃၁။ | မြန်မာပြည်၏ ဟယ်လင် | ဦးမြင့်ဆွေ (ဖြူး) | နေရီရီစာပေ | ၄၅၀၀ |
| ၃၂။ | ပရော်ဖက်ရှင်နယ်တစ်ယောက်ဖြစ်ဖို့ဆိုရင် | ဒေါက်တာ ဖြိုးသီဟ | wisdom house | ၃၀၀၀ |
| ၃၃။ | ကမ္ဘာ့အခင်းအကျင်းသစ်၏ နိဒါန်း (သို့) ကန့်သတ်စစ်ပွဲလား ရှက်ကုန်လွှင့်စစ်ပွဲလား | နေဇင်လတ် | စိတ်ကူးချိုချိုစာပေ | ၃၇၀၀ |
| ၃၄။ | ဒီရထားနှင့်အိမ်အပြန် | မောင်ရဲနွေ (ပုလိပ်) | နှစ်ကာလများ | ၂၅၀၀ |
| ၃၅။ | ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ရင်ပြင်တော်တစ်ဝိုက် ဘုရားစေတီများ အဓိဋ္ဌာန်ဝင်ပူဇော် ဆုတောင်းနည်းများ | ဂမ္ဘီရဆရာ လှမျိုး | မဇ္ဈိမစာပေ | ၃၀၀၀ |
| ၃၆။ | မငိုပါနှင့်ကလေးရယ် | ဝေယံဘုန်း | MKS Publishing | ၃၅၀၀ |

# ရန်ကုန်စာအုပ်လမ်း မိုးရာသီခေတ္တပိတ်ပွဲတွင် စာအုပ်မိတ်ဆက်ပွဲ၊ စာပေဟောပြောပွဲနှင့် စာပေ ပဟေဠိတို့ ပါဝင်

**ရန်ကုန် မတ် ၃၀**
ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ရန်ကုန်စာအုပ်လမ်းမှ စာအုပ်ဆိုင်များ၏ ပွင့်လင်းရာသီ ဖွင့်လှစ်ရောင်းချပြီးနောက် မိုးရာသီ ခေတ္တရပ်နားမည်ဖြစ်၍ စာအုပ်ရောင်းရာသီခေတ္တပိတ်ပွဲနှင့်အတူ တနင်္ဂနွေနေ့တွင် စာအုပ်မိတ်ဆက်ပွဲ၊ စာပေဟောပြောပွဲနှင့် စာပေပဟေဠိတို့ဖြင့် စီစဉ်ထားကြောင်း သိရသည်။

**စာပေချစ်မြတ်နိုးသူအပေါင်း ပါဝင်နိုင်**

ရန်ကုန်စာအုပ်လမ်း၌ တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် အကယ်ဒမီ မြင့်ဦး ဦးမြင့်၏ " ကြိုးကြာတောင်ပံခတ်သံ" ဇာတ်ညွှန်းစာအုပ် မိတ်ဆက်ပွဲ၊ မွန်းလွဲ ၁ နာရီတွင် ဆရာမောင်ကြည်သစ်၏ "Novelist is Philosopher" ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲနှင့် မွန်းလွဲ ၃ နာရီတွင် ကံ့ကော်ဝတ်ရည် စာအုပ်တိုက်မှစီစဉ်၍ အလှမယ် ဂုဏ်ရည် အေးကျော်က "မေးကြည့်ဖြေကြည့် စာအုပ်ပဟေဠိ" အစီအစဉ်တို့ကို ပြုလုပ်သွားမည်ဖြစ်၍ စာပေချစ်မြတ်နိုးသူ အပေါင်းပါဝင်နိုင်ကြောင်း မြန်မာနိုင်ငံ စာပေထုတ်ဝေသူများနှင့် ဖြန့်ချိသူများ အသင်းမှ သိရသည်။

ယခုနှစ် မတ်လကုန်မှစ၍ မိုးရာသီ ခေတ္တရပ်နားမည်ဖြစ်ရာ ရန်ကုန်စာအုပ်လမ်း၏ ယခုနှစ် စာအုပ်ရောင်းရာသီ နောက်ဆုံးရက်သတ္တပတ်၏ အခွင့်အရေးများ လက်မလွတ်မိစေရန် စာပေချစ်သူများအား လာရောက်စေလိုကြောင်းနှင့် လာမည့်နှစ် ပွင့်လင်းရာသီတွင်ပြန်လည် ဖွင့်လှစ်ရောင်းချသွားမည် ဖြစ်ကြောင်း စာအုပ်လမ်းမှ သိရသည်။

**တန်ဖိုးကြီးစာအုပ် လက်ဆောင်ချီးမြှင့်**

ရက်သတ္တပတ်ကိုးပတ်၏ စနေနှင့် တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်ရောင်းချခဲ့ပြီး စာအုပ်တိုက်များမှ စာဖတ်စွမ်းရည် မြှင့်တင်ရေးအနေဖြင့် စာပေပဟေဠိ အမေးအဖြေပွဲများကို ပြုလုပ်ပေးကာ အဖြေမှန်သူများကို တန်ဖိုးကြီးစာအုပ် လက်ဆောင်အဖြစ် ချီးမြှင့်လျက်ရှိသည်။

ရန်ကုန်စာအုပ်လမ်းကို ၂၀၁၇ ခုနှစ်မှစ၍ ပြည်သူများ စာဖတ်ရှိန်မြင့်လာနိုင်ရန် ရန်ကုန်မြို့ သိမ်ဖြူလမ်း (ဝန်ကြီးများရုံးဘလောက်) တွင် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

**ဖိုးသန့်**


သိမ်ဖြူလမ်းရှိ ရန်ကုန်စာအုပ်လမ်း၌ စာအုပ်ဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို တွေ့ရစဉ်။


ရာဝတီကွင်းလယ်လူ လွင်မိုးအောင် ရန်ကုန်အသင်းဘက်သို့ ပြစ်ဒဏ်ဘော ကန်သွင်းနေစဉ်။ ဓာတ်ပုံ- ဖိုးသော်ဇင်

*ကျောဖုံးမှ*

ပဲခူးမြို့ရှိ Grand Royal ကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက Chinland အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံရန်ကုန်အသင်း၏ ရှုံးပွဲကြုံတွေ့မှုကို ဟံသာဝတီအသင်းက အသုံးချခဲ့ပြီး ထိပ်ဆုံးနေရာကို ရယူနိုင်ခဲ့သည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးကို ၄၃ မိနစ်တွင် အောင်မျိုးသူရက သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ဇွဲကပင်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ နည်းပြသစ် ဦးအောင်နိုင်၏ ပထမဆုံးပွဲတွင် ရှမ်းယူနိုက်တက်အသင်း ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် တိုက်စစ်မှူး မေကွန်၊ ၃၀၊ ၇၀၊ ၈၇ မိနစ်တွင် ဟက်ထရစ်သွင်းယူပြီး ကျန်တစ်ဂိုးမှာ ပွဲအစ ၇ မိနစ်တွင် ဂူစတာဗိုက သွင်းယူခဲ့ခြင်းဖြစ် သည်။ ဗထူးကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ဒဂုံအသင်းကို တစ်ဂိုး -ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံ အသင်းအတွက် အနိုင်ဂိုးကို ၃၆ မိနစ်တွင် ဝင်းနိုင်စိုးက သွင်းယူခဲ့သည်။

ဒုတိယနေ့ကို မတ် ၃၁ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် မကွေးအသင်း၊ ဝေသာလီကွင်း၌ ရခိုင်အသင်းနှင့် စစ်ကိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ရှမ်းယူနိုက်တက်အသင်း၏ လူငယ်ဖွံ့ဖြိုးရေးအကြီးအကဲအဖြစ် ဦးမင်းသူ တာဝန်ယူမည်

**ရန်ကုန် မတ် ၃၀**
မြန်မာနေရှင်နယ်လိဂ်ကလပ် ရှမ်းယူနိုက်တက်အသင်းသည် ယခုလဆန်းပိုင်းက စီနီယာအသင်းနည်းပြချုပ်အဖြစ်မှ နှစ်ဦးသဘောတူလမ်းခွဲခဲ့သည့် ဦးမင်းသူကို လူငယ်ဖွံ့ဖြိုးရေး အကြီးအကဲအဖြစ် ခန့်အပ်လိုက်သည်။

ဦးမင်းသူသည် လူငယ်ဖွံ့ဖြိုးရေး အကြီးအကဲအပြင် ရှမ်းယူနိုက်တက် ယူ-၁၉ အသင်း၊ ယူ-၂၁ အသင်းတို့၏ အုပ်ချုပ်သူ အဖြစ်ပါ တာဝန်ယူမည်ဖြစ်သည်။ ဦးမင်းသူသည် ရှမ်းယူနိုက်တက် ယူ-၁၉ အသင်း၊ ယူ-၂၁ အသင်းတို့တွင် နည်းပြချုပ်အဖြစ် ဆောင်ရွက်ခဲ့ဖူးပြီး ယခုရာသီမစမီ ရှမ်းယူနိုက်တက် စီနီယာအသင်း၏ နည်းပြချုပ်အဖြစ် ပြောင်းလဲတာဝန်ပေးခြင်း ခံခဲ့ရသည်။ ရာသီကြို ချာရတီဖလားပြိုင်ပွဲတွင် ချန်ပီယံဆုရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း AFC Cup ပြိုင်ပွဲအုပ်စု ဒုတိယပွဲဖြစ်သည့် အင်ဒိုနီးရှားကလပ် ပါဆီဂျာဂျကာတာ အသင်းအား အိမ်ကွင်း၌ ရှုံးနိမ့်ခဲ့သည့်ပွဲအပြီးတွင် ရုတ်တရက် နှစ်ဦးသဘောတူလမ်းခွဲခဲ့ခြင်း ဖြစ်သည်။

ဦးမင်းသူသည် လူငယ်ကစားသမားများအား စီနီယာအသင်းအား အထောက်အပံ့ပေးနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ပြီး လူငယ်ကစားသမားများ၏ အရည်အသွေးပိုမိုတိုးတက်လာအောင် ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။ ဦးမင်းသူသည် ရှမ်းယူနိုက်တက်အသင်းတွင် ယူ- ၁၉အသင်းနှင့်အတူ အမှတ်ပေးချန်ပီယံဆု၊ စီနီယာအသင်းနှင့်အတူ ချာရတီဖလားတို့ ရယူနိုင်ခဲ့သည်။ **ညီမြတ်သော်တာ**

# ပရီမီယာလိဂ် ပွဲစဉ်(၃၂) မန်စီးတီးတို့ ဖူလ်ဟမ်ကို အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၂)ကို မတ် ၃၀ ရက် စနေနေ့ညတွင် ယှဉ်ပြိုင်ကစားခဲ့ကာ အစောဆုံးပွဲစဉ်အဖြစ် ဖူလ်ဟမ်နှင့် မန်စီးတီးပွဲတွင် အဝေးကွင်း၌ မန်စီးတီးအသင်း နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်ဖူလ်ဟမ်အသင်းသည် ၅-၄-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး မန်စီးတီးအသင်းသည် ၄-၃-၃ တိုက်စစ်ကစားကွက်ဖြင့် ပွဲထွက်လာသည်။ ပွဲစပြီး ပွဲချိန် ၅မိနစ်တွင် အဂူရို၏ ဖန်တီးမှုမှတစ်ဆင့် ဘာနာဒိုဆေးဗားက ဦးဆောင်ဂိုး သွင်းယူခဲ့ပြီး ပွဲချိန် ၂၇မိနစ်တွင် အဂူရိုက မန်စီးတီးအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ **(အောက်ပုံ)**

မန်စီးတီးအသင်းသည် ပထမပိုင်းတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်ခဲ့ပြီး ဒုတိယပိုင်း ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်ခဲ့သော်လည်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ဘဲ ပွဲပြီးချိန်တွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲတွင် မန်စီးတီးအသင်းသည် ဂိုးကန်သွင်းခွင့် ၂၄ ကြိမ်ထိ ရရှိခဲ့ပြီး အိမ်ရှင်ဖူလ်ဟမ်အသင်းသည် ငါးကြိမ်သာ ရရှိခဲ့သည်။ အိမ်ရှင်ဖူလ်ဟမ်အသင်းသည် တန်းဆင်းဇုန်တွင် ရုန်းကန်နေရပြီး မန်စီးတီးသည်လည်း ချန်ပီယံလမ်းကြောင်းပေါ်တွင် လီဗာပူးအသင်းနှင့် အမှားအယွင်းမခံနိုင်ဘဲ ယှဉ်ပြိုင်နေရသည်။

ပရီမီယာလိဂ် ပွဲစဉ်(၃၂) အခြားပွဲစဉ်ရလဒ်များအဖြစ် မန်ယူအသင်းသည် အိမ်ကွင်းတွင် ဝက်ဖို့ဒ်ကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဆောက်သမ်တန်က ဘရိုက်တန်ကို တစ်ဂိုး- ဂိုးမရှိ၊ ဘန်လေကဝုလ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ပဲလေ့စ်က ဟက်ဒါဖီးလ် ကို နှစ်ဂိုး- ဂိုးမရှိနှင့် လက်စတာက ဘုန်းမောက်ကိုနှစ်ဂိုး- ဂိုးမရှိဖြင့်အိမ်ကွင်းတွင် အနိုင်ရရှိခဲ့သည်။ **သီဟ**



# မြို့နယ်ပေါင်းစုံဘိလိယက်နှင့် စနူကာပြိုင်ပွဲ ဗိုလ်လုပွဲဆုချီးမြှင့်

**ရန်ကုန် မတ် ၃၀**
ရန်ကုန်တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာ ဆပ်ကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံအသက် ၂၅နှစ်အောက် ဘိလိယက်နှင့် စနူကာပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့မွန်းလွဲ ၁ နာရီက လမ်းမတော်မြို့နယ် Maximun ဘိလိယက်အားကစားခန်းမ၌ကျင်းပရာ စနူကာပြိုင်ပွဲတွင် သော်ဇင်ထက်က အောင်မိုးဝေကိုသုံးပွဲ ပွဲမရှိဖြင့်လည်းကောင်း၊ ဘိလိယက်တွင် ဆွမ်လန်းပေါင်က ထွန်းခန့်ကျော်ကို သုံးပွဲ နှစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။ ပြိုင်ပွဲအပြီး အမှတ်အများဆုံးရရှိကြသော စနူကာပြိုင်ပွဲတွင် သော်ဇင်ထက် (တောင်ဥက္ကလာ ပ)၊ ဘိလိယက်တွင် ဆွမ်လန်းပေါင် (မင်္ဂလာဒုံ)တို့ကလည်းကောင်း စနူကာပြိုင်ပွဲတွင် ပထမသော်ဇင်ထက် (တောင်ဥက္ကလာပ)၊ ဒုတိယ အောင်မိုးဝေ(ဒလ)၊ တတိယ အေးချမ်းမောင်(ကမာရွတ်)၊ ဘိလိယက်တွင် ပထမဆွမ်လန်းပေါင် (မင်္ဂလာဒုံ)၊ ဒုတိယ ထွန်းခန့်ကျော် (မင်္ဂလာဒုံ)၊ တတိယ ကောင်းထက်ဇော်တို့အားဆိပ်ကမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်း၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်အတွင်းရေးမှူး ဦးခင်မောင်ဦး၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ဦးစိုးအောင်တို့က ဆုတံဆိပ်နှင့် ငွေသားဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တံခွန်စိုက်ဖလားဆုရရှိသွားသော မင်္ဂလာဒုံမြို့နယ် အသင်းအား တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာဆပ်ကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင်ဦးက ဆုချီးမြှင့်ကြသည်။

ယင်းပြိုင်ပွဲသည် လူငယ်မျိုးဆက်သစ် အားကစားသမားပေါ်ထွက်လာရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲအတွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။


ဘိလိယက်နှင့် စနူကာပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။

အဆိုပါ ဘိလိယက်နှင့် စနူကာ ပြိုင်ပွဲကို မတ် ၂၃ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့ပြီး မြို့နယ်များမှ ဘိလိယက် ကစားသမား ၂၁ ဦး၊ စနူကာကစားသမား ၄၇ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**သတင်းနှင့် ဓာတ်ပုံ- အာကာစိုး**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဒေါက်ဂလပ်စ်ကော်စတာကို အပြိုင်ကမ်းလှမ်းကြဖွယ်ရှိ**

မန်ယူနည်းပြ ဆိုးလ်ရှားသည် အသင်းအား ဂျူဗင်တပ်စ်တိုက်စစ်ကစားသမား ဒေါက်ဂလပ်စ် ကော်စတာ (၂၈နှစ်) ဖြင့် အားသစ်လောင်းရန် ဆန္ဒရှိနေသော်လည်း အဆိုပါ ကစားသမားကို ခေါ်ယူရေးအတွက် မန်စီးတီး၊ ပီအက်စ်ဂျီအသင်းတို့နှင့် အပြိုင် ကမ်းလှမ်းသွားရဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**ရက်ချ်ဖို့ဒ် အိုးထရက်ဖို့ဒ်၌ ငါးနှစ်စာချုပ်ရန် မျှော်လင့်**

မန်ယူအသင်းသည် ရက်ချ်ဖို့ဒ်၏ ကိုယ်စားလှယ်များနှင့် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း၊ အင်္ဂလန်တိုက်စစ်ကစားသမားကို အိုးထရက်ဖို့ဒ်၌ တစ်ပတ် ပေါင် တစ်သိန်းခွဲဖြင့် ငါးနှစ်စာချုပ်နိုင်လိမ့်မည်ဟု မျှော်လင့်နေကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**ရီးရဲမက်ဒရစ်အသင်းက ပေါ့ဂ်ဘာအား ခေါ်ယူရန် စီစဉ်နေ**

ရီးရဲမက်ဒရစ်အသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ ကွင်းလယ်ကစားသမား ပေါလ် ပေါ့ဂ်ဘာ (၂၆နှစ်) အား ပေါင် ၁၂၅ သန်းဖြင့် ခေါ်ယူရန် စီစဉ်နေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**ဘာဘာတော့ဗ်က ဒီလစ်ကို မန်ယူအသင်း၌ တွေ့မြင်လို**

မန်ယူတိုက်စစ်မှူးဟောင်း ဘာဘာတော့ဗ်သည် အိုင်းယက်စ်ကြယ်ပွင့်ကစားသမား ဒီလစ်ကို မန်ယူအသင်း၌ တွေ့မြင်လိုသည်ဟု ထုတ်ဖော်ပြောကြားလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ **အောင်ဇော်**

# စစ်ကိုင်းစက်မှုဇုန်ရှိ NTT အထပ်သားစက်ရုံ သိုလှောင်ရုံအတွင်း အပူလွန်ကဲ၍ မီးလောင်

**စစ်ကိုင်း မတ် ၃၀**

စစ်ကိုင်း-ရွှေဘို ခရိုင်ချင်းဆက်လမ်းဘေး စစ်ကိုင်းစက်မှုဇုန် NTT အထပ်သားစက်ရုံ အမှုန့်သိုလှောင်ရုံတွင် မတ် ၂၉ ရက် ညနေပိုင်းက အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၉ ရက် ညနေ ၅ နာရီခွဲခန့်က စစ်ကိုင်းစက်မှုဇုန် သဘာဝသစ်ထုတ်လုပ်ရေး (NTT)အထပ်သားစက်ရုံတွင် မီးလောင်မှုဖြစ်ရာ စစ်ကိုင်းမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် ငါးစီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရသည့်အကြောင်းအရင်းမှာ ကော်ပတ်စားအမှုန့်သိုလှောင်သည့်အိုး အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်ခြင်းဖြစ်ပြီး မီးလောင်မှုဖြစ်စဉ်ကြောင့် စက်ရုံတာဝန်ရှိသူအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



မီးလောင်မှုဖြစ်သည့် စက်ရုံအား ဝိုင်းဝန်းမီးငြိမ်းသတ်ကြစဉ်။

## မြန်မာ့ရုပ်မြင်သံကြား

၃၁-၃-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "ဂုဏ်တင့်ရောင်ထည် သာသနာ့မန်လည်"
- ၈း၃၅ - တရုတ်ကာတွန်း "ငါးကြင်းလေးရဲ့စွန့်စားခန်း" (အပိုင်း-၆)
- ၉း၃၅ - MRTV Travelogue
- ၁၀း၀၀ - Sunday Talk
- ၁၀း၃၀ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၁း၀၀ - လုပစုံလင်အာဆီယံတစ်ခွင်
- ၁၁း၁၀ - ကဗျာရိပ်မြုံ "ကကြီးခခွေးကျွန်တော့်တေး"
- ၁၁း၃၀ - BBC ခံစားကြည့်
- ၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "အဖြေ" ကောလိပ်ဂျင်နေဝင်း၊ထွန်းဝေ၊ မြတ်မွန်၊ တင်တင်နွဲ့၊ ဒါရိုက်တာ-သာခု

**ညပိုင်း**

- ၁၅း၄၅ - MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Southern Myanmar FC Vs Magwe FC)
- ၁၈း၂၅ - လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "စွန့်ပစ်ပစ္စည်းမှသည် လက်မှုအနုပညာရပ်ဆီသို့" (အုန်းခွံ)
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၇၆)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - မြောင်းမြမြို့ဟောင်းဆီသို့
  - တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ
  - မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း(အပိုင်း-၁၂) "ပန်တျာတင်တင်မြင့်အငြိမ့်" မင်းသမီး-ပန်တျာတင်တင်မြင့်၊ ဆောင်းဝတီ၊ လူရွှင်တော်-ရေဒီယိုမန်းကျော်၊ ဦးမိုင်နိုးတူး၊ ဦးစတား၊ မိုးကျော်၊ တိုင်းကျော်၊ ပြည်ကျော်၊ ပိုးလေး၊ ဝိုင်းကျော်၊ တိုးကျော် ဒါရိုက်တာ-ဇာဂနာ

# ငဖဲမြို့နယ်၌ အောက်ချင်းငှက် အထီးတစ်ကောင် သတ်ဖြတ်သူအား အရေးယူ

**ငဖဲ မတ် ၃၀**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် သစ်တောဦးစီးဌာန တောင်ပေါ်ဘိနယ် ဂုတ်ကြီးစာသင်ကျောင်းရှေ့စိန်ပန်းပင်ပေါ်တွင် အိပ်နေသော အောက်ချင်းငှက် အထီးတစ်ကောင်ကို လေးခွဖြင့် ပစ်ခတ်သူကို မတ် ၂၈ ရက် ညပိုင်းက ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အမ်းမြို့လေယာဉ်ကွင်းရပ်တွင် နေထိုင်သူ ခြောက်ဘီးယာဉ်မောင်း ဦးဝင်းမောင် (၃၇ နှစ်)က လေးခွဖြင့် အောင်ချင်းငှက်ကို ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းဖြစ်ပြီး ၎င်းအား ငဖဲမြို့သစ်တောဦးစီဌာန တောအုပ်မှ ပဒါန်းနယ်မြေရဲစခန်း၌ အမှုဖွင့်တိုင်းကြားခဲ့ခြင်းဖြစ်သည်။

"ရှားပါးတဲ့ တိရစ္ဆာန်တွေ၊ ဇီဝမျိုးကွဲတွေကို ထိန်းသိမ်းရမယ့်အစား ငွေရပေါက်တစ်ခုတည်းကြည့်ပြီး ဖမ်းဆီးတာတွေ၊ အရောင်းအဝယ်လုပ်တာတွေ၊ ခုလို ပစ်ခတ်သတ်ဖြတ်တာမျိုးတွေကို ကျွန်တော်တို့ ဒေသခံတွေက လုံးဝရှုတ်ချပါတယ်"ဟု ငဖဲမြို့နယ်တွင်နေထိုင်သူ ဦးမျိုးလှိုင်ဝင်းက ပြောသည်။

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ်တွင် သယ်ဆောင်ရောင်းဝယ်သူများထံမှ ဖမ်းဆီးရမိခဲ့သော အောင်ချင်းငှက် ကိုးကောင်အား ငဖဲမြို့နယ် ဂုတ်ကြီးရေထိန်းတော မန်းကြိုးပြင်တွင် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက ပြန်လွှတ်ပေးခဲ့ကာ ရှားပါးဇီဝမျိုးစုံထိန်းသိမ်းမှုများကို သစ်တောဦးစီးဌာနနှင့် ဒေသခံပြည်သူများက လုပ်ဆောင်ခဲ့ကြသည့်ဖြစ်စဉ် ရှိခဲ့သည်။

အောက်ချင်းငှက်ကို ပစ်ခတ်သတ်ဖြတ်သူ ဦးဝင်းမောင်အား ငဖဲမြို့နယ် ပဒါန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# နတ်မောက်၌ အက်စစ်ဘူးကို ရေဘူးထင်၍ မှားသောက်မိသူ သေဆုံး

**နတ်မောက် မတ် ၃၀**

နတ်မောက်မြို့နယ်တွင် မတ် ၂၈ ရက်က အမျိုးသားတစ်ဦးသည် အက်စစ်ဘူးကို ရေဘူးထင်၍ မှားသောက်မိကာ သေဆုံးခဲ့ကြောင်း စိုင်ကောင်းနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၈ ရက် နံနက် ၁၁ နာရီခန့်က နတ်မောက်မြို့နယ် မဲချောင်းကျေးရွာနေ ဦးတင်သောင်း(၅၅နှစ်)သည် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ညိုညို(၄၅နှစ်)နှင့် သားသမီး ခုနစ်ဦးမှာ ယာတောထဲသို့ အလုပ်လုပ်ရန် ထွက်သွားကြစဉ် အိပ်ရာဘေးတွင်ထားသော အက်စစ်ဘူးအား ရေဘူးထင်၍ မှားသောက်မိသဖြင့် ရွှေပန်းတောတိုက်နယ်ဆေးရုံမှတစ်ဆင့် မိတ္ထီလာဆေးရုံသို့ ထပ်မံပို့ဆောင်စဉ် လမ်း၌သေဆုံးသွားသဖြင့် စိုင်ကောင်းနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးနေကြောင်း သိရသည်။

**ကျော်ဇေယျ**

# ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ လူသုံးကုန်နှင့် စားသောက်ကုန်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၉၂၁ စီး၊ သွင်းကုန် ၆၂၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀ စီး၊ သွင်းကုန် ၁၉၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၁၂၈ သန်း စုစုပေါင်း တားဆီးမှုသုံးမှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၁၂၈ သန်း တန်ဖိုးရှိသော တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်း သုံးမျိုးအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နမ္မတူမြို့နယ်၌ တောင်ယာလုပ်ငန်းခွင်သွားသော ဒေသခံများ မိုင်းနင်းမိ၍ သုံးဦးသေ၊ လေးဦးဒဏ်ရာရ

**သီပေါ မတ် ၃၀**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နှင့် နမ္မတူနယ်စပ် နမ္မတူမြို့နယ် ချောင်းသာကျေးရွာအုပ်စု မန်လီကျေးရွာသား တောင်ယာခင်းလုပ်ငန်းခွင်ဝင်ရန် သွားရောက်ရာမှ ယနေ့ နံနက်ပိုင်းက မိုင်းနင်းမိ၍ ဦးအိုက်ဟန်း(၃၄နှစ်)၊ စိုင်းအိုက်အောင်(၁၅နှစ်)၊ နန်းအေးအောင်(၁၄နှစ်)တို့မှာ ပွဲချင်းပြီးသေဆုံးသွားရာ မစိုးနွမ်း၊ မအေးလော့၊ ဒေါ်အဲဆင်နှင့် ဒေါ်မာအောင်တို့မှာ ဒဏ်ရာများရရှိသွားကြောင်း သိရသည်။

သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများကို နယ်စည်းမခြားပရဟိတအသင်း ခေါင်းဆောင် ဦးမျိုးလွင်နှင့် အဖွဲ့က သီပေါပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ပြည်မြို့တွင် ဖုန်းနှင့် ရွှေထည်ပစ္စည်းများကို လုယူသူများအား ဖမ်းဆီးရမိ

**ပြည် မတ် ၃၀**

ပြည်မြို့ ပေါက်တောကျေးရွာ ဘုရားမာဘုရားဝင်းရှိ ညောင်ပင်အောက်၌ မတ် ၂၉ ရက် မွန်းလွဲပိုင်းက ဓားဖြင့်ခြိမ်းခြောက်၍ ဖုန်းနှစ်လုံးနှင့် ရွှေထည်ပစ္စည်းများ လုယက်သူများအား ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ မွန်းလွဲပိုင်းက အောင်လံမြို့နယ် ပြလို့ကျေးရွာနေ ဇင်ကိုကိုနိုင်(၂၀နှစ်)နှင့် သူငယ်ချင်းဖြစ်သူ ပြည်မြို့ ပြည်သာယာရပ်ကွက်နေ နှင်းဝတ်ရည်သန့်(၂၀ နှစ်)တို့ စကားပြောဆိုနေစဉ် နှာခေါင်းစည်းများ တပ်ဆင်ထားသည့် အမျိုးသားသုံးဦးက ဓားမြှောင်များပြ၍ ဖုန်းနှစ်လုံးနှင့် နှင်းဝတ်ရည်သန့် ဝတ်ဆင်ထားသော ရွှေဆွဲကြိုးနှင့် ရွှေလက်စွပ်နှစ်ကွင်းကို လက်နက်ပြ၍ ခြိမ်းခြောက်လုယူကာ ဆိုင်ကယ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့သောကြောင့် ပြည် နယ်မြေရဲစခန်းသို့ တိုင်တန်းသဖြင့် အမှုဖွင့်စုံစမ်းခဲ့သည်။



ကျော်ကိုကိုသက်၊ ကောင်းမြတ်မင်း(ခ)ဝတုတ်နှင့် အောင်လွင်ထူးတို့အား သက်သေခံ ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ရဲတပ်ဖွဲ့ဝင်များ လိုက်လံစုံစမ်းနေစဉ် မသင်္ကာသူ ပြည်မြို့ အောင်သုခရပ်ကွက်နေ ကျော်ကိုကိုသက်(၂၁ နှစ်)ကို ယင်းနေ့ ညနေ ၅ နာရီ ၃၅ မိနစ်တွင် ပြည်မြို့ ပြည်သာယာရပ်ကွက်ရှိ Red Dragon တည်းခိုခန်း၌ လည်းကောင်း၊ ကျန်ပြစ်မှုကျူးလွန်သူ ကောင်းမြတ်မင်း (ခ) ဝတုတ်အား ညနေ ၅ နာရီ မိနစ် ၅၀ တွင် ပြည်မြို့ ဂန္ဓမာရပ်ကွက်ရှိ ၎င်း၏ နေအိမ်၌ လည်းကောင်း၊ ဝဏ္ဏ (ခ) အောင်လွင်ထူးအား နဝဒေးရပ်ကွက် ၎င်း၏ နေအိမ်၌ လည်းကောင်း သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မင်းလှမြို့၌ ခြောက်ဘီးယာဉ်တစ်စီး တိမ်းမှောက်၍ သုံးဦးသေဆုံး

**မင်းလှ မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ မတ် ၂၉ ရက် နံနက် ၇ နာရီခွဲခန့်က ခြောက်ဘီးယာဉ်တစ်စီး တိမ်းမှောက်ကာ သုံးဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ခွက်မ-မကျည်းကွင်း ဆည်တာပေါင်လမ်းအတိုင်း လက်ပံတန်းမြို့နယ်နေသူ ချစ်တီး (၃၅ နှစ်) မောင်းနှင်ပြီး ယာဉ်ပေါ်တွင် သစ်၊ ဝါး၊ မီးသွေးများ တင်ဆောင်၍ အလုပ်သမားများလိုက်ပါလာသည့် နစ်ဆန်းခြောက်ဘီး (လိုင်စင်မဲ့) ယာဉ်သည် မြေသားတာပေါင်ပဲ့ကျကာ ရေမြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ မကျည်းကွင်းကျေးရွာ နေသူများဖြစ်ကြသည့် ကျော်လေး (၁၅ နှစ်)၊ ဖြိုးဝေအောင် (၂၅နှစ်)နှင့် ကျော်ဇင်ညွန့် (၂၃နှစ်)တို့မှာ ပစ္စည်းများ ပိမိပြီး သေဆုံးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ချစ်တီးအား စစ်ကွင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သန်းလွင်**

# ပြည်မြို့၌ လျှပ်စစ်ရေနွေးအိုးတည်ရာမှ အပူလွန်ကဲ၍ မီးလောင်

**ပြည် မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝဒေးရပ်ကွက် နဝဒေးလမ်းရှိ သုံးဘီးဆိုင်ကယ် အပိုပစ္စည်းအရောင်းဆိုင်၌ မတ် ၂၉ ရက် ည ၇ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်မြို့နဝဒေးရပ်ကွက် နဝဒေးလမ်းနေ ဦးညီအောင် ပိုင်ဆိုင်သည့် သုံးဘီးဆိုင်ကယ်အပိုပစ္စည်းအရောင်းဆိုင်တွင် လျှပ်စစ်ရေနွေးအိုး တည်ရာမှ အပူလွန်ကဲ၍ မီးစတင်လောင်ခဲ့ရာ ဆိုင်ခန်းနှစ်ခန်းနှင့် အတွင်းရှိပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ရာ ည ၈ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပိုင်ရှင်၏ ဇနီး ဒေါ်မကိုက်ရှိုအား ပြည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ထိုင်းရွေးကောက်ပွဲ အစိုးရထောက်ခံပါတီ လတ်တလောတွင် အနိုင်ရရှိနေကြောင်းသိရ

**ဗန်ကောက် မတ် ၃၀**

ထိုင်းနိုင်ငံရွေးကောက်ပွဲ နောက်ဆုံးရလဒ်မထွက်သေးချိန် အဓိကပါတီကြီး နှစ်ခုအနေဖြင့် သူနိုင်ကိုယ်နိုင် ညွန့်ပေါင်းအစိုးရဖွဲ့နိုင်တော့မည်ဟု ကြွေးကြော်နေကြောင်း သိရသည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ် ထောက်ခံပေးထားသည့် ဖြူထိုင်းပါတီက ညွန့်ပေါင်းဖွဲ့ပြီးပြီဟု ကြေညာပြီးနောက်တွင် လက်ရှိစစ်အစိုးရထောက်ခံပေးထားသည့် ဖလန်ပရတ်ချာရတ်ပါတီက တခြားပါတီများနှင့်ပူးပေါင်းပြီး ညွန့်ပေါင်းအစိုးရဖွဲ့နိုင်မည်ဟု အပြည့်အဝယုံကြည်ကြောင်း မကြာသေးမီက ပြောကြားလိုက်သည်။

လက်ရှိတွင် ဖြူထိုင်းပါတီက ၁၃၇ နေရာရရှိထားပြီး ဖလန်ပရတ်ချာရတ်ပါတီက ၉၇ နေရာရရှိထားသည်။ သို့သော်လည်း လက်ရှိအစိုးရက ရေးဆွဲထားသည့် ဖွဲ့စည်းပုံအရ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်ပေါင်း အများဆုံးမဲနှင့် အစိုးရဖွဲ့ရမည်ဖြစ်ကြောင်း သိရသည်။

အထက်လွှတ်တော်တစ်ခုလုံးအတွက် မဲပေါင်း ၂၅၀ ကို တပ်မတော်က ရထားပြီး အောက်လွှတ်တော်အမတ် ၅၀၀ နေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မည်သည့်ပါတီကမှ မဲအများစုရသည်ဟု ပြောကြား၍ မရသေးကြောင်း၊ ကော်မရှင်အနေဖြင့် အဖြူအမည်းခွဲခွဲခြားခြားဖြစ်စေမည့် မဲရလဒ်ကို ကြေညာနိုင်ခြင်းမရှိသေးကြောင်း သိရသည်။ တရားဝင် မဲရလဒ်များကို မေလ ၉ ရက်တွင် ကြေညာသွားမည်ဖြစ်ကြောင်း ထိုင်းရွေးကောက်ပွဲကော်မရှင်က ပြောသည်။

ရွေးကောက်ပွဲနောက်ဆုံးရလဒ် ကြေညာမည့်ရက်ရောက်ရန် တစ်လကျော်ခန့်လိုနေသေးချိန်တွင် မဲလိမ်လည်မှုတွေ ရှိနေကြောင်း စွပ်စွဲချက်များလည်း ထွက်ပေါ်နေကြောင်း သိရသည်။



အထွေထွေရွေးကောက်ပွဲပြီးနောက် ဖလန်ပရတ်ချာရတ် ပါတီခေါင်းဆောင်နှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များ သတင်းစာရှင်းလင်းပွဲပြုလုပ်နေစဉ်။

ထိုင်းအထက်နှင့်အောက်လွှတ်တော်နှစ်ရပ်ပေါင်း အမတ်နေရာ ၇၅၀ရှိသည့်အတွက် စုစုပေါင်း ၃၇၅ မဲကျော်ရရှိလျှင် အစိုးရဖွဲ့နိုင်မည်ဖြစ်သည်။ ထိုင်းတပ်မတော်သည် လက်ရှိတွင် အထက်လွှတ်တော်အတွက် အမတ်နေရာ ၂၅၀ အလိုအလျောက်ရရှိပြီးဖြစ်ရာ အောက်လွှတ်တော်အတွက်လည်း ၉၇နေရာရရှိထားသည့်အတွက် အစိုးရဖွဲ့နိုင်ရန် နောက်ထပ် ၂၇ မဲကျော်သာလိုတော့ကြောင်း သိရသည်။

အတိုက်အခံပါတီဖြစ်သည့် ဖြူထိုင်းပါတီသည် အောက်လွှတ်တော်တွင် လက်ရှိ ၁၃၇ နေရာရရှိထားရာ အစိုးရဖွဲ့နိုင်ရန် နောက်ထပ် ၂၃၇ နေရာ ကျော်ရရှိရန်လိုသေးသည်ဖြစ်ရာ လိုအပ်သော မဲအရေအတွက် ရရှိမည်၊ မရရှိမည်ဆိုသည်ကို စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ရှိ ဂန်ရှမ်စျေးကြီးမီးလောင်၊ သေဆုံးသူအရေအတွက် မသိရသေး



ဒါကာမြို့ရှိ ဂန်ရှမ်စျေးကြီး မတ် ၃၀ ရက်က မီးလောင်နေသည်ကို တွေ့ရစဉ်။

**ဒါကာ မတ် ၃၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်ရှိ ဂန်ရှမ်စျေးမီးလောင်မှုဖြစ်ပွားခဲ့ရာ ဆိုင်ခန်းပေါင်း ၃၀၀ ခန့် မီးလောင်ပျက်စီးသွားကြောင်း မတ် ၃၀ ရက်က မီးသတ်သမားတစ်ဦးက ပြောသည်။

မီးလောင်မှုကြောင့် ဆိုင်ခန်းများအတွင်းရှိ ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများပျက်စီးဆုံးရှုံးသွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုသည်ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် စတင်ဖြစ်ပွားခဲ့ပြီး နံနက် ၈ နာရီအထိ ဆက်လက်လောင်နေကြောင်း အမည်မဖော်လိုသူ မီးသတ်သမားတစ်ဦးက ပြောသည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ မီးသတ်စခန်း ၂၁ ခုမှ မီးသတ်ကားများ လာရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုဖြစ်စဉ်ကြောင့် သေဆုံးသူ ရှိ မရှိ မသိရသေးကြောင်းနှင့် မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်း အသေးစိတ်ကိုလည်း မသိရသေးကြောင်း သိရသည်။ ယင်းစျေးကြီးသည် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃ ရက်ကလည်း မီးလောင်မှုဖြစ်ပွားခဲ့သေးကြောင်း သိရသည်။

**ဆင်ဟွာ**

# မြောက်ကိုရီးယားအပေါ် နောက်ထပ်ပိတ်ဆို့မှု ပြုလုပ်ရန်မလိုဟု ထရမ့်ဆို

**ဝါရှင်တန် မတ် ၃၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မြောက်ကိုရီးယားအပေါ် ထပ်မံချမှတ်ထားသော ပိတ်ဆို့မှုများကို ရုပ်သိမ်းပစ်ရန် အမိန့်ပေးထားကြောင်း ပြောသည်။ ထိုသို့ အမိန့်ပေးရခြင်းမှာ နျူကလီးယား လက်နက်ကင်းစင်ရေးဆွေးနွေးပွဲကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်သွားနိုင်ရေးပင်ဖြစ်ကြောင်း သမ္မတထရမ့်က ပြောသည်။ မတ် ၂၉ ရက်တွင် ထရမ့်က ပိတ်ဆို့မှုရုပ်သိမ်းရန် အမိန့်ပေးရခြင်းအကြောင်းကို ရှင်းလင်းထားသော်လည်း ရှုပ်ထွေးမှုများ ကျန်ရှိနေဆဲဖြစ်သည်။

လွန်ခဲ့သည့်သီတင်းပတ်က သမ္မတထရမ့်သည် ၎င်း၏ တွစ်တာစာမျက်နှာပေါ်မှ တစ်ဆင့် မြောက်ကိုရီးယားအပေါ် အသစ်ချမှတ်ထားသော ပိတ်ဆို့မှုကို ရုပ်သိမ်းသွားမည်ဟု ကြေညာခဲ့သည်။ သို့သော် ထိုရက်ပိုင်းအတွင်း မြောက်ကိုရီးယားအပေါ် မည်သည့်ပိတ်ဆို့မှုအသစ်မျှ ချမှတ်ခဲ့ခြင်းမရှိပေ။ ထို့ကြောင့် မည်သည့်ပိတ်ဆို့မှုကို ရည်ညွှန်းသည်ကိုမူ မသိရပေ။ ဖလော်ရီဒါရှိ ၎င်း၏ အပန်းဖြေစခန်းတွင် သတင်းထောက်များနှင့် ထရမ့်တို့ တွေ့ဆုံခဲ့စဉ်က ထရမ့်သည် ၎င်းနှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်တို့မှာ ကောင်းမွန်သောဆက်ဆံရေးရှိကြောင်း ဖြေကြားခဲ့သည်။ ထို့အပြင် မြောက်ကိုရီးယား ပြည်သူများမှာ ဒုက္ခခံစားနေရကြောင်း၊ ထို့ကြောင့် နောက်ထပ်ပိတ်ဆို့မှုအသစ် မလိုတော့ဟု ထင်မြင်ကြောင်း ပြောကြားခဲ့သည်။ မြောက်ကိုရီးယားခေါင်းဆောင်ကင် နှင့်ဆက်ဆံရေးမှာ ကောင်းမွန်ရန် အရေးကြီးကြောင်း ထရမ့်က ပြောသည်။ တချို့သော ဥပဒေပြုအမတ်များမှာ သမ္မတထရမ့်၏ ရပ်တည်ချက်ကို ဝေဖန်ကြသည်။

**အင်န်အိတ်ချ်ကေ**

# နယူးယောက်မြို့တွင် ဝက်သက်ရောဂါပျံ့နှံ့ အရေးပေါ်ကြေညာပြီး ကာကွယ်ဆေးများထိုးနှံ

**နယူးယောက် မတ် ၃၀**

နယူးယောက်မြို့တွင် ဝက်သက်ရောဂါဖြစ်ပွားလာသည့်အတွက် အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။ ရာနှင့်ချီသော ကာကွယ်ဆေးများကို တိုက်ကျွေးပြီးနောက် မှန်ကန်သည့် လမ်းကြောင်းပေါ် ရောက်ရှိသွားပြီဖြစ်ကြောင်း သိရသည်။

အရေးပေါ်အခြေအနေအောက်တွင် နယူးယောက်မြို့အနောက်ပိုင်းရှိ ရော့ခ်လန်းအရပ်တွင် ရောဂါကူးစက်ပျံ့နှံ့မှုမှ ကာကွယ်ရန် ကာကွယ်ဆေးမထိုးရသေးသူများကို အများ ပြည်သူနှင့်သက်ဆိုင်သောနေရာများသို့ မသွားရန် တားမြစ်ခဲ့သည်။

ဗုဒ္ဓဟူးနေ့ ညနေပိုင်းမှစကာ ရက် ၃၀ စီမံကိန်း စီစဉ်ခဲ့ပြီး ဝက်သက်ရောဂါ ဖြစ်ပွားမှုများ မြင့်တက်လာပြီးနောက် အရေးပေါ်အခြေအနေ ဖြစ်လာခဲ့သည်။

လွန်ခဲ့တဲ့နှစ်ရက်အတွင်းမှာ ကာကွယ်ဆေးသစ် ၅၀၀ ခန့်ကို ရရှိပြီးပါပြီဟု ရော့ခ်လန်းဒေသအကြီးအကဲတစ်ဦးဖြစ်သူ အက်ဒ်ဒေးက ပြောသည်။ ရော့ခ်လန်းဒေသသည် နယူးယောက် မြို့အနောက်ဘက် ၂၅ မိုင်အကွာတွင် ရှိသည်။

ပထမအကျော့တွင် ၉၃ ရာခိုင်နှုန်းခန့် ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း၊ ဝက်သက်ရောဂါဖြစ်ပွားမှု အဆုံးသတ်နိုင်ရန် နီးကပ်လာပြီဖြစ်ကြောင်း အက်ဒ်ဒေးက ပြောသည်။ ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စု၌ ဝက်သက်ရောဂါမှာ အရှင်းပျောက်ကင်းပြီဟု ကြေညာခဲ့သော်လည်း ယခုနှစ်အတွင်း ပြည်နယ်ငါးခု၌ ဝက်သက်ရောဂါဖြစ်ပွားခဲ့သည်ဟု ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

ရောဂါဖြစ်ပွားရမှုမှာ နိုင်ငံရပ်ခြားသို့ ခရီးသွားနေပြီး ပြန်လာသည့်အခါ ရောဂါကို သယ်ဆောင်လာသူများမှတစ်ဆင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဝက်သက်ရောဂါဖြစ်ပွားကြသူများမှာ ကာကွယ်ဆေး မထိုးရသေးသူများဖြစ် ကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ချမ်းသာသည့် နိုင်ငံများတွင် ကာကွယ်ဆေးမထိုးလိုသည့် လှုပ်ရှားမှုများ မြင့်တက်လာသည်ကို သတိပေးထားသည်။ ဇန်နဝါရီ ၁ ရက်မှ မတ် ၂၁ ရက်အတွင်း အမေရိကန်ပြည်ထောင်စု၌ ဝက်သက်ရောဂါဖြစ်ပွားသူပေါင်း ၃၁၄ ဦး ရှိခဲ့ကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

**အေအက်ဖ်ပီ**

# ဂါဇာနယ်စပ်၌ ဆန္ဒပြမှုများက အစ္စရေးမဲပေးပွဲမတိုင်မီ စမ်းသပ်မှုဖြစ်လာ

**ဂါဇာ မတ် ၃၀**

ဂါဇာနယ်စပ်၌ မတ် ၃၀ ရက်က အစ္စရေးတို့ကြောင့် ပါလက်စတိုင်းတစ်ဦး အသတ်ခံရပြီးနောက် လူစုလူဝေးနှင့် ဆန္ဒပြမှုများကို ဦးတည်ခဲ့သည်။

အဆိုပါဖြစ်ရပ်ကြောင့် အထိမခံဖြစ်နေသည့် အစ္စရေးတို့နှင့် ဂါဇာဒေသကို ထိန်းချုပ်ထားသော ဟားမားစ်တို့ကြား ခက်ခဲသည့် စမ်းသပ်မှုတစ်ခုဖြစ်လာခဲ့သည်။ ပါလက်စတိုင်းလူမျိုး၂၀၀ ခန့်နှင့် အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးတို့ အသတ်ခံရသည့် နယ်စပ်ဆန္ဒပြမှုများ၏ ပထမဆုံးနှစ်ပတ်လည်အဖြစ် ပြုလုပ်ခဲ့ကြသည်။

အခု တစ်ကြိမ် ဆန္ဒပြမှုသည် အစ္စရေးနိုင်ငံ၌ ရွေးကောက်ပွဲမကျင်းပမီ ၁၀ ရက်ခန့်အလိုတွင် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် ယခင် ဗိုလ်ချုပ်ဟောင်း ဘန်နီဂန့်ဇ်နှင့် ရွေးကောက်ပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၎င်းကိုစွပ်စွဲထားကြသလို ဟားမားစ်တို့အပေါ် သဘောထားပျော့ပျောင်းသည်ဟူသောစွပ်စွဲချက်ကို ရှောင်တိမ်းလိုသည်။

မတ် ၂၉ ရက် နှောင်းပိုင်းက နယ်စပ်ခြံစည်းရိုးနားကပ်၍ ဆန္ဒပြခြင်းများကို ရှောင်ရှားရန် သဘောတူထားသည့်စာချုပ်ကို ပြုလုပ်နိုင်ခဲ့ကြောင်း ဟားမားစ်တို့က ပြောသည်။

သို့သော်အစ္စရေးတို့ဘက်မှ မည်သည့်သဘောတူညီချက်မှ အတည်မပြုခဲ့ပေ။ ဟားမားစ်အုပ်စုအနေဖြင့် ဆန္ဒပြသူများကို မည်သည့်အတိုင်းအတာအထိ ထိန်းချုပ်နိုင်သလဲဆိုသည့်အချက်မှာမူ မရှင်းလင်းပေ။ လွန်ခဲ့သောနှစ် မတ်လက စတင်၍ ဆန္ဒပြမှုများမှာ သီတင်းပတ်တိုင်းတွင် ဖြစ်ပေါ်လေ့ရှိသည်။

ဟားမားစ်အုပ်စု ခေါင်းဆောင် အစ္စမေးလ်ဟာနီယာက အဓိကနေရာကြီးငါးနေရာတွင် ဆန္ဒပြပွဲများ ပြုလုပ်ရန် တိုက်တွန်းခဲ့သည်။ အစ္စရေးတပ်ဖွဲ့က ပါလက်စတိုင်း ၆၂ ဦးကို ပစ်ခတ်ခဲ့သည့် မေလမှ စတင်ကာ ဆန္ဒပြပွဲများ အရှိန်ပြင်းထန်လာခဲ့သည်။

**အေအက်ဖ်ပီ**




ဂါဇာနယ်စပ်တွင် ပါလက်စတိုင်းဆန္ဒပြသူများကို တွေ့ရစဉ်။

# နိုင်ငံတကာ သတင်းတိုထွာ

## နွံနစ်နေသည့် ဆင်ပေါက်လေးများ ကယ်တင်

**ဗန်ကောက် မတ် ၃၀**

ထိုင်းနိုင်ငံ အမျိုးသားပန်းခြံအတွင်းရှိ ဆင်ပေါက်ခြောက်ကောင်ကို ရွှံ့နွံတွင်းအတွင်းမှ လုံခြုံစိတ်ချစွာကယ်တင်နိုင်လိုက်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ ဆင်ပေါက်ကလေးများ ကယ်တင်ပုံကို အွန်လိုင်းတွင် ပျံ့နှံ့လျက်ရှိသည်။

ဆင်ပေါက်ကလေးများသည် ဆင်အုပ်စုနှင့်အတူ သွားလာကြပြီး ရွှံ့နွံအတွင်း ကျရောက်၍ မရုန်းနိုင်သည့်အခါ နောက်တွင် ကျန်ရစ်ခဲ့သည်ဟု ယူဆရသည်။ ပန်းခြံရှိ အစောင့်များက ဆင်ပေါက်ကလေးများကို မတ် ၂၇ ရက်က တွေ့ရှိခဲ့ပြီး မတ် ၂၈ ရက်အထိ ဆင်ပေါက်ကလေးများနှင့် အတူရှိနေခဲ့သည်။

ရွှံ့နွံများ စီးဆင်းသွားရန် ငါးနာရီခန့်အထိ အချိန်ယူကာ အနားသတ်များတူးခဲ့ရပြီး ဆင်ပေါက်ကလေးများကို တစ်ကောင်ပြီး တစ်ကောင် ကယ်ထုတ်ခဲ့သည်။

ဆင်ကလေးများသည် တစ်ကောင်နှင့်တစ်ကောင် ရွှံ့နွံအတွင်းမှ ရုန်းထွက်နိုင်ရန် အကူအညီပေးခဲ့ကြပြီး အားလုံး လွတ်မြောက်သွားပြီးနောက် တောအုပ်အတွင်း လျင်မြန်စွာဝင်သွားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## နီပေါ၌ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားကြရန် တိုက်တွန်း

**ခတ္တမန္ဒူ မတ် ၃၀**

နီပေါနိုင်ငံတွင် စီးပွားရေးဆိုင်ရာတွေ့ဆုံပွဲသို့တက်ရောက်လာခဲ့ကြသည့် နိုင်ငံပေါင်း ၄၀ မှ ကိုယ်စားလှယ်များအား နီပေါဝန်ကြီးချုပ်က နီပေါနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ကြရန် တိုက်တွန်းခဲ့သည်။

ခတ္တမန္ဒူမြို့တွင် ပြုလုပ်သည့် တွေ့ဆုံပွဲသို့ အစိုးရအရာရှိနှင့် စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၆၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

တက်ရောက်လာသူများမှ ၆၀ ရာခိုင်နှုန်းခန့်မှာ တရုတ်နှင့် အိန္ဒိယမှ ဖြစ်ကြပြီး နီပေါဝန်ကြီးချုပ် ကေပီရှာမာအိုလီက နီပေါနိုင်ငံသည် အဓိကဈေးကွက်ကြီးနှစ်ခုကြား မဟာဗျူဟာကျသည့်နေရာတွင် ရှိနေကြောင်း၊ ဦးစားပေးအစီအစဉ်များဖြင့် ဈေးကွက်နှစ်ခုစလုံးကို ရယူရန် လိုလားကြောင်း ပြောသည်။

ယခုပြုလုပ်သည့် တွေ့ဆုံမှုသည် ၂၀၁၅ ခုနှစ်က နီပေါနိုင်ငံ၌ ငလျင်လှုပ်ခတ်ခဲ့ပြီး လူပေါင်း ၉၀၀၀ ကျော် သေဆုံးခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နီပေါအစိုးရသည် အခြေခံအဆောက်အအုံ၊ ခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့ အပါအဝင် လုပ်ငန်းပေါင်း ၇၀ကျော်အတွက် ရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၃၂ ဘီလီယံခန့် ရည်ရွယ်ထားသည်။ **အင်န်အိတ်ချ်ကေ**

# အိန္ဒိယရဲ့ ဂြိုဟ်တုဖျက်လက်နက်စမ်းသပ်မှု

**ကလျာမိုးမြင့်**

**အိန္ဒိယနိုင်ငံက ၎င်းတို့ပိုင် ဂြိုဟ်တုတွေထဲက တစ်လုံးကို ပြီးခဲ့တဲ့ဗုဒ္ဓဟူးနေ့မှာ ဖျက်ဆီးလိုက်ပြီးနောက် အမေရိကန်ကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်က ဂြိုဟ်တုဖျက်လက်နက်တွေကို စမ်းသပ်တာ အာကာသထဲမှာ ညစ်ပတ်ရှုပ်ထွေးစေတယ်လို့ သတိပေးလာခဲ့ပါတယ်။**



ဇန်နဝါရီလအတွင်းက လွှတ်တင်ခဲ့သည့် ဂြိုဟ်တုတစ်စင်းကို တွေ့ရစဉ်။

ကမ္ဘာ့လေထုအပေါ်ဘက် ကီလိုမီတာ ၃၀၀ အကွာမှာရှိတဲ့ ကမ္ဘာပတ်လမ်းကြောင်းထဲက ဂြိုဟ်တုတစ်စင်းကို သိပ္ပံပညာရှင်တွေက အောင်မြင်စွာဖျက်ဆီးလိုက်နိုင်ကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ရုပ်မြင်သံကြားကတစ်ဆင့် ပြည်သူတွေကို မိန့်ခွန်းပြောကြားခဲ့ပါတယ်။ မိန့်ခွန်းထဲမှာ ဝန်ကြီးချုပ်မိုဒီက အိန္ဒိယနိုင်ငံဟာ အမေရိကန်၊ တရုတ်နှင့် ရုရှားနိုင်ငံတွေလိုပဲ အာကာသမှာ အင်အားကြီးတဲ့ နိုင်ငံတစ်ခုဖြစ်လာပြီလို့ ၎င်းက ပြောကြားလိုက်ပါတယ်။

### လေ့လာစောင့်ကြည့်နေ

အိန္ဒိယက အာကာသထဲမှာ အပျက်အစီးအပိုင်းအစတွေ ကျန်ရစ်မနေစေဖို့အတွက် ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းမှာ စမ်းသပ်မှုပြုလုပ်နေတာဖြစ်တယ်လို့ ခုခံပြောဆိုနေလင့်ကစား အမေရိကန်ကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်ကတော့ အမေရိကန်ဟာ အိန္ဒိယရဲ့စမ်းသပ်မှုကို ဆက်လက်စောင့်ကြည့် လေ့လာနေဆဲဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ အိန္ဒိယနိုင်ငံဟာ ASAT လို့ခေါ်တဲ့ ဂြိုဟ်တုဖျက်လက်နက်စမ်းသပ်မှုကို ဆောင်ရွက်နေတဲ့ လေးခုမြောက် နိုင်ငံဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ်မှာ တရုတ်နိုင်ငံက အလားတူစမ်းသပ်မှုတစ်ခုကို လုပ်ဆောင်ခဲ့ပြီး နိုင်ငံတကာက သတိပေးသံတွေ ထွက်ပေါ်လာစေခဲ့ပါတယ်။

ပက်ထရစ်ရှာနာဟန်က “ကျွန်ုပ်တို့အားလုံးဟာ အာကာသထဲမှာ နေထိုင်ကြသူတွေချည်းပဲ။ ဒါကို ရှုပ်ပွညစ်ပေစေဖို့ မသင့်ဘူး။ အာကာသကြီးဟာ ကျွန်ုပ်တို့တွေ လုပ်ငန်းဆောင်ရွက်လို့ရတဲ့နေရာတစ်ခု ဖြစ်တယ်။ လူတွေ လုပ်ငန်းဆောင်ရွက်မှုတွေ ပြုလုပ်ဖို့ လွတ်လပ်ခွင့်ရှိသင့်တဲ့နေရာလည်း ဖြစ်တယ်”လို့ အိန္ဒိယနိုင်ငံက စမ်းသပ်မှုပြုလုပ်ပြီးနောက်မှာ မစ္စတာရှာနာဟန်က သတင်းထောက်တွေကို ပြောကြားခဲ့ပါတယ်။

### ကျွမ်းကျင်သူတွေ သံသယရှိ

ဒီလိုစမ်းသပ်မှုမျိုးတွေလုပ်တာက အရပ်သားတွေကို ထိခိုက်စေနိုင်သလို စစ်ဘက်ဆိုင်ရာဂြိုဟ်တုစစ်ဆင်ရေးတွေကိုလည်း အနှောင့်အယှက်ဖြစ်စေနိုင်တယ်။ ဒါပေမယ့် အိန္ဒိယက လေထုထဲမှာ ၎င်းရဲ့ မစ်ရှင်ရှာကတီလို့ခေါ်တဲ့ စမ်းသပ်မှုကို ရည်ရွယ်ချက်ရှိရှိနဲ့ လုပ်ဆောင်နေတာဖြစ်တယ်လို့ ဆိုပါတယ်။ ကျွမ်းကျင်သူတချို့ကတော့ ဒီကိစ္စအပေါ်မှာ သံသယရှိနေပြီး အပျက်အစီးတွေရှိတဲ့ လမ်းကြောင်းကို ထိန်းချုပ်နိုင်မှာ မဟုတ်ဘူးလို့ ခန့်မှန်းပြောဆိုခဲ့ကြပါတယ်။ အမေရိကန်စစ်ဘက်ဆိုင်ရာက အိန္ဒိယနိုင်ငံရဲ့ စမ်းသပ်မှုကနေ ပေါ်ထွက်လာတဲ့ အပိုင်းအစ ၂၅၀ ကျော်လောက်ကို စောင့်ကြည့်စစ်ဆေးမှု ပြုလုပ်နေတယ်လို့ ပင်တဂွန်စစ်ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။

### နာဆာ သတိပေးချက်ထုတ်ပြန်

တရုတ်နိုင်ငံက ၂၀၀၇ ခုနှစ်မှာ ပြုလုပ်ခဲ့တဲ့ စမ်းသပ်မှုမှာ အသုံးမဝင်တော့တဲ့ မိုးလေဝသဂြိုဟ်တုတစ်လုံးကို ဖျက်ဆီးပစ်ခဲ့ပြီး ကမ္ဘာပတ်လမ်းကြောင်းပေါ်မှာ ကြီးမားတဲ့ အပျက်အစီးအစုအဝေးတစ်ခု ကျန်ရှိစေခဲ့ပါတယ်။ ဒီအစုအဝေးက အာကာသထဲမှာ ဂြိုဟ်တုအပါအဝင် တခြားသောအရာတွေနဲ့ တိုက်မိစေနိုင်ပါတယ်။ အိန္ဒိယနိုင်ငံက ဂြိုဟ်တုဖျက်စမ်းသပ်မှု ပြုလုပ်ခဲ့ပြီးနောက်မှာ အပျက်အစီးတွေကြောင့် ဖြစ်လာနိုင်တဲ့ အန္တရာယ်နဲ့ ပတ်သက်ပြီး နာဆာကလည်း သတိပေးချက်ထုတ်ပြန်လာခဲ့ပါတယ်။

### အာကာသဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်နေ

လူတချို့က ဂြိုဟ်တုကို ဖျက်နိုင်စွမ်းရှိတဲ့ လက်နက်တွေကို ရည်ရွယ်ချက်ရှိရှိနဲ့ စမ်းသပ်လိုကြပြီး လမ်းကြောင်းပေါ်မှာ အပျက်အစီးတွေနဲ့ ရှုပ်ပွအောင် လုပ်နေကြတယ်။ ဒါက ယနေ့ ကျွန်ုပ်တို့ ကိုင်တွယ်ဖြေရှင်းနေကြရတဲ့ ပြဿနာတစ်ခုပဲလို့ အမေရိကန်အာကာသအေဂျင်စီ အကြီးအကဲ ဂျင်ဘရီဒန်စတင်းက ဗုဒ္ဓဟူးနေ့မှာ ကွန်ဂရက်သို့ ပြောကြားခဲ့ပါတယ်။ ပြီးတော့ ဒီလိုပဲ အလားတူနိုင်ငံတွေဟာ ၎င်းတို့ကိုယ်တိုင် လုပ်ဆောင်ခဲ့ကြတဲ့ အပျက်အစီး အရှုပ်အထွေးတွေကြောင့် အာကာသအခြေအနေဆိုင်ရာနဲ့ ပတ်သက်ပြီး သတိပြုမိတာတွေအတွက် ကျွန်ုပ်တို့ဆီကို လာကြတယ်လို့ ၎င်းက ဆိုပါတယ်။ အမေရိကန်ပြည်ထောင်စုဟာဆိုရင် ၎င်းရဲ့ဂြိုဟ်တုဖျက်လက်နက်စမ်းသပ်မှုကို ၁၉၅၉ ခုနှစ်မှာ လုပ်ဆောင်ခဲ့ပါတယ်။

### ငြိမ်းချမ်းသော စမ်းသပ်မှုလို့ဆို

မတ် ၂၇ ရက်က ကြိုတင်စီစဉ်ထားခြင်းမရှိဘဲ ပြောကြားခဲ့တဲ့ နိုင်ငံတော်အခြေပြုမိန့်ခွန်းတစ်ရပ်မှာ အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ASAT စမ်းသပ်မှုပြုလုပ်ကြောင်း ကြေညာခဲ့ပါတယ်။ အိန္ဒိယနိုင်ငံဟာ ကမ္ဘာလုံးဆိုင်ရာ အာကာသအင်အားကြီးနိုင်ငံတစ်ခုအဖြစ် ထူထောင်နိုင်ခဲ့ပြီ ဖြစ်တယ်လို့ မိုဒီက ပြောကြားခဲ့ပါတယ်။ လက်နက်ထိန်းချုပ်ရေးထောက်ခံသူတွေက အာကာသထဲမှာ စစ်ပုံသွင်းမှုတိုးမြင့်လာတာနဲ့ ပတ်သက်လို့ စိုးရိမ်မိကြောင်း ဖော်ပြမှုတွေရှိနေချိန် အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီးကတော့ ဒီစမ်းသပ်မှုကို ငြိမ်းချမ်းတဲ့အရာတစ်ခုအဖြစ် ဖော်ပြထားတဲ့အပြင် အိန္ဒိယဟာ အာကာသအပြင်ဘက်မှာ လက်နက်ယှဉ်ပြိုင်မှု တစ်ခုဆီဝင်ရောက်လာဖို့ဆိုတဲ့ ရည်ရွယ်ချက်မရှိဘူးလို့ ငြင်းဆိုထားပါတယ်။

### ရွေးကောက်ပွဲကော်မရှင် စုံစမ်းစစ်ဆေးမည်

ဒီကြေညာချက်က အတိုက်အခံပါတီတွေကို ဒေါသထွက်စေခဲ့ပြီး ၎င်းတို့က မစ္စတာမိုဒီဟာ ရွေးကောက်ပွဲဆိုင်ရာ စွန့်စားတဲ့ စတန့်ထွင်မှုတစ်ခုအဖြစ် ဒီစမ်းသပ်မှုကို လုပ်ဆောင်ခဲ့တာဖြစ်တယ်လို့ စွပ်စွဲလျက်ရှိပါတယ်။ အိန္ဒိယနိုင်ငံဟာ လာမယ့်ဧပြီလ ၁၁ ရက်မှာ ပြည်လုံးကျွတ်ရွေးကောက်ပွဲတွေအတွက် မဲစပေးကြတော့မှာဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်က မစ္စတာမိုဒီဟာ ရွေးကောက်ပွဲစည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ခြင်း ရှိ မရှိဆိုတာကို စုံစမ်းစစ်ဆေးသွားမှာ ဖြစ်တယ်လို့ ကြေညာထားပါတယ်။

### လက်လွှတ်ဆုံးရှုံးနိုင်

ဝန်ကြီးချုပ် မိုဒီက မတ် ၂၇ ရက်မှာ ပြုလုပ်ခဲ့တဲ့ စမ်းသပ်မှုဟာ နိုင်ငံတကာစည်းမျဉ်းတွေကို ချိုးဖောက်ခဲ့တာ မရှိခဲ့သလို နိုင်ငံတော်လုံခြုံရေးအတွက် ဆောင်ရွက်တာဖြစ်တယ်လို့ ဆိုပါတယ်။ ဝန်ကြီးချုပ်မိုဒီနဲ့ ၎င်းကိုထောက်ခံသူတွေက ဒီဖြစ်ရပ်ကို သူမတူတဲ့ အောင်မြင်မှုတစ်ခုလိုမျိုး ကြွေးကြော်နေပေမယ့် အခုလုပ်ဆောင်လိုက်တဲ့ စမ်းသပ်မှုက အာကာသဆိုင်ရာ စစ်မက်ဖြစ်ပွားစေမယ့် တင်းမာမှုတွေဆီ ဦးတည်နေပြီး လူသားမျိုးနွယ်တွေအနေနဲ့ ကမ္ဘာနဲ့ အနီးအနားမှာရှိတဲ့ အာကာသရဲ့ အရေးပါတဲ့ အစိတ်အပိုင်းတွေဆီ ရောက်ရှိနိုင်ခွင့် လက်လွှတ်ဆုံးရှုံးရနိုင်တယ်လို့ ကျွမ်းကျင်သူတချို့က ဝေဖန်သုံးသပ်ခဲ့ကြပါတယ်။

### အန္တရာယ်ရှိနိုင်

ဂြိုဟ်တုကိုဖျက်ဆီးခြင်းဟာ အပျက်အစီးအပိုင်းအစတွေကို ဖြစ်ပေါ်စေပြီး အဲဒီအပိုင်းအစတွေဟာ အခုဆိုရင် အာကာသထဲမှာ လွင့်မျောနေတယ်။ ဒီအပိုင်းအစတွေဟာ တိုက်မိတာတွေကြောင့် ထိခိုက်ပျက်စီးစေနိုင်ပြီး တခြားသော အာကာသယာဉ်တွေကိုလည်း ပျက်စီးစေနိုင်ပါတယ်။ အပျက်အစီးအပိုင်းအစတွေကြောင့် အန္တရာယ်ဖြစ်လာနိုင်တာဟာ တန်ဖိုးကြီးတဲ့ ဂြိုဟ်တုတွေချည်း မဟုတ်ပါဘူး။

အခုဆိုရင် ကမ္ဘာမြေနဲ့ မိုင်ပေါင်း ၂၅၀ ခန့်ဝေးကွာတဲ့ နိုင်ငံတကာအာကာသစခန်းမှာ အမှုထမ်းခြောက်ဦးတို့ နေထိုင်နေကြပါတယ်။ အဲဒီအကွာအဝေးဟာဆိုရင် အိန္ဒိယနိုင်ငံက အခုစမ်းသပ်မှုပြုလုပ်ခဲ့တဲ့ ကမ္ဘာ့လေထုအပေါ်ဘက် ၁၈၅ မိုင် အကွာအဝေးထက် ၆၅ မိုင်ခန့် ပိုပြီး မြင့်ပါတယ်။ သို့သော်လည်းပဲ ဘာပဲဖြစ်ဖြစ် အချို့သော အပျက်အစီးအစိတ်အပိုင်းတွေဟာ ပိုမြင့်တဲ့ ဂြိုဟ်ပတ်လမ်းကြောင်းတွေဆီ ရောက်ရှိသွားနိုင်သလို အာကာသစခန်းတွေကိုလည်း အန္တရာယ်ရှိလာစေနိုင်တယ်လို့ ဒီကိစ္စကို လေ့လာစောင့်ကြည့်နေသူတွေက သုံးသပ်ပြောဆိုခဲ့ကြပါတယ်။

အာကာသထဲမှာ ပွတ်တိုက်မှုဖြစ်သွားတဲ့အခါတိုင်း အပျက်အစီးအစုအဝေးတစ်ခု ဖြစ်လာစေပြီး အဲဒီအပိုင်းအစတစ်ခုချင်းစီဟာ တစ်နာရီမှာ မိုင်ပေါင်း ၁၇၅၀၀ ခန့် ရွေ့လျားနေပါတယ်။ ဒီအရှိန်နှုန်းဟာ ကမ္ဘာပတ်လမ်းကြောင်းအနိမ့်ပိုင်းမှာ ဂြိုဟ်တုတစ်လုံးဆက်လက်ရှိနေဖို့ လိုအပ်တဲ့အရှိန်နှုန်းဖြစ်ပြီး သေနတ်တစ်လက်ကနေပစ်လိုက်တဲ့ ကျည်ဆန်ရဲ့ ဆယ်ဆမက မြန်တယ်လို့ သိရပါတယ်။ ဒီတော့ အိန္ဒိယနိုင်ငံက လုပ်ဆောင်လိုက်တဲ့ ဂြိုဟ်တုဖျက်စမ်းသပ်မှုကြောင့် ဖြစ်လာနိုင်တဲ့ အခြေအနေတွေကို အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနနဲ့ တခြားသောအဖွဲ့အစည်းတချို့က သတိထား စောင့်ကြည့်လျက်ရှိနေပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ၊ ဘီဘီစီ**

> **“အိန္ဒိယက အာကာသထဲမှာ အပျက်အစီး အပိုင်းအစတွေ ကျန်ရစ်မနေစေဖို့အတွက် ကမ္ဘာပတ်လမ်းကြောင်း အနိမ့်ပိုင်းမှာ စမ်းသပ်မှုပြုလုပ်နေတာဖြစ်တယ်လို့ ခုခံပြောဆိုနေလင့်ကစား အမေရိကန်ကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်ကတော့ အမေရိကန်ဟာ အိန္ဒိယရဲ့စမ်းသပ်မှုကို ဆက်လက်စောင့်ကြည့် လေ့လာနေဆဲဖြစ်တယ်လို့ ပြောကြားခဲ့”**

# ကလေးစာပေပွဲတော်(ပဲခူး) နောက်ဆုံးနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပမှုဓာတ်ပုံမြင်ကွင်း

ဓာတ်ပုံ-သတင်းစဉ်






ကလေးစာပေပွဲတော်(ပဲခူး)အခမ်းအနားတွင် အနုပညာရှင်များ ဖျော်ဖြေတင်ဆက်မှုကို ပရိသတ်များ အားပေးကြည့်ရှုကြစဉ်။



ကျောက်ဆည်ဆင်အကဖြင့် ဖျော်ဖြေစဉ်။



ကလေးငယ်များ ဂုန်နီအိတ်စွပ်အပြေးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်စဉ်။



ဆေးရောင်ခြယ်ပြိုင်ပွဲ၌ ကလေးငယ်များယှဉ်ပြိုင်နေမှုကို အနုပညာရှင်များက အားပေးကြည့်ရှုစဉ်။



စာအုပ်ဈေးတန်း၌ ဝယ်ယူသူများဖြင့် စည်ကားနေစဉ်။



ကလေးစာပေပွဲတော် (ပဲခူး)နောက်ဆုံးနေ့တွင် ပါဝင်ဆင်နွှဲကြသူများကို တွေ့ရစဉ်။



ကျောင်းသား ကျောင်းသူများ စာအုပ်များဖတ်ရှုလေ့လာစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွက် ကျပ် ဘီလီယံ နှစ်ရာကျော်ခန့် တိုးမြှင့်ရှာဖွေသုံးစွဲနိုင်ခဲ့

**ရန်ကုန် မတ် ၃၀**

လက်ရှိအစိုးရသက်တမ်းအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွက် ကျပ် ဘီလီယံ ၂၀၀ ကျော်ခန့်ကို တိုးမြှင့်ရှာဖွေသုံးစွဲနိုင်ခဲ့ကြောင်း ရန်ကုန်မြို့ Park Royal ဟိုတယ်၌ မတ် ၂၉ ရက်က ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များစာစောင် မိတ်ဆက်ရှင်းလင်းပွဲမှ သိရသည်။

ရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဘတ်ဂျက်လိုငွေ ငါးရာခိုင်နှုန်းမရှိပေမယ့် ဘတ်ဂျက်လိုငွေပြမှုနဲ့ပတ်သက်ပြီး ပြည်ထောင်စုအစိုးရနဲ့ ကျွန်တော်တို့နဲ့ ဆွေးနွေးထားတာရှိပါတယ်၊ ကျွန်တော်တို့ တိုင်းဒေသကြီးရဲ့ ဘတ်ဂျက်အခြေအနေကို ကြည့်မယ်ဆိုရင် ကျွန်တော်တို့ စတင် တာဝန်ယူခဲ့တဲ့အချိန်မှာ ဘီလီယံ ၄၀၀ ကျော်လောက်နဲ့ စခဲ့တာဖြစ်ပါတယ်။ အခု ဘီလီယံ ၆၅၀၊ ဒါအခုတာဝန်ယူနေတဲ့အချိန်ကာလမှာ ၆၅၀ နဲ့ ဒီနှစ် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်ကို အပြီးသတ်ဖို့ ကြိုးစားနေတာဖြစ်ပါတယ်၊ ကျွန်တော်တို့က ကျပ် ငွေဘီလီယံ ၂၀၀ ကျော်လောက် တိုးပြီး ရှာဖွေသုံးစွဲနိုင်ခဲ့တဲ့အခြေအနေရှိပါတယ်ဟု ပြောသည်။

ပြည်သူတို့၏ အသံကို နားထောင်လျက် ဘတ်ဂျက်ရေးဆွဲပြင်ဆင်ဆောင်ရွက်နေမှုများလည်းရှိပြီး ယခုရက်အနည်းငယ်အတွင်း မြို့နယ်များသို့ကွင်းဆင်းရာတွင် ပြည်သူတို့က လမ်းပိုင်းဆိုင်ရာ ပိုမိုကောင်းမွန်လာသော်လည်း ရေမြောင်းများ မကောင်းကြောင်း၊ မီးလင်းရေးနှင့်ပတ်သက်၍ ကျေးလက်ဒေသမီးလင်းရေးကို လုပ်ဆောင်ပေးရန်နှင့် လမ်းမီးများထွန်းပေးရန် တောင်းဆိုမှုသည် ပြည်သူတို့၏ အသံများဖြစ်သောကြောင့် လာမည့်နှစ်များအတွက် ဘတ်ဂျက်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ်ကဆိုသည်။

ဝန်ကြီးချုပ်က “ဘတ်ဂျက်လိုငွေကို ကျွန်တော်တို့ GDP ရဲ့ ငါးရာခိုင်နှုန်းထက် မကျော်စေဘဲ ဘတ်ဂျက်လိုငွေပြရတာဖြစ်ပါတယ်။ ဘတ်ဂျက်လိုငွေပြမှုဟာ တကယ် ငါးရာခိုင်နှုန်း မရှိပါဘူး။ မသုံးနိုင်လို့ ပြန်အပ်တဲ့ ငွေတွေများနေတဲ့အတွက် ဘတ်ဂျက်လိုငွေဟာ တစ်ရာခိုင်နှုန်းကျော်ကျော်၊ နှစ်ရာခိုင်နှုန်းလောက်မှာပဲ သွားဖြစ်နေတာမျိုးဖြစ်နေပါတယ်။ ဒါဟာ ဖွံ့ဖြိုးသင့်သလောက် ပိုပြီးဖွံ့ဖြိုးအောင် လုပ်ရမယ်လို့ ပြည်ထောင်စုဝန်ကြီးဌာနဘက်က ဆိုပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ တိုင်းဒေသကြီးတွေမှာလည်း တာဝန်ရှိပါတယ်။ ပြည်ထောင်စုကသုံးစွဲတဲ့ ဘတ်ဂျက်တွေကို ကျွန်တော်တို့ တိုင်းဒေသကြီးတွေကသာ စနစ်တကျ ပိုပြီးကြီးကြပ်ကွပ်ကဲမယ်ဆိုရင် ဒီငွေတွေဟာ ပိုပြီး မှန်မှန်ကန်ကန် သုံးစွဲမိမှာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မယ့် ဘတ်ဂျက်တွေကို စနစ်တကျသုံးစွဲဖို့၊ အချိန်မီပြီးစီးနိုင်ဖို့၊ ဘတ်ဂျက်နှစ်ထဲမှာပဲ သုံးစွဲသွားနိုင်ဖို့ဆိုတဲ့ အခြေအနေတွေကိုလည်း ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ပါတယ်”ဟု ပြောကြားသည်။

၂၀၁၈-၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ စာစောင်ကို Renaissance Institute နှင့် The Asia Foundation တို့က ပူးပေါင်းပြုစုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

# မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ ထားဝယ်မြို့၌ ကျင်းပ

**ထားဝယ် မတ် ၃၀**

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည်စေရန်၊ အားကစားလှုပ်ရှားမှုများဖြင့် နှစ်နိုင်ငံ ကူးလူးဆက်ဆံမှု ပိုမိုများပြားလာပြီး ချစ်ကြည်ရေး ပိုမိုခိုင်မြဲလာစေရန်၊ ဒေသ၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန် ရည်ရွယ်ချက်များဖြင့် မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲကို မတ် ၂၉ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တိုင်းဒေသကြီးအားကစားကွင်း၌ ကျင်းပခဲ့သည်။


တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ထိုင်းနိုင်ငံ ခရိုင်ဝန်ထံသို့ အမှတ်တရလက်ဆောင်ပေးအပ်စဉ်။

ပြိုင်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်က အမှာစကားပြောကြားပြီး ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ ကန်ချနာဘူရီခရိုင်ဝန် Mr.Jirakati Phoomsawat တို့က အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကာ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲကို အားပေးကြည့်ရှုခဲ့သည်။ ဘောလုံးပြိုင်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ထိုင်းနိုင်ငံ ကန်ချနာဘူရီခရိုင်ဝန်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ အားကစားဝါသနာရှင်များ တက်ရောက်အားပေးခဲ့ကြပြီး ပြိုင်ပွဲတွင် မြန်မာအသင်းက ထိုင်းအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

**မန္တလေး မတ် ၃၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကို ပုသိမ်ကြီးမြို့နယ်ရှိ ရေတံခွန်တောင်ဂေါက်ကွင်း၌ မတ် ၃၀ ရက်က ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် အထက်မြန်မာပြည် ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတင်ကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန် ဒေါက်တာရဲမွန်နှင့် အထက်မြန်မာပြည် ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌတို့က အဖွင့်ဂေါက်သီးများရိုက်၍ ပြိုင်ပွဲကို စတင်ပေးပြီး ဂေါက်သီးရိုက်ပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့သည်။ အဆိုပါပြိုင်ပွဲကို မတ် ၃၀ နှင့် ၃၁ ရက် နှစ်ရက်ကြာ ကျင်းပကာ ပြိုင်ပွဲဝင်အသင်း ၄၄ သင်းမှ ဂေါက်သီးရိုက်အားကစားသမား ၁၇၆ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း၊ ဆုချီးမြှင့်ပွဲကို မတ် ၃၁ ရက်တွင် အဆိုပါဂေါက်ကွင်း၌ပင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

# တောင်ကြီးမြို့ အထူးဓမ္မသဘင်အောင်မြင်ခြင်းအထိမ်းအမှတ် ဂုဏ်ပြုပွဲကျင်းပ

**တောင်ကြီး မတ် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ကျင်းပခဲ့သည့် ပထမအကြိမ် အထူးဓမ္မသဘင် အောင်မြင်စွာကျင်းပနိုင်ခြင်း အထိမ်းအမှတ် ဂုဏ်ပြုပွဲကို မတ် ၃၀ ရက်က တောင်ကြီးမြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်အတွင်း


ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အလှူရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အတွင်းမှ ပြည်သူအများစု ယုံကြည်ကိုးကွယ်သော ဗုဒ္ဓဘာသာ သာသနာရေးနှင့်ပတ်သက်၍လည်း ပြည်နယ်အစိုးရက ဖြည့်ဆည်းကူညီပေးလျက်ရှိကြောင်း၊ ယခု မတ် ၂၁ ရက်မှ ၂၅ ရက်အထိ ငါးညတိုင် ကျင်းပခဲ့သည့် ပထမအကြိမ် တောင်ကြီးအထူးဓမ္မသဘင် အခမ်းအနားတွင်လည်း လိုအပ်သည်များကိုလည်း ကူညီပံ့ပိုးခဲ့ကြောင်း အမှာစကား ပြောကြားသည်။

ပထမအကြိမ် တောင်ကြီး အထူးဓမ္မသဘင်ပွဲကြီးတွင် ဓမ္မသဘင်ပွဲဖြစ်မြောက်ရေး ကော်မတီဝင်များအနေဖြင့် ကာယအား၊ ဉာဏအား၊ ငွေအား ပြည့်စုံစွာဖြင့် လုပ်ဆောင်ခဲ့ကြ၍ ပြည်နယ်အစိုးရအနေဖြင့် အနည်းငယ်သာပံ့ပိုးကူညီခဲ့ရကြောင်း၊ လူမှုရေး ပရဟိတအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များက စိတ်ရောကိုယ်ပါ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့်အတွက် ဂုဏ်ပြုထိုက်သူများအားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ဝန်ကြီးချုပ်က ပြောသည်။

ထို့နောက် ဓမ္မသဘင်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးခင်အောင်က အထူးဓမ္မသဘင် ကျင်းပရန် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားပြီး အထူးဓမ္မသဘင်အတွက် လိုအပ်သည်များကို ကူညီပံ့ပိုးခဲ့ကြသည့် အလှူရှင်များအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်စာရင်းစစ်ချုပ်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**မောင်မောင်သန်း (တောင်ကြီး)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃၀-၃-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၄၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၃၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀/၉၈၅ ကျပ် | ၉၈၅/၁၀၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၀/၉၉၅ ကျပ် | ၁၀၀၀/၁၀၁၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၃၀ ကျပ် | ၈၆၅/၈၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၉၁၀ ကျပ် | ၉၅၀/၉၆၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၄ ⋅ ၉ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၁ ⋅ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၇ ⋅ ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၂ ⋅ ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၇ ⋅ ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၇၄ ⋅ ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၅ ⋅ ၅၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ⋅ ၉၀၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ ⋅ ၃၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၀ ⋅ ၈၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ⋅ ၇၁၃ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |


mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm


HTOO


MGU
MAR
2019.


မိုးငယ်







# မြဝတီမြို့နယ်ရှိ ထိုင်း-မြန်မာရေပေါ်ဈေးတွင် နှစ်နိုင်ငံပြည်သူများ စည်ကားနေ

**မြဝတီ မတ် ၃၀**

မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့နှင့် ၁၀ မိုင်ခန့်အကွာရှိ အင်ကြင်းမြိုင်ကျေးရွာနှင့် ထိုင်းနိုင်ငံ မဲဆောက်မြို့နယ် မယ်ကုလွမ်ကျေးရွာကို စည်းခြားထားသော သောင်ရင်းမြစ်အတွင်း၌ နှစ်နိုင်ငံသဘောတူညီမှုဖြင့် ရေပေါ်ဈေးတစ်ခုကို ပြီးခဲ့သည့် မတ် ၂၀ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ နှစ်နိုင်ငံလုံးမှ ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ရေပေါ်ဈေးကို နှစ်စဉ် နွေရာသီတွင် ဖွင့်လှစ်ခဲ့သည်မှာ ယခုနှစ်အပါအဝင် သုံးနှစ်ရှိပြီဖြစ်ကြောင်း၊ ယခုနှစ်တွင် မတ် ၂၀ ရက်မှ ဧပြီ ၂၀ ရက်အထိ တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါရေပေါ်ဈေးကို တာဝန်ယူကြီးကြပ်နေသည့် အင်ကြင်းမြိုင်ကျေးရွာမှ တာဝန်ခံ ဦးမောင်မောင်တင်က "ကျွန်တော်တို့အင်ကြင်းမြိုင်ရွာမှာ အိမ်ခြေ ၈၀၀ ခန့်ရှိပြီး ဘိုးဘွား ၇၀ ကျော်ရှိပါတယ်၊ ဒီဘိုးဘွားတွေကို နှစ်စဉ် နှစ်ဆန်း ၁ ရက်နေ့မှာ ပူဇော်ကန်တော့ကြပါတယ်။ ဒီတော့ ရန်ပုံငွေလိုအပ်တာကြောင့် ထိုင်းဘက်ခြမ်း မယ်ကုလွမ်ကျေးရွာက တာဝန်ရှိသူတွေနဲ့တိုင်ပင်ပြီး ဒီရေပေါ်ဈေးကို ဖွင့်ခဲ့တာ ၃ နှစ်ရှိပါပြီ။ အနယ်နယ်အရပ်ရပ်က ပြည်သူတွေ ဒီရေပေါ်ဈေးမှာ လာရောက်အပန်းဖြေကြပါတယ်"ဟု ပြောသည်။

ရေပေါ်ဈေးဖွင့်လှစ်သည့် ၂၀ ရက်နေ့မှစ၍ ထိုင်းဘက်နှင့် မြန်မာဘက်မှ ပြည်သူများ လာရောက်အပန်းဖြေလျက်ရှိပြီး ထိုင်းဘက်တွင် အရက်၊ ဘီယာ၊ ငါးကင်၊ ပုစွန်ကင်၊ သဘော်သီးထောင်း၊ ကြက်ကင်၊ ဘဲကင်၊ အချိုရည်မျိုးစုံနှင့် ပင်လယ်စာအကြော်အချက်များ ရောင်းချကြကာ မြန်မာဘက်တွင် ဘူးသီးကြော်၊ မုန့်ဟင်းခါး၊ အသုပ်စုံ၊ မြင်းခွာရွက်သုပ်၊ ခရမ်းချဉ်သီးသုပ်၊ လက်ဖက်သုပ်များ ရောင်းချနေကြသည်ကို တွေ့မြင်ရသည်။

"သင်္ကြန်တွင်းမှာဆိုရင်တော့ အလွန်စည်ကားတာပေါ့။ လာရောက်ကြတဲ့ ပြည်သူတွေအနေနဲ့ အပန်းဖြေကြရင်း သောင်ရင်းချောင်းထဲမှာ ရေကစားကြတာပေါ့။ ထိုင်းဘက်ကပြည်သူတွေလည်း အများအပြားလာရောက်အပန်းဖြေကြပြီး နှစ်နိုင်ငံပြည်သူတွေ ချစ်ကြည်ရင်းနှီးစွာနဲ့ ရေပက်ကစားကြတယ်၊ ရန်ဖြစ်တာတွေ၊ စကားများတာတွေမရှိအောင် ကျွန်တော်တို့ဘက်က လုံခြုံရေးနဲ့ ထိုင်းဘက်ကလုံခြုံရေးတွေ ပူးပေါင်းပြီး အင်အား ၁၀၀ လောက် ပူးပေါင်းဆောင်ရွက်ကြပါတယ်၊ ပြီးတော့ သူ့ဘက်ကိုယ့်ဘက် ဈေးသည်တွေက ရေတိမ်နေတဲ့ သောင်ရင်းမြစ်ထဲမှာ စင်လေးတွေထိုးပြီး ဈေးရောင်းကြတာပေါ့၊ လာသူများတော့ ဈေးသည်တွေ ဈေးရောင်းကောင်းကြတာပေါ့"ဟု ဦးမောင်မောင်တင်က ဆက်ပြောသည်။

ရေပေါ်ဈေးသို့ လာရောက်အပန်းဖြေကြသည့် မြန်မာနိုင်ငံသားများအား ဆိုင်ကယ်တစ်စီးလျှင် အပ်ခ ကျပ် ၅၀၀၊ ကားတစ်စီးလျှင် အပ်ခ ကျပ် ၁၀၀၀ ကောက်ခံရာ တစ်ရက်လျှင် ကျပ်တစ်သိန်းခန့် နေ့စဉ်ရရှိကြောင်း၊ အဆိုပါငွေများဖြင့် အင်ကြင်းမြိုင်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သည့်အပြင် ကျေးရွာထဲရှိ သက်ကြီးရွယ်အို ဘိုးဘွား ၇၀ ကျော်အား နှစ်စဉ် ထောက်ပံ့လှူဒါန်းကြောင်း၊ ပြီးခဲ့သည့်နှစ်က အဆိုပါ ရေပေါ်ဈေးဖွင့်လှစ်ခြင်းမှ ရန်ပုံငွေ ကျပ်သိန်း ၈၀ ခန့် ရရှိခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**



သောင်ရင်းမြစ်အတွင်း ရေကစားနေသော နှစ်နိုင်ငံ ပြည်သူများ

# မြို့နယ်များ၌ ပြည်သူ့စကားဝိုင်းများ ကျင်းပ

**အစိုးရ ဌာနဆိုင်ရာများက ဆောင်ရွက်နေသော လုပ်ငန်းများကို ပြည်သူများ သိရှိနိုင်ရန်နှင့် ပြည်သူများ၏ လိုအပ်ချက်များကိုလည်း ဌာနဆိုင်ရာများဘက်မှ သိရှိစေရန် ရည်ရွယ်လျက် ပြည်သူ့စကားဝိုင်းများကို မြို့နယ်အသီးသီး၌ ကျင်းပပြုလုပ်လျက်ရှိသည်။**

**ကျောက်ပန်းတောင်း**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လက်ပံကျင်းကျေးရွာ၌ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို သိရှိဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မတ် ၂၈ ရက်က ပြုလုပ်ခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကိုက ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်နှင့် အခက်အခဲများကို နားထောင်သိရှိပြီး တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်ရန်နှင့် မတတ်နိုင်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးရန် ဌာနပေါင်းစုံဖြင့် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ပြည်သူ့စကားဝိုင်းဖြစ်၍ ပြည်သူများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း တောင်းဆိုဆွေးနွေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် လယ်ကြီးတောင်ရွာ၊ လက်ပံကျင်းတောင်ရွာ၊ လက်ပံကျင်းအလယ်ရွာ၊ ရွာသာယာ၊ ညောင်ရွာနှင့် သီးကုန်း စသည့် ကျေးရွာများမှ ပြည်သူများက ရွာအလိုက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့မှ တာဝန်ရှိသူများကလည်း ၎င်းတို့ဌာနအလိုက် ပညာပေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ကာ မြို့နယ်ပြန်/ဆက်ဦးစီးဌာနကလည်း ပြည်သူများအား စာပေရေချမ်းစင်စာအုပ်ငယ်များ ဝေငှပေးခဲ့သည်။ **နေအောင် (ပြန်/ဆက်)**

**မန္တလေး**

Firday Times ဂျာနယ်၏ စီစဉ်မှုဖြင့် "မှတ်ပုံတင်လုပ်လျှင် ဘာတွေအခက်အခဲဖြစ်နေသလဲ" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲတစ်ရပ်ကို မတ် ၂၈ ရက်က မန္တလေးဘူတာကြီး အပေါ်ထပ်ရှိ Marvel ဟိုတယ်၌ ကျင်းပခဲ့သည်။ စကားဝိုင်းတွင် မော်ဒရေတာအဖြစ် Firday Times ဂျာနယ် အယ်ဒီတာချုပ် ဦးမင်းမင်းလတ်က ဆောင်ရွက်ပြီး ဆရာဦးအုန်းမောင်(ငြိမ်းချမ်းမှုတည်ဆောက်ရေးကွန်ရက်)၊ ဆရာဦးကြည်ဝင်း(အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူး၊ လ.ဝ.က)၊ ဆရာမ မဆုချစ်(ဘာသာပေါင်းစုံချစ်ကြည်ရေး)၊ နိုင်ငံသားဖြစ်တည်မှု လူ့အခွင့်အရေးလှုပ်ရှားသူ ဒေါ်တင်မေထွန်း(မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်)နှင့် သိက္ခာ တော်ရဆရာတော် ရေလမီ(မန္တလေးအခြေစိုက် လီဆူးလူမှုရေးအဖွဲ့ဥက္ကဋ္ဌ)တို့က ဦးဆောင်ဆွေးနွေးခဲ့ကြကာ တက်ရောက်လာသူများကလည်း မိမိတို့ကိုယ်တိုင် မှတ်ပုံတင်လုပ်ရာတွင် အခက်အခဲကြုံရသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ **ခင်ခင်ဝင်း(ပညာရေး)**

**ဘားအံ**

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့ မဲပရကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မတ် ၂၇ ရက်က ပြုလုပ်ခဲ့ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးမိုးထွေးက အမှာစကားပြောကြားပြီး ပိုင်ကျုံမြို့ပြန်/ဆက်ဦးစီးမှူး ဒေါ်နော်ခူးခူးက ပြည်သူ့စကားဝိုင်းပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အသက်(၂)နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ငွေပေးအပ်မှုအစီအစဉ်များ၊ ပညာရေးဆိုင်ရာလုပ်ငန်းများ၊ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများ၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်းဆိုင်ရာများ၊ စိုက်ပျိုးရေးဆိုင်ရာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်အောင်၊ ပိုင်ကျုံမြို့အုပ်ချုပ်ရေးမှူးဦးထွန်းရန်အောင်၊ နယ်မြေရဲစခန်းမှူး ရဲအုပ်အောင်မြို့မင်းနှင့် စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းစိုးကတို့က ဦးဆောင်ဆွေးနွေးကာ ဒေသခံပြည်သူများကလည်း သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။ **မြို့နယ် (ပြန်/ဆက်)**

**တပ်ကုန်း**

တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မတ် ၂၆ ရက်က တပ်ကုန်းမြို့နယ် အလယ်ကျွန်းကျေးရွာရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ကျင်းပခဲ့ရာ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်က အမှာစကားပြောကြားပြီး နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့်အတူ မြို့နယ်ရဲတပ်ဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ လျှပ်စစ်အင်ဂျင်နီယာဌာနတို့မှ တာဝန်ရှိသူများက ဌာနအလိုက် ရပ်ရွာအေးချမ်းလုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးရေးနှင့် ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးရေး၊ လျှပ်စစ်မီးရရှိရေး စသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **တင်စိုးလွင်**

# မကွေးမြို့ ရန်ပါယ်ဈေးမှ စားသောက်ကုန်များကို FDA က ရှောင်တခင်စစ်ဆေး

**မကွေး မတ် ၃၀**

မကွေးမြို့ ရန်ပါယ်ဈေးအတွင်း၌ ရောင်းချနေသည့် စားသောက်ကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရှောင်တခင်စစ်ဆေးမှုတစ်ရပ်ကို မကွေးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန(FDA) က မတ် ၂၉ ရက်က လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ စစ်ဆေးရာတွင် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန နေပြည်တော်ရုံးချုပ်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုလျှင် တစ်စီးစီ ထောက်ပံ့ပေးထားသည့် ရွေ့လျားဓာတ်ခွဲခန်းယာဉ်ကို အသုံးပြု၍ ဈေးအတွင်းမှ စားသောက်ကုန်နမူနာ အမျိုး ၂၀ ကိုဝယ်ယူပြီးစနစ်တကျလေ့ကျင့်ထားသော ဓာတ်ခွဲခန်း ကျွမ်းကျင်သူများဖြင့် စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

"ဈေးထဲကစားသောက်ကုန်တွေကို နမူနာဝယ်ပြီး ရွေ့လျားဓာတ်ခွဲခန်းမှာ ပထမဦးဆုံး စစစ်ခဲ့ပါတယ်။ ဒီစစ်ဆေးမှုကို နေပြည်တော်မှာလည်း ထပ်မံအတည်ပြုစစ်ဆေးမှုတွေ လုပ်မယ်။ ကုန်အမှတ်တံဆိပ်ပါတာတွေကိုပဲ နှစ်ကြိမ်နှစ်ခါ Double Check စစ်ဆေးမှု လုပ်မှာပါ။ အမှတ်တံဆိပ်မပါတဲ့ ပစ္စည်းတွေကိုတော့ ဒီဓာတ်ခွဲခန်းက ရလဒ်အတိုင်းပဲ ချက်ချင်းအရေးယူမှုတွေ လုပ်သွားမှာပါ"ဟု မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန တာဝန်ခံ ဒေါက်တာပြည့်ထူးက ပြောသည်။

အစားအသောက်များတွင် ဖော်မလင်၊ ဘိုးရစ်အက်ဆစ်၊ ဆိုဒီယမ်ဟိုက်ဒရိုဂျင်ဆာလဖိုက်နှင့် ဆဲလ်ဆစ်အက်ဆစ် စသည့် အန္တရာယ်ရှိသည့် ဓာတ် လေးမျိုး ပါဝင်မှု အခြေအနေကို စစ်ဆေးခြင်းဖြစ်ပြီး ပါဝင်ပါက စားသောက်ရန်မသင့်သည့် အစားအသောက်အဖြစ် သတ်မှတ်ကာ ယာယီ ရောင်းချမှုရပ်ဆိုင်းမည်ဖြစ်ကြောင်း၊ နေပြည်တော်မှ အတည်ပြုစစ်ဆေးချက် ရရှိပါက ထုတ်လုပ်သည့်နေရာအထိလိုက်ပြီး အရေးယူသွားရန်ရှိကြောင်း သိရသည်။

စစ်ဆေးရာတွင် ဈေးတာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ ပူးပေါင်း၍ လုပ်ဆောင်သော်လည်း ကြိုတင်အသိမပေးထားကြောင်း သိရသည်။ "စစ်ဆေးတဲ့ ပူးပေါင်းအဖွဲ့တွေကို အနီးစပ်ဆုံးအချိန်တစ်ခုမှာ အသိပေးပြီးတော့ ရှောင်တခင်စစ်ဆေးမှုတွေ လုပ်ဆောင်နေတာဖြစ်ပါတယ်။ သင်္ကြန်အပြီးမှာတော့ တစ်တိုင်းလုံးမှာ ဖြန့်ကြက်ပြီး ဈေးကွက်ထောက်လှမ်းတာတွေ၊ စစ်ဆေးတာတွေကိုလည်း ဆက်တိုက်လုပ်ဆောင်သွားမှာပါ"ဟု ဒေါက်တာပြည့်ထူးက ဆိုသည်။

စစ်ဆေးမှုနှင့် ရောင်းချမှုရပ်ဆိုင်းသည့်အပိုင်းကို အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနက လုပ်ဆောင်မည်ဖြစ်ပြီး စားသောက်ကုန်များ သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်းအပိုင်းကို ဈေးထဲတွင် ဖြစ်ပါက ဈေးကော်မတီကလည်းကောင်း၊ ရပ်ကွက် အတွင်းဖြစ်ပါက အစားအသောက်နှင့်ဆေးဝါး ကြီးကြပ်ကွပ်ကဲရေးကော်မတီကလည်းကောင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု (မကွေး)**



အစားအသောက်များစစ်ဆေးသည့် ရွေ့လျားဓာတ်ခွဲခန်းယာဉ်နှင့် ဝန်ထမ်းများကို တွေ့ရစဉ်။

# ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မကွေး မတ် ၃၀**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်း၍ ရေရရှိရေး၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အခက်အခဲအတားအဆီးများ ဆန်းစစ်ဖော်ထုတ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို မကွေးမြို့ ထိန်ထိန်သာဟိုတယ်၌ မတ် ၂၈ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ လက်ရှိဆောင်ရွက်မှု အခြေအနေများနှင့် စိန်ခေါ်မှုများ၊ အခက်အခဲများကို ဆန်းစစ်ဖော်ထုတ်နိုင်ရန်နှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ အချက်အလက်များကောက်ယူ စာရင်းပြုစုနိုင်ရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးအောင်က တိုင်းဒေသကြီးအတွင်း ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး မန္တလေး ယူနီဆက်ဖ်ရုံးခွဲတာဝန်ခံ ဒေါ်ခိုင်ခိုင်ရွှေက ဆွေးနွေးပွဲတက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပြီး Action Plan ဖော်ထုတ်ပေးကြရန် တိုက်တွန်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ယူနီဆက်ဖ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို မတ် ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်ကြာ ပြုလုပ်ခဲ့သည်။ **သန်းလွင်(မကွေး)**



အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

## ရန်ကုန်မြို့တော် စည်ပင်ရွေးကောက်ပွဲအတွက် ဝက်ဘ်ဆိုက်တစ်ခုကို ဖန်တီးရာက ပြုလုပ်ထား

**ရန်ကုန် မတ် ၃၀**

မတ် ၃၁ ရက်တွင် ကျင်းပမည့် ရန်ကုန်မြို့တော် စည်ပင်သာယာ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင် အရွေးခံကြမည့် ကော်မတီဝင်လောင်းများ၏ ကိုယ်ရေးအချက်အလက်များကို ကြည့်ရှုနိုင်မည့် ဝက်ဘ်ဆိုက်တစ်ခုကို ပြည်တွင်းမှ နည်းပညာလုပ်ငန်းငယ်များ ဖွံ့ဖြိုးတိုးတက်ရေး တွန်းအားပေးဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် ဖန်တီးရာ၏ အစီအစဉ်တစ်ခုဖြစ်သည့် Tech4Change က ပြုလုပ်ထားပြီး မတ် ၂၅ ရက်မှစ၍ မိတ်ဆက်ထားသည်။

YCDC Election Explorer အမည်ရှိ အဆိုပါ Web Portal တွင် ရန်ကုန်မြို့သူ မြို့သားများအနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင် အရွေးခံကြမည့် ကော်မတီဝင်လောင်းများ၏ အမည်စာရင်းများကို မြို့နယ်အလိုက် ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ Web Portal ကို ထုတ်လွှင့်မှုနှင့်ပတ်သက်၍ ဖန်တီးရာ Tech4Change မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ကိုလူမင်းလွင်က "အခုလို ဒေတာ သတင်းအချက်အလက်တွေကို လွယ်လွယ်ကူကူနဲ့ ရယူသုံးစွဲနိုင်ခြင်းက ရန်ကုန်မြို့သူမြို့သားတွေ မဲပေးတဲ့နေရာမှာ အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်၊ ကျွန်တော်တို့ရဲ့ Page ထဲကို ဝင်ကြည့်ပြီး ရွေးကောက်ပွဲကျင်းပမယ့်နေ့မှာ သူတို့မြို့နယ်ကနေ မဲပေးလို့ရမယ့် ကော်မတီဝင်လောင်းတွေရဲ့နာမည်စာရင်းတွေကို တစ်စုတစ်စည်းတည်း ကြည့်လို့ရမယ့်နေရာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်သူများ၏ စာရင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရွေးကောက်ပွဲကော်မရှင်၏ ဖေ့စ်ဘုတ်မှ ကောက်နုတ်ထားခြင်းဖြစ်ပြီး ဝင်ရောက်ကြည့်ရှုလိုသူများသည် https://opendevelopmentmy-anmar.net/my/ycdc2019 ဝက်ဘ်ဆိုက်လိပ်စာသို့ ဝင်ရောက်၍ မိမိတို့နေထိုင်သည့် မြို့နယ်ကို ရွေးလိုက်ရုံဖြင့် မဲပေးနိုင်မည့် ကော်မတီဝင်လောင်းများ၏ အမည်စာရင်းများကို ရှာဖွေကြည့်ရှုနိုင်မည်ဖြစ်ကြောင်း ဖန်တီးရာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**




## တေးသီချင်းများ ဈေးသက်သာစွာနားဆင်နိုင်မည့် အစီအစဉ်ကို MPT နှင့် JOOX တို့ ပူးပေါင်း မိတ်ဆက်

**ရန်ကုန် မတ် ၃၀**

အွန်လိုင်းမှ တေးသီချင်းများ နားထောင်နိုင်သော ဂီတ Streaming အက်ပလီကေးရှင်းတစ်ခုဖြစ်သည့် JOOX မှ ပြည်တွင်းနှင့် နိုင်ငံတကာ တေးသီချင်း သန်းပေါင်းများစွာကို MPT အသုံးပြုသူများအနေဖြင့် သက်သာသောနှုန်းထားများဖြင့် နားဆင်နိုင်စေရန် Music Data Packs အသစ်ကို MPT နှင့် JOOX တို့ ပူးပေါင်း ပြုလုပ်ထားကြောင်း သိရသည်။

MPT မှ တာဝန်ရှိသူတစ်ဦးက "MPT-JOOX Data packs နဲ့အတူ JOOX VIP ဝန်ဆောင်မှုကို မြန်မာနိုင်ငံမှာရှိတဲ့ ဆက်သွယ်ရေးအော်ပရေတာများထဲမှာ ပထမဆုံး စီစဉ်ဆောင်ရွက်လိုက်နိုင်ပြီဖြစ်ပါတယ်။ အထူးခံစားခွင့်တွေ ပါဝင်တဲ့ JOOX Data Pack မှာ ကြော်ငြာတွေ မပါဝင်တဲ့ ဂီတနားဆင်နိုင်မှုနဲ့ တေးသီချင်းတွေကို ဒေါင်းလုပ်ရယူထားပြီး ခံစားနားဆင်နိုင်မယ့် အကျိုးကျေးဇူးတွေကို ပိုမိုရရှိမှာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ Data Pack အစီအစဉ်တွင် ၂၄ နာရီအစီအစဉ်နှင့် ခုနစ်ရက်အစီအစဉ်ဟု နှစ်မျိုးခွဲထားပြီး ၂၄ နာရီအစီအစဉ်တွင် ဒေတာပမာဏ 149MB ကို ၁၄၉ ကျပ်ဖြင့် ရယူ၍ တစ်ရက်အတွင်း JOOX VIP ကိုလည်း အသုံးပြုနိုင်မည်ဖြစ်ကာ ခုနစ်ရက်အစီအစဉ်အရ ဒေတာပမာဏ 699MB ကို 699 ကျပ်ဖြင့် ရယူ၍ JOOX VIP ကို ခုနစ်ရက် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ JOOX VIP အစီအစဉ်အရ Data Pack မဝယ်ဘဲ အသုံးပြုသူများကဲ့သို့ ကြော်ငြာများမပါတော့ဘဲ တေးသီချင်းများကို ဖုန်းနှင့် တက်ဘလက်များဖြင့် နားဆင်နိုင်မည့်အပြင် တေးသီချင်းများကို စိတ်ကြိုက် ဒေါင်းလုပ်ရယူခြင်း၊ ကိုယ်ပိုင် တေးသီချင်းစာရင်းများ ဖန်တီးခြင်းနှင့် Offline ပြန်နားထောင်ခြင်းများ ပြုလုပ်နိုင်မည့် VIP access ကိုလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

JOOX App ကို Google Play Store နှင့် iPhone အသုံးပြုသူများက Apple App Store မှ ဒေါင်းလုပ်ရယူ၍ဖြစ်စေ၊ JOOX ဝက်ဘ်ဆိုက်သို့ဝင်၍ account ပြုလုပ်ပြီးဖြစ်စေ အသုံးပြုရမည်ဖြစ်ကာ "MPT-JOOX Data packs အစီအစဉ်ကို အသုံးပြုရန်အတွက် MPT ဖုန်းသုံးစွဲနေသူများအနေဖြင့် *8003# သို့ ခေါ်ဆို၍ နှစ်သက်ရာ Data Pack ကို ဝယ်ယူရမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## စင်ကာပူနိုင်ငံ ဆမ်ဆောင်းဖိုရမ်တွင် ဆမ်ဆောင်း၏ နည်းပညာမြင့် အိမ်သုံးလျှပ်စစ်ပစ္စည်းသစ်များ ပြသခဲ့

**ရန်ကုန် မတ် ၃၀**

စင်ကာပူနိုင်ငံတွင် ပြီးခဲ့သည့်ရက်ပိုင်းက ကျင်းပခဲ့သော Samsung Southeast Asia and Oceania Forum ၌ ဆမ်ဆောင်း၏ နောက်ဆုံးပေါ် တီထွင်ဆန်းသစ်မှုများ၊ အင်တာနက်ဖြင့် ချိတ်ဆက်လုပ်ဆောင်မှု (Internet of Things-IOTs)များနှင့် နည်းပညာမြင့် အိမ်သုံးလျှပ်စစ်ပစ္စည်းသစ်များကို ပြသခဲ့ကြောင်း သိရသည်။

ဆမ်ဆောင်းအနေဖြင့် အဆိုပါဖိုရမ်ကို ဆမ်ဆောင်း၏ ၁၀ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဖိုရမ်တွင် ဆမ်ဆောင်းကုမ္ပဏီ၏ စီးပွားရေးနည်းဗျူဟာများကို မိတ်ဖက်ကုမ္ပဏီများထံ မျှဝေခဲ့သလို နည်းပညာမြင့်ထုတ်ကုန်သစ်များဖြစ်သော ၂၀၁၉ ထုတ် QLED တီဗွီများ၊ The Frame နှင့် The Wall တီဗွီများ၊ Family Hub ရေခဲသေတ္တာများ၊ နည်းပညာ အဆင့်မြှင့်ထားသော QuickDrive အဝတ်လျှော်စက်များကို ပြသခဲ့သည်။




ထို့အပြင် ဆမ်ဆောင်း ဖုန်းများနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများကြား ချိတ်ဆက်အသုံးပြုနိုင်သည့် New Bixby ဟုခေါ်သော နည်းပညာကိုလည်း ဖိုရမ်တွင် ပြသခဲ့သည်။ ဆမ်ဆောင်း၏ 2019 ထုတ် 4K နှင့် 8K စမတ်တီဗွီများတွင် iTunes ရုပ်ရှင်အသစ်များ၊ တီဗွီအစီအစဉ် အက်ပလီကေးရှင်းများနှင့် Apple Airplay 2 တို့ကို ထည့်သွင်းထားကာ New Bixby နည်းပညာအရ အသုံးပြုသူများအနေဖြင့် အသံဖြင့် တီဗွီဖွင့်/ပိတ်ခြင်း၊ အသံအတိုးအကျယ်လုပ်ခြင်း စသည်တို့ကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

## တယ်လီနောနှင့် ထိပ်တန်းဗီဒီယိုအက်ပလီကေးရှင်းများ ပူးပေါင်း၍ ဝန်ဆောင်မှုသစ်များတိုးချဲ့မည်

**ရန်ကုန် မတ် ၃၀**

တယ်လီနောသုံးစွဲသူများအတွက် ဗီဒီယိုဝန်ဆောင်မှုများ တိုးမြှင့်ပေးနိုင်ရန်အတွက် ပြည်တွင်း ပြည်ပ ဗီဒီယိုအက်ပလီကေးရှင်းများဖြစ်သည့် myanflix, YouTube, Viu, WowPlay တို့နှင့် တယ်လီနောမြန်မာတို့ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီမှုစာချုပ်ကို မတ် ၂၈ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

"အခုသဘောတူညီမှုအရ ကျွန်မတို့ အားလုံးပူးပေါင်းပြီး မြန်မာနိုင်ငံမှာရှိတဲ့ အသုံးပြုသူတွေအားလုံးအတွက် ပိုမိုကောင်းမွန်တဲ့ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုတွေကို ပိုမိုသက်သာတဲ့ဈေးနှုန်းနဲ့ ပေးအပ်သွားနိုင်တော့မှာဖြစ်ပါတယ်။ မကြာမီအချိန်မှာ premium ဗီဒီယိုတွေ အပါအဝင် ဗီဒီယိုအမျိုးအစားအားလုံးကို စိတ်ကြိုက်ကြည့်ရှုသွားနိုင်မယ့် ဝန်ဆောင်မှုတွေကို ကျွန်မတို့ရဲ့ အသုံးပြုသူတွေဆီ ပေးအပ်သွားနိုင်ဖို့ လုပ်ဆောင်နေပါတယ်"ဟု တယ်လီနောမြန်မာ၏ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုပိုင်းဆိုင်ရာ တာဝန်ရှိသူက ပြောသည်။

၎င်းသဘောတူညီမှုအရ မကြာမီ စတင်မိတ်ဆက်သွားမည့် အစီအစဉ်များတွင် တယ်လီနောအသုံးပြုသူများသည် သဘောတူညီမှုတွင်ပါဝင်သည့် myanflix, YouTube, Viu နှင့် WowPlay တို့မှ ဗီဒီယိုများအားလုံးကို အထူးနှုန်းထားများဖြင့် ရယူကြည့်ရှုသွားနိုင်မည်ကြောင်း၊ အစီအစဉ်နှင့်ပတ်သက်သော အသေးစိတ် အချက်အလက်များကို မကြာမီ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

ယခု တယ်လီနောနှင့် ပူးပေါင်း၍ ဝန်ဆောင်မှုပေးမည့် ဗီဒီယိုအက်ပလီကေးရှင်းများတွင် Viu သည် ဟောင်ကောင်၊ စင်ကာပူ၊ မလေးရှား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်း၊ တောင်အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများတွင် အသုံးပြုနိုင်သည့် ထိပ်တန်း အွန်လိုင်းဗီဒီယိုဝန်ဆောင်မှုတစ်ခုဖြစ်ကာ Myanflix သည် မြန်မာရုပ်ရှင်ဇာတ်လမ်းများကို အခမဲ့ ကြည့်ရှုနိုင်သော ဝန်ဆောင်မှုဖြစ်သည်။ WowPlay မှာ ဟွာဝေးနှင့် တယ်လီနောမြန်မာတို့ ပူးပေါင်း၍ အွန်လိုင်းမှဗီဒီယိုများကို တိုက်ရိုက်ကြည့်ရှုနိုင်ရန်အတွက် မိတ်ဆက်ခဲ့သော အက်ပလီကေးရှင်းဖြစ်ပြီး ဇာတ်လမ်းတိုများမှ ရုပ်ရှင်ဇာတ်ကားကြီးများအထိကို ကြည့်ရှုနိုင်သည့် အက်ပလီကေးရှင်းဖြစ်သည်။

**သူရဖြိုး**

**New Product**

## တန်ဖိုးသင့်ဖုန်းအနေနဲ့ ဈေးကွက်ထဲရောက်လာတဲ့ Honor 8A စမတ်ဖုန်းသစ်

Honor 8A စမတ်ဖုန်းသစ်ဟာ ပြည်တွင်းဈေးကွက်ကို အခု မတ်လကုန်ပိုင်းမှ ဝင်လာခဲ့ပေမယ့် နိုင်ငံတကာဈေးကွက်မှာတော့ ဇန်နဝါရီလကတည်းက စတင်မိတ်ဆက်ထားတဲ့ စမတ်ဖုန်းဖြစ်ပါတယ်။ အရင်ထွက်ခဲ့တဲ့ Honor 8 စီးရီးရဲ့နောက်ဆက်တွဲစမတ်ဖုန်းဖြစ်ပြီး Honor 8C, Honor 8X တို့ထက်ပိုပြီး ဈေးသက်သာတဲ့မော်ဒယ်အဖြစ် ပြည်တွင်းဈေးကွက်ကို ရောက်လာတာဖြစ်ပါတယ်။

Honor 8A ရဲ့မျက်နှာပြင်အကျယ်ဟာ ၆ ဒသမ ၁ လက်မရှိပြီး အရွယ်အစားက Honor 8C နဲ့ 8X တို့ထက် အနည်းငယ် သေးပေမယ့် Screen Notch ဒီဇိုင်းဟာ ပိုသေးငယ်တဲ့ Water Drop Notch ဒီဇိုင်း ဖြစ်သွားပါတယ်။ Resolution က 720x1560 pixels ရှိလို့ အတော်အသင့် ကောင်းမွန်ပြီး စခရင်ကတော့ LCD capacitive touchscreen ဖြစ်ပါတယ်။




အန်းဒရွိုက်ဗားရှင်းပိုင်းမှာ အရင်ထွက်ခဲ့တဲ့ တန်ဖိုးမြင့်ဖုန်းနှစ်မျိုးလုံးထက် ပိုမြင့်ပြီး နောက်ဆုံးထွက် Android 9(Pie)ကို honor ရဲ့နောက်ဆုံးထွက် UI ဖြစ်တဲ့ EMUI 9 နဲ့ တွဲသုံးထားပါတယ်။ CPU က Octa-core CPU နဲ့ RAM 3GB ပါဝင်တာကြောင့် RAM နဲ့ CPU ပိုင်း ကောင်းမွန်ပေမယ့် Mediatek chipset ကြောင့် ရှေ့ကထွက်ခဲ့တဲ့ တန်ဖိုးမြင့်ဖုန်းနှစ်လုံးထက် စွမ်းဆောင်ရည်ပိုင်းမှာတော့ အားနည်းနေပါတယ်။ အင်တာနယ်မင်မိုရီက 32GB ပါဝင်ပြီး မင်မိုရီကတ် ထပ်စိုက်သုံးရင် 512GB အထိ အသုံးပြုနိုင်မှာဖြစ်သလို မင်မိုရီကတ်အတွက် သီးခြားအပေါက်လည်း ပါဝင်ပါတယ်။

ဂျီအက်စ်အမ် ဆင်းကတ်နှစ်ကတ် ထည့်အသုံးပြုနိုင်ပြီး အင်တာနက်အတွက် 4G ကို ထောက်ပံ့ပေးထားပါတယ်။ ကင်မရာပိုင်းမှာတော့ နောက်ကင်မရာဟာ ၁၃ မဂ္ဂါပစ်ဇယ်ရှိပြီး ရှေ့ဘက် ဆယ်လ်ဖီကင်မရာကတော့ ၈ မဂ္ဂါပစ်ဇယ်ရှိပါတယ်။ Honor 8C နဲ့ 8X ဖုန်းတွေရဲ့နောက်ကင်မရာတွေဟာ Dual ကင်မရာတွေဖြစ်ပြီး Honor 8A ကတော့ ဈေးနှုန်းကို သိသိသာသာ လျှော့ချသလို ကင်မရာပိုင်းမှာ သိသိသာသာလျှော့ချလိုက်တာကိုလည်း တွေ့ရပါတယ်။

ဘက်ထရီပိုင်းမှာတော့ 3020 mAh ရှိတဲ့ ဘက်ထရီကို အသုံးပြုထားလို့ 8C နဲ့ 8X ဖုန်းတွေနဲ့ယှဉ်ရင် ပိုနည်းပေမယ့် ဖုန်းနဲ့လိုက်ဖက်တဲ့ ဘက်ထရီစွမ်းဆောင်ရည်ရှိပါတယ်။ ထူးခြားချက်အနေနဲ့တော့ honor 8A မှာ လက်ဗွေနဲ့ ဖုန်းဖွင့်တဲ့စနစ်ကို အသုံးပြုခြင်းမရှိတော့ဘဲ FaceLock စနစ်ကိုပဲ ထည့်သွင်းပေးလိုက်တာဖြစ်ပါတယ်။

အရင် ဈေးကွက်ထဲဝင်ခဲ့တဲ့ Honor 8C ဟာ RAM 4GB၊ မင်မိုရီ 64GB ကို ကျပ် နှစ်သိန်းခွဲခန့်၊ Honor 8X ဟာ RAM 4GB၊ မင်မိုရီ 128 GB ကို ကျပ် ၃၄၀၀၀၀ ခန့် ရှိပေမယ့် အခုဝင်လာတဲ့ Honor 8A ကတော့ RAM 3GB၊ မင်မိုရီ 32GB ကိုကျပ် ၁၈၀၀၀၀ ခန့်သာ ရှိပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့တော့ ရွှေရောင်၊ အနက်ရောင်နဲ့ အပြာရောင်တွေ ရရှိနိုင်ပါတယ်။

**သူရဖြိုး**

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း **ဒုတိယဥက္ကဋ္ဌ ဦးဆန်းဝင်း-ဒေါ်ဝင်းမာတို့၏ ဖွဲ့ထက် စိန်ရွှေရတနာဆိုင် ဆိုင်အမှတ်(၈)ကို လမ်း ၈၀ (၃၂×၃၃)လမ်းကြား မန္တလေးမြို့**တွင် ဖွင့်လှစ်ခြင်း အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆိုင်ခွဲပေါင်းများစွာ ထပ်မံဖွင့်လှစ်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီး**
**ရွှေလုပ်ငန်းရှင်များအသင်း**
**ဥက္ကဋ္ဌနှင့် အသင်းသားများအားလုံး**

## စုပေါင်းပိုင်အဆောက်အအုံ (CONDOMINIUM)အဖြစ်သတ်မှတ်ကြေညာခြင်း

၁။ Tet Lann Investment Co.,Ltd နှင့် Singapore Golden Paragon Investment Pte.Ltd တို့ပူးတွဲ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၂၇)ရက်စွဲပါ ခွင့်ပြုမိန့် အမှတ် ၁၀၈/၂၀၁၈ ဖြင့် Yangon Golden Paragon Investemnt Co.,Ltd (ကုမ္ပဏီမှတ်ပုံတင် အမှတ်-၁၀၀၃၇၉၄၀၆) ကို Joint Venture ကုမ္ပဏီအဖြစ် တည်ထောင်ပြီး Emeral Bay Eco-Smart City စီမံ ကိန်းကို တည်ဆောက်လျက်ရှိပါသည်။

၂။ Emerald Bay Eco - Smart City စီမံကိန်း၏ တည်နေရာမြေကွက်အမှတ် ၁၅ (၁၇.၁၅၂ ဧက) နှင့် ၁၇ (၁၀.၇၅၇ ဧက)၊ ရွှေခင်းသာလမ်း၊ ရွှေခင်းသာ ရပ်ကွက်၊သာကေတမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကပိုင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေ အမျိုးအစားဖြစ်ပြီး ပထမအဆင့်အနေဖြင့် မြေကွက် အမှတ် ၁၅(၁၇.၁၅၂ ဧက) ပေါ်တွင် (၃၂)ထပ် အမြင့် တိုက်ခန်းများအပါအဝင် Sales center, Parking floors, convenience store, club , knindergarden and shopping mall စသည့် တည်ဆောက်ဆဲ အဆောက်အအုံတို့ကို စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် အညီ စုပေါင်းပိုင် အဆောက်အအုံ (Condominium) အဖြစ် မှတ်ပုံတင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

Emerald Bay
A PRIME COMMUNITY FOR ELITE

Yangon Golden Paragon Investment Company Limited

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၁)၊ ရေငယ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၈၁-ခ)၊ ဦးပိုင်အမှတ် ၁၅၀၊ မြေယာ အမှတ် (3/130)၊ မြေဧရိယာ ၀ ဒသမ ၀၇ဧကရှိမြေကွက်အား မြေငှားဂရန်အသစ် (စက်မှု၊ စီးပွား) လျှောက်ထားနိုင်ရေး မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရေးဆွဲခွင့် ရရှိရေး ဒေါ်ယဉ်ယဉ်နွယ် ၅/မရန(နိုင်) ၀၁၈၅၇၇၇မှ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိ ပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါ သည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင် ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေဧရိယာ ၀ဒသမ၀၅၅ဧက၊ မြေကွက်အမှတ် (ဉ-၇၄၉၈)၊ ဦးတင်မောင်ဝင်း ၉/ပမန(နိုင်)၀၅၃၀၂၉ (ဘ)ဦးအောင်သင် အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ခင်စန်းဝင်း ၈/မကန(နိုင်)၀၉၄၈၅၂(ဘ) ဦးအေးမှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက် ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိ ပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်) မြေကွက်အမှတ် (ဒ-၆၀၈၅)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးစိုင်းသက်နောင်ဦး(ဘ)ဦးသိန်း အောင် ၁၃/တကန(နိုင်)၁၈၉၇၅၀ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ရတီအေးအေး (ဘ) ဦးစိုးတင့် ၉/လဝန(နိုင်)၂၃၉၇၇၄မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၄၆၀၂)၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးအောင်လင်း (ဘ) ဦးစိန်အောင် ၉/လဝန(နိုင်)၀၄၉၈၅၆ အမည်ပေါက် ပါမစ်မြေကွက်အား ဦးညီညီလတ် (ဘ)ဦးမောင်လင်း ၁၀/သထန(နိုင်)၀၈၉၆၇၆မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ် မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်း ထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထား လာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံ ကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/ဒက္ခိဏသီရိ အနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၇၄၈)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒု-ဗိုလ်မှူးကြီး မျိုးသန့်နိုင် (ဘ) ဦးသောင်းစိန် ၉/မမန(နိုင်)၀၁၃၂၂၄ အမည်ပေါက် ပါမစ်မြေကွက်အား ဦးစိုးသိန်း(ဘ)ဦးစိုးလှိုင် ၁၂/ဒလန(နိုင်)၀၄၉၆၆၇မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက် အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ ဝယ်သူတရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက် ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### မြေး၊ တူမ အဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ ရုံးကြီးရပ်၊ လေသာလမ်းနှင့် ရေမိန်လမ်းထောင့်နေ အဘွား ဒေါ်ခင်စိန်၏မြေး ဦးလေး ဦးအောင်စိုးကြည်တို့၏ တူမဖြစ်သူ မသုမွန်ဆွေ(ခ)မသဲသဲ ၅/မရန(နိုင်)၂၀၁၄၆၄ သည် အဘွား၊ ဦးလေးတို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ သူ့သဘောနှင့်သူ ၁၈-၂-၂၀၁၉ ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှ စ၍ မြေး၊ တူမအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သူမနှင့်ပတ်သက်သော ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**အဘွား - ဒေါ်ခင်စိန်**
**ဦးလေး - ဦးအောင်စိုးကြည်**

## ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်(မင်္ဂလာဒုံ) သင်္ကြန်(၁၀)ရက် တရားစခန်းပွဲဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ ရွှေမင်းဝန်တောရကမ္မဋ္ဌာန်း ကျောင်းတိုက်တွင် ကျေးဇူးတော်ရှင် မူလ-ကသစ်ဝိုင်ဆရာတော်ကြီး၏ ဥပနိဿယလမ်းစဉ်နှင့်အညီ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇာနေယျ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ)ဦးစီး၍ ဦးသောဘိတ(ဓမ္မာစရိယ)၊ ဦးအဂ္ဂဝံသ(ဓမ္မာစရိယ) ဦးကေသရ (သာမဏေကျော်)(ဓမ္မာစရိယ)၊ ဦးသုနန္ဒ MA(ဓမ္မာစရိယ)၊ ဦးပညာဝံသ (ပထမကြီး)၊ ဓနိးဖြူကုန်း၊ ဝေါမြို့နယ်တို့မှ(၁၃၈၀ပြည့်နှစ်၊ တန်ခူးလဆန်း၅ရက်၊ အင်္ဂါနေ့) ၉-၄-၂၀၁၉ ရက်မှစ၍ (၁၃၈၁ခုနှစ် တန်ခူးလဆန်း ၁၄ ရက် ကြာသပတေးနေ့) (နှစ်ဆန်း၂ရက်) ၁၈-၄-၂၀၁၉ ရက်အထိ (၁၀)ရက်တိုင်တိုင် ဝိပဿနာအလုပ်ပေးတရားများကို ဟောကြားပြသပို့ချပေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တရားစခန်းဝင်ရောက်လိုသော ယောဂီသူတော်စင်များအနေဖြင့်(၈-၄-၂၀၁၉)ရက်ညနေမှ စတင်ဝင်ရောက်နိုင်ပြီး ၉-၄-၂၀၁၉ရက် နံနက်မှစ၍ စတင်တရားအားထုတ်နိုင်ပါကြောင်းဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်။** ။ မိမိတို့၏တစ်ကိုယ်ရေအသုံးအဆောင်များနှင့် ဖျာ၊ ခေါင်းအုံး စသည်များတစ်ပါတည်း ယူဆောင်လာပါရန် ကြိုတင်အသိပေးအပ်ပါသည်။

**သာသနာ့နုဂ္ဂဟအဖွဲ့**
**ရွှေမင်းဝန်တောရကမ္မဋ္ဌာန်းကျောင်းတိုက်**
**သစ်ဆိမ့်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဆက်သွယ်ရန်ဖုန်း ၀၉-၅၀၁၁၂၇၉၊ ၀၉-၇၈၄၄၅၅၅၁၂၊ ၀၉-၄၂၀၀၇၉၉၈၈၊၀၉-၄၅၀၀၆၅၇၉၀**

## ဖြူးမဟာစည်(ရန်ကုန်)
## (၄၃)ကြိမ်မြောက် နွေရာသီ မဟာသင်္ကြန်တရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ကမာရွတ်ဘူတာရုံ အနီး၊ ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး မိန့်မြွက်ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ် ပန်ဆင်လျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော နွေရာသီမဟာစည် သတိပဋ္ဌာန်ဝိပဿနာ ၁၅ရက် အထူးတရားစခန်းပွဲကြီးကို ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည် ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ (နိုင်ငံတော်ဓမ္မကထိက ဗဟုဇနဟိတဓရ)၊ ပြည်တွင်းပြည်ပ မဟာစည်နာယက ကမ္မဋ္ဌာနာစရိယ M.A.Ph.D သာသနာပြုနယ်လှည့်ဓမ္မကထိကနှင့် ဖြူးဆရာတော် ၏တပည့် ဓမ္မကထိကသံဃာတော်များဦးဆောင်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နှင့် ဒါယကာဒါယိကာမများတို့က [၁၃၈၀ပြည့်နှစ်၊ တန်ခူးလဆန်း ၈ရက် (သောကြာနေ့) မှ ၁၃၈၁ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက် (စနေနေ့)အထိ] ၁၂-၄-၂၀၁၉ရက်မှ ၂၇-၄-၂၀၁၉ရက်အထိ ၁၅ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါသောကြောင့် တရားစခန်း ဝင်ရောက်အားထုတ်လိုသော ရဟန်းသာမဏေ၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီး၊ ယောဂီသူတော်စင်များသည် မိမိတို့အမိဋ္ဌာန်ချက်ရှိသည့်အတိုင်း ကြိုတင်စာရင်းပေး သွင်း၍ တရားအားထုတ်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။ တရားစခန်းအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ ဖျော်ရည်၊ မီး၊ ရေ၊ ဝေယျာဝစ္စ၊ ဓမ္မပူဇာ၊ နဝကမ္မစသည်တို့ကို ဖုန်း-၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၉-၅၃၉၀၄၁၇၊ ၀၉-၇၈၈၇၆၇၇၅၄၊ ၀၉-၅၀၁၇၅၅၄ တို့သို့ ဆက်သွယ်၍ မိမိတို့သဒ္ဓါတရားစွမ်းအားရှိသမျှ ပါဝင်လှူဒါန်း နိုင်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

### ကန့်ကွက်နိုင်ကြောင်း

ပဲခူးမြို့၊ ဥဿမြို့သစ် ၈ ရပ်ကွက်၊ မြေတိုင်း ၂၀၊ နယ်မြေ ၁၊ မြေကွက် အမှတ် ၃၁၇၊ ဦးဖိုးစိန် KWA ၀၄၂၅၆၁ ၏ မြေပေးမိန့်ပျောက်ဆုံး သွားပါသဖြင့် ၄င်းမြေပေးမိန့်မိတ္တူမှန် လျှောက်ထားခြင်းကို ကန့်ကွက် လိုပါက တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံး အမိန့်ဒီကရီများတင်ပြပြီး ယနေ့မှ စ၍ ခုနစ်ရက်အတွင်း ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ် (၈) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်ကန့် ကွက်နိုင်ပါသည်။ ကန့်ကွက်ရန် မရှိပါက လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဖိုးစိန် KWA၀၄၂၅၆၁**

### ညောင်ကန်အေးသာသနာ့ရိပ်သာ (၃၉)ကြိမ်မြောက် သင်္ကြန် ၁၅ ရက်တရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ ညောင်ကန်အေးသာသနာ့ရိပ်သာ၊ (၃၉)ကြိမ်မြောက် သင်္ကြန် ကာလ (၁၅)ရက်အထူးတရားစခန်းကို ၃-၄-၂၀၁၉ရက်မှ ၁၇-၄-၂၀၁၉ ရက်အထိ ကျင်းပမည်ဖြစ်၍ တရားစခန်းဝင် ရောက်လိုသော ယောဂီများအနေဖြင့် ၂-၄-၂၀၁၉ ရက် ညနေ အရောက်ကြွရောက်ကြပါရန် လေးစားစွာတိုက်တွန်းနှိုးဆော် အပ်ပါသည်။

**ဝေယျာဝစ္စအမှုဆောင်အဖွဲ့**
**ညောင်ကန်အေးသာသနာ့ရိပ်သာ**

## ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၂၉) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ရှစ်လွှာ၊ အခန်းအမှတ် (၈၀၁) တွင် ဖွင့်လှစ်ထားသည့် "ရွှေနိုင်ငံ အရှေ့အာရှဖွံ့ဖြိုးတိုးတက် ရေးလီမိတက်"ရုံးခန်းကို ၁-၄-၂၀၁၉ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်း မြို့နယ်၊ အမှတ်(၂၆၈)၊ ပြည်လမ်း၊ မြေနီကုန်း၊ ဒဂုံစင်တာ(၂)၊ (၈)လွှာ၊ အခန်း(8E) သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားရှိကြောင်း ရှယ်ယာရှင်များအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း:-09-5504358~59၊09-693843151~155**

**ဒါရိုက်တာအဖွဲ့**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၂ယ/၁၉၁၇၇ Honda-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လွင် ၉/မထလ(နိုင်)၁၃၄၇၆၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ **ကညန ၊ နေပြည်တော်**

## နှစ်(၅၀)ပြည့်ရွှေရတုမင်္ဂလာဆုမွန်လွှာ

ဖေဖေ ဦးမြင့်သိန်း (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း) နှင့် မေမေ ဒေါ်သီသီနွယ် (MA(Q) RL) ဗဟိုနိုင်ငံရေးတက္ကသိုလ်အခြေခံနိုင်ငံရေးသင်တန်းအမှတ်စဉ်-၉ ကေဒါ (မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်)တို့၏ ၃၁-၃-၂၀၁၉ရက်တွင် ကျရောက် သော **နှစ်(၅၀)ပြည့်ရွှေရတုမင်္ဂလာရက်မြတ်**မှသည် စိန်ရတုတိုင် ကိုယ်ကျန်းမာ စိတ်ချမ်းမြေ့သာစွာဖြင့် လောကီလောကုတ္တရာနှစ်ဖြာအကျိုးဆောင်ရွက်နိုင်ပါစေ။

**ချစ်သောသားသမီးများနှင့်မြေးများ**

**ကိုရဲရင့်သိန်း (G.M)**
**ဇနီး - LE KIM NAUNG (MARKETING MANAGER) HANOI CULB HOTEL**
**မြေး - ကောင်းလွင်သိန်း (GRADE-7) (HORZON INTERNATIONAL BILINGUAL SCHOOL)HANOI**
**ကိုရဲမွန်သိန်း - CHIEF OFFICER M.T.M SHIPMANAGEMENT**
**ဒေါက်တာမိုးသန္တာအောင်**
**မြေး - ရဲဘုန်းပြည့်ဟိန်း (BRAIN WORKS)**
**ဘုန်းထူးထက်သိန်း (BRAIN WORKS)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဏ/၅၈၂၄ Ngwe Zin Yaw L/T 1-Ton P/U(4×2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီလွင် ၉/တတဉ (နိုင်)၀၇၀၅၈၃ က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၂၉၁၈၇ YUNDE-110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၉/တတဉ(နိုင်)၀၆၂၈၇၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မ ၊(၁၅)ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန ၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၇၀၄၁ Honda PCX 150/ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းအောင် ၁၀/မလမ(နိုင်)၁၄၉၂၁၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၈၄၁၆၂ Honda Dream ND125 M/ ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၁၀/ကမရ(နိုင်)၀၆၁၅၁၈၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန ၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၆**

ဒေါ်သစ်သစ်ဆွေ **နှင့်** ဦးသိန်းထွန်း
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ လလစ (၁၅၁)၊ နန်းမြို့နေ ဦးသိန်းထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်သစ်သစ်ဆွေက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ခုနှစ် ဧပြီ ၂၅ရက် (၁၃၈၁ခုနှစ် တန်ခူးလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်း လင်းရန် တရားရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မတ် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စွာလင်း)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ် ၄၆(A)၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆-K)၊ မြေကွက်အမှတ် (၁၁၁ J/၃A+၁၁၁J/ ၄A+ ၁၁၁J/၅A-၁၁၁ S/၁B+၁၁၁ J/6B)တို့၏ မြေချိန်ဧရိယာ ၀ဒသမ၃၇၁ဧကရှိ မြေပိုင်မြေကွက်နှင့် မြေကွက် အမှတ် (၁၁၁J/၅D +၁၁၁S/6B) အရ မြေဧရိယာ ၀ဒသမ၁၆၇ ဧကရှိ လမ်းမြေအပါအဝင်ကို မြေအမည်ပေါက်လျက်ရှိသူ ဦးတင်အောင်ဝင်း(ဘ) ဦးမောင်တင် (DGN/၀၀၂၃၈၁)၊ ၁၂/ဗတထ(နိုင်)၀၁၀၆၅၄ထံမှ တရားဝင် ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင်ကာ ပြန်လည်ရုပ်သိမ်းပိုင်ခွင့်မရှိသော အထူး ကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ် ၉၂၇၃/၂၀၁၇ဖြင့် လွှဲပြောင်းရယူထားသူ ဒေါ်အာစီယာအေဘိုလတ်(ဘ)ဦးအက်စတားဟူစိန်ဘိုလတ် ၁၂/ကမရ(နိုင်) ၀၀၃၂၁၆က မြေရှင်အဖြစ် ဆောင်ရွက်လျက် အထက်ပါမြေပိုင် မြေကွက်ပေါ် တွင် (၄)ထပ်လုံးချင်းတိုက် ၁၂လုံးဆောက်လုပ်၍ အကျိုးခွဲဝေခံစားကြရန် Developer အဖြစ် KAKEHASHI RE AL ESTATE GROUP CO.,LTD နှင့် ၂၇-၃-၂၀၁၉ရက်စွဲပါ နှစ်ဖက်သဘောတူ ပဋိညာဉ်စာချုပ်ကို ချုပ်ဆိုခဲ့ ကြပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါအိမ်မြေတို့နှင့်ပတ်သက်၍လည်းကောင်း၊ အဆောက် အအုံများ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ကန့်ကွက်လိုသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက နှစ်ဖက်ချုပ်ဆိုထားသော ပဋိညာဉ် စာချုပ်ပါအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**KAKEHASHI REAL ESTATE GROUP CO.,LTD ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မျိုးလင်း ၁၂/ဥကတ(နိုင်)၀၀၁၀၈၆၏**
**ညွှန်ကြားချက်အရ-**
**ဦးတင်မောင်ဆွေ B.A (Law), LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၄၃)**
**အမှတ် (၁၆၃)၊ ၄-လွှာ၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၀၉၁၆၇၊ ၀၉-၇၉၅၀၀၉၁၆၇၊ ၀၉-၉၆၅၀၀၉၁၆၇**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကံမမြို့နယ်တရားရုံးတော်**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၁၅**

**ဦးကျော်မြင့်** **နှင့်** **၁။ ဦးရန်နိုင်စိုး**
**၂။ ဦးကျန်ရှိန်း**
**တရားလို** **တရားပြိုင်များ**

မကွေးတိုင်းဒေသကြီး၊ ကံမမြို့နယ်၊ မင်းတဲကျေးရွာနေ တရားပြိုင် ဦးရန်နိုင်စိုးနှင့် ဦးကျန်ရှိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုကချေးငွေကျပ် သိန်း ၉၀(ကျပ်သိန်းကိုးဆယ် တိတိ)ရလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဧပြီ ၂၂ ရက် (၁၃၈၁ ခုနှစ် တန်ခူးလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာ ရောက်ရမည်။ ၄င်းပြင် အထက်ပါရက်တွင် သင်မလာပျက်ကွက်ခဲ့လျှင် သင့် မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၉ ခုနှစ် မတ် ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေကဆုန်)**
**မြို့နယ်တရားသူကြီး**
**ကံမမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**
**၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ်-၇**

ဒေါ်မြင့်မြင့်သန်း **နှင့်** ဒေါ်ဝေဝေကြည်(ခ)ဒေါ်ရင်မေ
(၄င်း၏အထွေထွေ
ကိုယ်စားလှယ်စာရသူ
ဒေါ်ဆွေဇင်ဌေး)
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက် အမှတ် ၂၄၄ နေ ဒေါ်ဝေဝေကြည်(ခ)ဒေါ်ရင်မေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြင့်မြင့်သန်း (၄င်း၏အထွေထွေကိုယ်စားလှယ် စာရသူ ဒေါ်ဆွေဇင်ဌေး) က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေး စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်း မဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်း မဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၉ ခုနှစ် ဧပြီ ၂၅ ရက် (၁၃၈၁ ခုနှစ် တန်ခူးလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့ သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် မတ် ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စွာလင်း)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

# ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

မြန်မာနိုင်ငံ၏ပထမဆုံးနှင့် အကြီးမားဆုံး ဆောက်လုပ်ရေးနှင့်အိမ်အသုံးအဆောင်ပစ္စည်းအရောင်းစင်တာ

**PRO 1 Global Home Center (Aye Tharyar Branch)**

ဆိုင်သစ်ကြီး ဖွင့်ပွဲအား ၃၀.၃.၂၀၁၉ ရက်နေ့တွင် ခမ်းနားအောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ....

KIOSK STEEL IN STYLE
Index furniture
PWINT OO MODERN FURNITURE
SHWE MI FURNITURE
SWEETY HOME
David Snow® LUXURY VINYL FLOOR
I.E.M Company Limited
JOMOO
JUNON Profession Bring Value


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5G/2742 Toyota Landcruiser HDJ 101, S/W (4x4) (R) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထက်လွှဲ ၆/ကသန(နိုင်)၀၆၆၈၈၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**မန္တလေးခရိုင်တရားရုံးတော်**

**၂၀၁၆ ခုနှစ် ဇာရီမှုအမှတ် -၈၄**

ဦးသိုးထိန်း(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးအောင်နေမျိုး) **နှင့်** ၁။ ဦးသန့်ဇင် ၂။ ဦးမြဇင် ၃။ ဦးစိန်ဝင်း

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

မန္တလေးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၂၈၀/၂၀၁၃ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၁၉ခုနှစ် မေ၉ရက် နံနက်၁၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်၊အပိုင်း(၄)၊ ဦးပိုင်အမှတ်(၃၄)၏ အရှေ့ဘက်ခြမ်း (ပေ ၃၀×ပေ ၄၀)၊ ဂရန်မြေကွက်။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၅၀၀**

တရားရှုံး ဦးစိန်ဝင်းပိုင် မန္တလေးမြို့၊ အမရပူရမြို့နယ်၊ စည်ပင်ရွာရှိ နံကပ် (၂)ထပ်တိုက် အဆောက်အအုံ။

**လေလံကြမ်းခင်းဈေး ငွေကျပ်သိန်း ၁၅၀**

**ရောင်းချရန်စည်းကမ်းများ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကိုတင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်တွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၁၉ ခုနှစ် မတ် ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ကျော်ကျော်ဦး)**
**ခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်၏ ဒုတိယတန်းစက်ခန်းအုပ်လက်မှတ်အမှတ်- စမဒ-၃၆၆/၂၀၁၈မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဦးစိန်ရွှေမြင့်၊ ၀၉-၆၉၃၃၃၀၁၆၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက် မြေဧရိယာ ၀ ဒသမ ၀၅၅၈ဧကရှိ ဦးဇော်ဝင်း ၉/ပမန(နိုင်)၂၀၄၉၈၈ (ဘ) ဦးခွေးကို အမည်ပေါက် ပါမစ်မြေကွက်အမှတ် (ပ-၄၁၃၅)ကို ဦးကျော်မင်းအောင် ၅/ကဘလ(နိုင်)၁၀၆၅၈၉ (ဘ) ဦးညီမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဝယ်သူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိပြုချက်များတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက် မြေဧရိယာ ၀ ဒသမ ၀၅၅၈ဧကရှိ ဦးကုလားကြီး ၉/ပမန(နိုင်)၁၁၁၃၅၈(ဘ) ဦးကျော်မြ အမည်ပေါက်ပါမစ်မြေကွက်အမှတ် (ပ-၄၄၄၈)ကို ဒေါ်တင်အုန်း ၇/တငန(နိုင်)၁၆၉၈၀၇ (ဘ) ဦးကြည်မှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဝယ်သူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိပြုချက်များတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈ ကျန်စစ်သားရပ်)၊ ဦးပိုင်အမှတ် (၉၇က)၊ ဧရိယာ ၀ဒသမ၀၇၄ဧကအား ဦးရဲမင်းဌေး၊ (ဘ)ဦးကျော် ၇/ပတန(နိုင်)၁၀၃၄၇၆မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ် (၄၉၈/၂၀၁၈)၊ အရောင်းအဝယ်စာချုပ်၊ ဘေးပတ်ဝန်းကျင်သုံးဦး၏ သက်သေထွက်ဆိုချက်၊ လျှောက်ထားသူ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**စစ်ကိုင်းခရိုင်တရားရုံးတော်**

**၂၀၁၇ ခုနှစ် ဇာရီမှုအမှတ်-၁၃**

ဒေါ်ခင်မျိုးချစ် **နှင့်** ဒေါ်ခင်သန်း

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

စစ်ကိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၂/၂၀၁၇ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၁၉ခုနှစ် မေ ၈ရက် နံနက် ၁၀း၀၀နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ နယ်မြေ (၁၀)၊ ဦးပိုင်အမှတ် ၅၇/က၊ အကွက်အမှတ် ၉/၂၄(ရိုင်တန်း)၊ ဧရိယာ ၀ ဒသမ ၀၄၂ဧကရှိ မြေနှင့်မြေပေါ်ရှိ အဆောက်အအုံ

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၅၀ (ကျပ်သိန်းလေးရာ့ငါးဆယ်တိတိ)

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကိုတင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေ ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၉ခုနှစ် မတ် ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ခင်မြင့်မြင့်)**
**ခရိုင်တရားသူကြီး**
**စစ်ကိုင်းခရိုင်တရားရုံး**




## ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်ကျော်လင်း ၈/အလန (နိုင်)၁၄၂၈၄၀ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း ၀၉-၂၅၄၇၆၂၀၅၁**

## ပျောက်ဆုံးကြောင်း


ကျွန်တော်ဦးသောင်းမြင့်ကျော် ၈/မကန (နိုင်)၀၀၄၆၅၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း ၀၉-၂၅၄၇၆၂၀၅၁**










## အမှားပြင်ဆင်ချက်

၂၂-၃-၂၀၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ စာမျက်နှာ (၂၅)တွင်ပါရှိသော ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် (၁/၈၀)ဟု ဖော်ပြရာတွင် မြေကွက်အမှတ် (၁/၈၀)မှာ မှားယွင်းနေပါသည်။ မြေကွက်အမှတ်အမှန်မှာ (ခ/၈၈)ဖြစ်ပါကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးသိန်းထွန်း**
**တရားလွှတ်တော်ရှေ့နေ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/9880 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/8149 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## မွေးသက္ကရာဇ် အမှန်

ဦးသန်းမြင့်၏သား သာစည်မြို့ အမှတ်(၇) ကျွဲလည်ပင်းရပ်ကွက်နေ ဦးသိန်းသန်း ၉/သစန(နိုင်)၁၁၃၄၇၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၃-၁၉၈၅ ဖြစ်ပါကြောင်း။ ၁၉-၃-၁၉၈၅

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၆၉၂၂၅ Yundecyd 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးငွေးမြင့် ၈/ရနခ(နိုင်)၀၁၅၃၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/4188 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

# မြန်မာ-ရုရှားနှစ်နိုင်ငံ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander V. Fomin အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညှော်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ရုရှားနှစ်နိုင်ငံ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ ဆေးဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ရုရှားနိုင်ငံတွင် International Army Games -2019 ကျင်းပမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား လက်ခံတွေ့ဆုံစဉ်။**
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# တာချီလိတ်၌ မီးခိုးမြူများ ပြန်လည်များပြားလာ၍ နှာခေါင်းစည်းများ ဖြန့်ဝေခြင်းနှင့်အတူ ရေဖျန်းခြင်းများဆောင်ရွက်

**တာချီလိတ် မတ် ၃၀**

တာချီလိတ်မြို့တွင် နယ်စပ်တစ်လျှောက် မီးခိုးမြူများ ဝင်ရောက်ဖုံးလွှမ်းမှုကြောင့် ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ရေဖျန်းခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဝေငှပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နှာခေါင်းစည်းများ ပေးဝေ**

ယင်းသို့ ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောပါဝင်သည့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာန၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ နှာခေါင်းစည်းများအား ရန်အောင်မြေရပ်ကွက်ရှိ မီးပွိုင့်ဝန်းကျင်နှင့် ရှမ်းရိုးမကွင်းရှေ့ လမ်းမတို့တွင် ပေးဝေခြင်း၊ ရေဖျန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**လေထုအရည်အသွေးတိုင်းတာ**

တာချီလိတ်တွင် လေထုအရည်အသွေးအညွှန်းကိန်းမှာ မတ် ၂၉ ရက်က အဆင့် ၁၅၆ အထိ ရှိနေရာမှ ယနေ့နံနက်ပိုင်းတွင် အဆင့် ၄၀၀ ကျော်အထိ ရောက်ရှိနေကြောင်း ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာချီလိတ်မြို့၌ ကွင်းဆင်း၍ လေထုအရည်အသွေးအညွှန်းကိန်း တိုင်းတာပေးနေမှုအရ သိရသည်။

**နှစ်စဉ်ကြုံတွေ့နေရ**

မြန်မာ၊ ထိုင်း၊ လာအို သုံးနိုင်ငံနယ်စပ်ရှိ ကျေးရွာများတွင် ပွင့်လင်းရာသီ၌ တောင်ယာမီးရှို့မှုများကြောင့် မြန်မာနိုင်ငံ တာချီလိတ်မြို့အပါအဝင် မီးခိုးမြူများဖုံးလွှမ်းမှုမှာ နှစ်စဉ်ကြုံတွေ့နေရခြင်းဖြစ်သည်။

**ဖြိုးလေး(မြန်/ဆက်)**



**တာချီလိတ်၌ မီးခိုးမြူမှ ကာကွယ်ရန် နှာခေါင်းစည်းများ ဖြန့်ဝေပေးနေမှုကို တွေ့ရစဉ်။**

# MNL ပြိုင်ပွဲတွင် အသင်းကြီးအများစုအနိုင်ရ လက်ရှိ ချန်ပီယံရန်ကုန် အိမ်ကွင်း၌ ရှုံးနိမ့်

**ရန်ကုန် မတ် ၃၀**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) ပထမနေ့ကို ယနေ့ ညနေပိုင်းက ပြန်လည်ကျင်းပရာ ရောဝတီ၊ ရှမ်းယူနိုက်တက်၊ ရတနာပုံနှင့် ဟံသာဝတီအသင်းတို့ အနိုင်ရခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီအသင်းက ရန်ကုန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ လက်ရှိ ချန်ပီယံ ရန်ကုန်အသင်းသည် ယခုရာသီတွင် ဒုတိယမြောက် ရှုံးပွဲကြုံတွေ့ပြီး ထိပ်ဆုံးနေရာမှ ဖယ်ပေးခဲ့ရသည်။ ရန်ကုန်အသင်းသည် ယခုပွဲတွင် ပုံစံကောင်းပြသနိုင်ခြင်းမရှိဘဲ ကစားသမားများ၏ တစ်ဦးချင်း စွမ်းဆောင်ရည်၊ အဆုံးသတ်အားနည်းခဲ့၍ နိုင်ပွဲနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ ရောဝတီအသင်းမှာမူ ရန်ကုန်အသင်းကို အဝေးကွင်းတွင် နှစ်ရာသီဆက်တိုက် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် ပွဲပယ်ခံထားရသည့် ကျော်ဇင်ထက်(**ဂိုး**)နှင့် မင်းကျော်ခန့်တို့မှလွဲ၍ လူစုံအသုံးပြုခဲ့ပြီး ရောဝတီအသင်းမှာမူ ဒဏ်ရာရကစားသမားအချို့ရှိနေသောကြောင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားသလို ရောဝတီအသင်းကလည်း အဝေးကွင်း၌ ရလဒ်ကောင်းရန် ခပ်မာမာတုံ့ပြန်ကစားခဲ့သည်။ ရန်ကုန်အသင်းသည် မိနစ် ၃၀ အတွင်း ဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။ ရောဝတီအသင်းသည် နိုင်ငံခြားသားတိုက်စစ်မှူးနှစ်ဦးဖြစ်သည့် ဆာဆက်နှင့် မာတူနာတို့၏ တိုးအားဖြင့် အဓိကထိုးဖောက်ခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် ပယ်နယ်တီကန်ခွင့်ရခဲ့ကာ နောက်ခံလူ ဇော်လင်းက အနိုင်ဂိုးအဖြစ် သွင်းယူခဲ့သည်။ ရန်ကုန်အသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးရရန် ကြိုးစားသော်လည်း အဓိကတိုက်စစ်မှူး ဆယ်လာ ခြေစွမ်းမပြနိုင်ဘဲ လူစားလဲခဲ့ရသည်အထိ ဖြစ်ခဲ့ရသည်။ ရန်ကုန်အသင်းတိုက်စစ်ကိုလည်း ရောဝတီနောက်တန်းက အမှားအယွင်းမရှိ ထိန်းချုပ်ကာ အနိုင်ရလဒ်ရယူခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၃*

